မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၃၅၉)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်

၂၀၁၂ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်၊ တနင်္ဂနွေနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ဘယ်လ်ဂျီယံနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် စက်တင်ဘာ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ဘယ်လ်ဂျီယံနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ ယနေ့ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ကြည့်ရှုလေ့လာမည်

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြပြီး ဒုတိယသမ္မတနှင့်အဖွဲ့သည် ဘယ်လ်ဂျီယံနိုင်ငံသို့ ရောက်ရှိစဉ် ဖလန်းဒါးစ်ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် အမျိုးသား ရေနှင့်စွန့်ပစ်ပစ္စည်းဆိုင်ရာစီမံခန့်ခွဲမှုနှင့် မြစ်ဝှမ်းဒေသ ထိန်းသိမ်းမှုအစီအစဉ်၊ အန်းဝါ့သ်ဆိပ်ကမ်းမြို့ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စီမံကိန်းများကို သွားရောက်ကြည့်ရှုလေ့လာမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ဘယ်လ်ဂျီယံနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

ယနေ့ မာတိကာ

ရောင်းစားရန်ပြန်ပေးဆွဲထားသော ကလေးများနှင့် မိန်းမများ တရုတ်ရဲတပ်ဖွဲ့ ကယ်တင်၊ လူဆိုးဂိုဏ်းသား ၃၀၁ ဦးကိုဖမ်းဆီး

စာမျက်နှာ-၄

ရေးတော့အမှန် ဖတ်တော့အသံ (၃)

ဆောင်းပါး စာမျက်နှာ-၆

ဒဗလျူတီအေ ချန်ပီယံဆု ဆီရီနာဝီလျံ ဆွတ်ခူး

စာမျက်နှာ-၁၄

နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် ငြိမ်းချမ်းရေးဖော်ဆောင်နေမှုများအတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က မြန်မာနိုင်ငံအား ချီးကျူးဂုဏ်ပြု

စာမျက်နှာ-၅

သတင်း-ကိုကြီးတင်
ဓာတ်ပုံ-မြင့်အောင်(စက်မှုဆေးဝါး)

မြို့တော်တစ်ခွင် ဆီးဂိမ်းအမီ လမ်းညွှန်ဆိုင်းဘုတ်များတပ်ဆင်မည်

ရန်ကုန်မြို့လယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်ဆူးလေဘုရားလမ်းဆုံရှိ လမ်းညွှန်ဆိုင်းဘုတ်ကို တွေ့ရစဉ်။

မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကျင်းပရန် ရက်မှာ တဖြည်းဖြည်းနှင့်နီးကပ်လာပြီဖြစ်သည်။ နေပြည်တော်တွင် အားကစားနည်း ၂၅ မျိုး၊ ရန်ကုန်မြို့တွင် အားကစားနည်းခုနစ်မျိုး၊ ပုသိမ်မြို့(ငွေဆောင်)တွင် အားကစားနည်းတစ်မျိုး(ရွက်လှေပြိုင်ပွဲ)၊ မန္တလေးမြို့တွင် အားကစားနည်းတစ်မျိုး(အမျိုးသမီးဘောလုံးပြိုင်ပွဲ)ဖြင့် ကျင်းပနိုင်ရန်အတွက် အားကစားဝန်ကြီးဌာနကဦးဆောင်ကာ ပြင်ဆင်မှုများ ပြုလုပ်နေသည်။ ရာနှုန်းပြည့်နီးပါးမျှ ပြီးစီးနေသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။

ရန်ကုန်မြို့တွင်ကျင်းပမည့် အားကစားနည်း ခုနစ်မျိုးမှာ သုဝဏ္ဏအားကစားကွင်း၌ အမျိုးသားဘောလုံးပြိုင်ပွဲ၊ သိမ်ဖြူကွင်း၌ ဟော်ကီပြိုင်ပွဲ၊ သိမ်ဖြူအားကစားရုံ၌ အလေးမပြိုင်ပွဲ၊ အင်းစိန် MCC ခန်းမ၌ ကာယကြံ့ခိုင်မှုပြိုင်ပွဲ၊ အမျိုးသားအားကစားရုံ(၁)၌ နပန်းပြိုင်ပွဲ၊ ကမ်ပိုပြိုင်ပွဲ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၌ သေနတ်ပစ်ပြိုင်ပွဲတို့ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုအခါ အားကစားနှင့်ဆက်နွယ်၍ နိုင်ငံခြားဧည့်သည်များ ရန်ကုန်မြို့ကြီးသို့ ရောက်လာကြတော့မည်ဖြစ်သည်။ အခါအခွင့်သင့်သည်ဖြစ်၍ရန်ကုန်မြို့တော်တစ်ခွင်သို့ လည်ပတ်လေ့လာကြတော့မည်မှာ မလွဲဧကန်ဖြစ်သည်။

သို့ကြောင့် ရန်ကုန်မြို့ကြီး သာယာလှပ၊ စည်းကမ်းရှိစေရေးအတွက် အဓိက တာဝန်ယူဆောင်ရွက်နေသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအောက်ရှိ ဌာနအသီးသီးတို့သည်လည်း ပြုပြင် ပြင်ဆင် မွမ်းမံမှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နေကြသည်ကိုလည်း ခရီးသွားရင်း တွေ့မြင်နေရသည်။

ယခုဆိုလျှင် လမ်းတံတားဌာနအနေဖြင့် ဧည့်သည်များသွားလာမှုအဆင်ပြေချောမွေ့စေရန်အတွက် ယာဉ်သွားလာမှုများပြားသည့် လမ်းဆုံလမ်းခွနှင့်လိုအပ်သောနေရာတို့၌ လမ်းညွှန်ဆိုင်းဘုတ်၊ သတိပေးဆိုင်းဘုတ်၊ အန္တရာယ်ပြဆိုင်းဘုတ် *စာမျက်နှာ ၈ ကော်လံ ၁*

မြန်မာနိုင်ငံရဲ့ အကောင်းဆုံးထဲက တစ်ခု

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

နှလုံးကျန်းမာတစ်ဘဝစာ ကာကွယ်ထိန်းသိမ်းဆောင်ရွက်ပါ

ယနေ့ခေတ် ဖြစ်ပွားနေသော ရောဂါအများစုမှာ နှလုံးရောဂါ၊ သွေးတိုးရောဂါနှင့် လေဖြတ်ခြင်းရောဂါတို့ပင်ဖြစ်သည်။ ဤရောဂါများအားလုံးသည် နှလုံးနှင့် တိုက်ရိုက်ဆက်စပ်နေသည်ကို တွေ့ရသည်။ နှလုံးကျန်းမာရေး ထိခိုက်လာသည်နှင့်အမျှ ရောဂါများဆက်စပ်ဖြစ်ပွားလေ့ရှိပါသည်။ နှလုံးသွေးကြောကျဉ်းခြင်း၊ ရုတ်တရက် နှလုံးဖောက်ပြန်ခြင်းတို့မှာလည်း နှလုံးကိုအခြေခံ၍ ဖြစ်ပွားသော ရောဂါများပင်ဖြစ်သည်။

သွေးတိုးရောဂါသည် ကမ္ဘာပေါ်တွင် အဖြစ်အများဆုံး ရောဂါဖြစ်ပြီး အသံတိတ်လက်နက်ဟု ဆိုရလောက်အောင် လူတို့၏ကျန်းမာရေးကို ခြိမ်းခြောက်လျက်ရှိသည်။ ရုတ်တရက် နှလုံးဖောက်ပြန်ခြင်းကြောင့် နှစ်စဉ်သေဆုံးရသူ ကမ္ဘာပေါ်တွင် အများအပြားပင်ရှိသည်။ သွေးတိုး၊ လေငန်း၊ ဆီးချို၊ သွေးချို အစရှိသော နှလုံးနှင့်ဆက်စပ်သည့် ရောဂါများကြောင့် သေဆုံးရသူများသည်လည်း လွန်စွာများပြားလှသည်။

ဤရောဂါများ ဖြစ်ပွားမှုနှုန်းတိုးလာရခြင်းသည်ကား အခြားမဟုတ်။ လူတို့၏ နေထိုင်စားသောက်မှုပုံစံ ပြောင်းလာခြင်းကြောင့်ပင်ဖြစ်သည်။ နေ့စဉ်လေ့ကျင့်ခန်းလုပ်ချိန်များ လျော့ပါးလာခြင်း၊ အဆီ၊ အဆိမ့်ပါသော အစားအသောက်များ စားသောက်မှု များပြားလာခြင်းနှင့် အရက်၊ ဆေးလိပ်တို့ကို အလွန်အကျွံသုံးစွဲလာခြင်းတို့သည် ရောဂါဖြစ်ပွားမှုနှုန်းကို တိုးပွားလာအောင် တွန်းပို့လိုက်သည်။ အဓိကအကြောင်းအရင်းမှာ Key Factors ပင်ဖြစ်သည်။

ထို့ကြောင့် ပြည်သူများ နှလုံးရောဂါနှင့်ပတ်သက်၍ သတိပြုမိစေရန် ရည်ရွယ်လျက် စက်တင်ဘာ ၂၉ ရက်နေ့ကို World Heart Day အဖြစ် သတ်မှတ်ထားသည်။ ယခုနှစ် ဆောင်ပုဒ်မှာ နှလုံးကျန်းမာတစ်ဘဝစာ ကာကွယ်ထိန်းသိမ်းဆောင်ရွက်ပါ (Take the road to a healthy heart) ဟူ၍ ဖြစ်သည်။ လူတိုင်း နှလုံးရောဂါမဖြစ်ပွားရလေအောင် သတိပြုနေထိုင်စားသောက်ကြရန် အသိပေးထားခြင်းပင်ဖြစ်သည်။

မှန်ပါသည်။ ဤရောဂါသည် အနေအထိုင်၊ အစားအသောက် ဆင်ခြင်သွားမည်ဆိုပါက ရောဂါမဖြစ်နိုင်ပါ။ နေ့စဉ်လေ့ကျင့်ခန်း တစ်ခုခု နာရီဝက်ခန့်ပြုလုပ်ခြင်း၊ အဆီအဆိမ့်၊ ကယ်လိုရီအလွန်များလွန်းသော အစားအစာများ လျှော့ချစားသုံးခြင်း၊ အချိုနှင့်အငန်ကိုလျှော့စားခြင်း၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ ပိုမိုစားသုံးခြင်း၊ အရက်နှင့် ဆေးလိပ်တို့ကို ရှောင်ကြဉ်ခြင်းတို့ဖြင့် ဤရောဂါဆိုးမှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။

နှလုံးရောဂါသည် အသက်ကြီးငယ်မဟူ ဖြစ်ပွားတတ်ပါသည်။ ရောဂါမျိုးရိုးရှိသူများသည် ငယ်စဉ်ကတည်းက နှလုံးရောဂါကို ဂရုပြုဖို့လိုပါသည်။ ရောဂါမျိုးရိုးမရှိသော်လည်း အသက် ၄၀ ကျော်သူတိုင်းသည် နှလုံးရောဂါကို သတိပြုစစ်ဆေးဖို့ လိုပါသည်။ ကာကွယ်ခြင်းသည် ကုသခြင်းထက်ပို၍ ထိရောက်သည် ဆိုသည့်စကားအတိုင်း ရောဂါမဖြစ်မီ ကာကွယ်ခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ တစ်နည်းအားဖြင့် အနေအထိုင်၊ အစားအသောက် သတိပြုဆင်ခြင်ကြမည်ဆိုလျှင် ဤရောဂါဆိုးမှ ကင်းဝေးနိုင်ကြမည် ဖြစ်ပေကြောင်း။ ။

ပြည်တွင်းသတင်း

၂၀၁၃ ခုနှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၈

ကမ္ဘာနှင့်အဝန်း နှစ်စဉ်ကျင်းပလေ့ရှိသည့် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ (World Maritime Day-2013) အခမ်းအနားကို စက်တင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ Asia World ဆိပ်ကမ်းခန်းမဆောင်၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် **(ယာပုံ)** က သင်္ဘောလုပ်ငန်း အဖွဲ့အစည်းများမှာ ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်ဖွံ့ဖြိုးရေးအတွက် လွန်ခဲ့သောနှစ်များစွာကပင် IMO မှချမှတ်ထားသော စည်းမျဉ်းဥပဒေများနှင့်အညီ သင်္ဘောများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု ဖြစ်ပေါ်စေခြင်းကို တားဆီးခြင်း၊ လျှော့ချခြင်း၊ ကွပ်ကဲခြင်းများ ဆောင်ရွက်နိုင်ခဲ့မှုများ၏ အကျိုးကျေးဇူးအဖြစ်

ကောင်းမွန်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စွမ်းအင်ကို ထိရောက်စွာ အသုံးချရေး နည်းလမ်းများဖြင့် ပို့ဆောင်ရေးကဏ္ဍ၌ ရပ်တည်နိုင်ပြီဖြစ်ကြောင်း၊ သင်္ဘောလုပ်ငန်း၏ အခြေခံအရေးကြီးသော ပတ်ဝန်းကျင်ရေးရာ၊ စွမ်းအင်ရေးရာ၊ အန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးရာများကို အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများက ထိန်းသိမ်းအာမခံပေးသင့်တယ်ဟု မျှော်လင့်ကြောင်း၊ ရေကြောင်း ပို့ဆောင်ရေးဆိုင်ရာ လေ့ကျင့် သင်ကြားပေးမှု၏ ထိရောက်ခြင်း၊ နည်းပညာ သစ်ဆန်းခြင်းများသည်လည်း ရေကြောင်းပို့ဆောင်ရေးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတွင် အတွင်းကျကျပါဝင်သည်ကို အသိအမှတ်ပြုကြောင်း၊ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် အဓိကပါဝင်မှုသည် အရေးကြီးပါကြောင်း၊ ကမ္ဘာ့အဆင့်အတန်းမီ ရေကြောင်းပို့ဆောင်ရေး၊ အန္တရာယ်ကင်းရှင်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရေကြောင်းပို့ဆောင်မှု ချောမွေ့လွယ်ကူရေးတို့သည် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်၏ ဉာဏ်အမြော်အမြင်နှင့် ဆောင်ရွက်ခြင်းဖြင့် ရေကြောင်းပို့ဆောင်ရေး ရေရှည်ဖွံ့ဖြိုးတိုးတက်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် (IMO) အတွင်းရေးမှူးချုပ် Mr. Koji Sekimizu ၏ သဝဏ်လွှာကို ဖတ်ကြားသည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်ဖြစ်စဉ်နှင့် လှုပ်ရှားမှုမှတ်တမ်းများကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထင်သာမြင်သာ ပြုပြင်စရာ

အမြင်မလှတော့သည့် လွယ်ဂျယ်ဈေး

ကချင်ပြည်နယ် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့ရှိ နယ်စပ်ဈေးဖြစ်သည့် လွယ်ဂျယ်ဈေးကြီးမှာ ပုံတွင်မြင်တွေ့ရသည့်အတိုင်း ဈေးအင်္ဂါရပ်နှင့်မညီ အဆောက်အအုံမုခ်ဦးများ ပျက်စီးနေပြီး ဈေးကြီးအတွင်းမှာလည်း သပ်ရပ်မှုမရှိတော့သည့်အတွက် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက် သာယာလှပရေးအတွက် ဈေးကြီးကို ပြုပြင်ပေးရန် ဒေသခံများက တောင်းဆိုနေကြပြီဖြစ်သည်။

လဘန်အောင်(ကချင်မြေ)

ပျဉ်းမနားမှ တောင်တွင်းကြီးသွား အမှတ် (၁၀၃) အဆန်ရထား မိုးရွာသွန်းမှုကြောင့် လမ်းရေတိုက်စား၍ ခေတ္တရပ်နား

တောင်တွင်းကြီး စက်တင်ဘာ ၂၈

ပျဉ်းမနားမှ တောင်တွင်းကြီးမြို့သို့ စက်တင်ဘာ ၂၇ ရက် ညနေ ၃ နာရီက ထွက်ခွာလာသော အမှတ် (၁၀၃)အဆန် လော်ကယ်ရထားသည် ခရီးသည် ၈၁ ဦး လိုက်ပါကာ ည ၁၁ နာရီခွဲတွင် တောင်တွင်းကြီး မြို့နယ် ကုက္ကိုကုန်းဘူတာသို့ ဆိုက်ရောက်ပြီး ကုက္ကိုကုန်းဘူတာမှ ည ၁၁ နာရီ ၃၅ မိနစ်ခန့်က ဆက်လက်ထွက်ခွာလာရာ တောင်လျှောင်းဘူတာအနီး မိုင်တိုင်အမှတ် ၂၇၇/၉ နှင့် ၂၇၇/၁၀ ကြားရှိ ရထားသံလမ်း တံတားအမှတ် ၂၁၉ ကွန်ကရစ်တံတား အောက်ခြေနံရံ မြေသား ပေ ၂၀ခန့် ရေတိုက်စားပြီး မြေကျွံနေ၍ ရထားမှာရှေ့သို့ ဆက်လက်မထွက်ခွာနိုင်ဘဲ စက်တင်ဘာ ၂၈ ရက် နံနက် ၆ နာရီတွင် ကုက္ကိုကုန်းဘူတာသို့ ပြန်လည်ဆုတ်ခွာပြီး ၄င်းဘူတာတွင် ခေတ္တရပ်နားခဲ့ရသည်။

ပြုပြင်

အဆိုပါ လမ်းတံတားပျက်စီးမှုကို နံနက် ၆ နာရီခွဲတွင် မြန်မာ့မီးရထား တိုင်းအမှတ်(၁၁)ပုဂံမှ AE ဦးတင့်လွင်ထွန်း ဦးစီးအဖွဲ့ရောက်ရှိပြီး ပြုပြင်လျက်ရှိကြောင်း သိရသည်။

ဆောင်ရွက်

အဆိုပါ ပျက်စီးမှုနေရာသို့ ကုက္ကိုကုန်းရဲစခန်းမှ နယ်ထိန်းတာဝန်ခံ ဒုရဲအုပ်သိန်းတန်ဦးစီးသော ရဲတပ်ဖွဲ့ဝင်များက မြန်မာ့မီးရထား ရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ ခရီးသည်များ၏ လုံခြုံရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဟသ်ာ

GIVE YOUR CHILD AN EDUCATION THAT THEY CAN RELY ON
FOR THE REST OF THEIR LIVES

- Pre-School
- Primary
- Secondary
- IGCSE/'A' level
- Sat-Sun 'WISE' Classes

"Fit Brains Gain More"
BRAINWORKS
K-12 INTEGRATED SCHOOL
An ISO 9001:2008 and 14001:2004 Certified Institution

Kamayut 524599 501976 514267
Sanchaung 526456 0973143280
Pazundaung 293754 296552 299124
New University Avenue 551521 551951 553896
Lanmadaw 224426 224701
Parami 660655 0973107376
Taunggyi 094 937 8436 081-2122680
Latha 251228 250054
Tamwe 401593 - 4
41st Street 376022 376010
Thingangyun 8551360 - 3

ပြည်တွင်းသတင်း

ပြည်ထောင်စုလွှတ်တော် နာယက သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ၌ ကျင်းပခဲ့သည့် (၃၄) ကြိမ်မြောက် အာဆီယံ ပါလီမန်များ၏ အထွေထွေညီလာခံ တက်ရောက်ကာ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံများသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ တာဝန်ရှိသူများ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

❄ ကျောဖုံးမှ

ပြည်ထောင်စုလွှတ်တော်နာယက ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၆ ရက် ညနေပိုင်းတွင် မလေးရှားနိုင်ငံ Palm Oil Research Institute(PORIM)သို့ သွားရောက်ကြည့်ရှုလေ့လာရာ PORIM မှ တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့ဝင်များသည် ၁၆း၃၀ အချိန်တွင် Sime Darby Plantation သို့ သွားရောက်လေ့လာခဲ့ရာ Sime Darby မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့သည်။

ရှင်းလင်းပြသ

စက်တင်ဘာ ၂၇ ရက် နံနက် ၁၁ နာရီတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ PETRONAS TWIN TOWERS သို့ရောက်ရှိပြီး တာဝန်ရှိသူများက TWIN TOWERS နှင့်ပတ်သက်၍ လိုက်လံရှင်းလင်းပြသခဲ့ကြသည်။

ယင်းနောက် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသံရုံး၌ သံအမတ်ကြီးနှင့်သံရုံးမိသားစုများအား တွေ့ဆုံနှုတ်ဆက်သည်။ ထို့နောက် မြန်မာသံရုံးဝင်းအတွင်း ပြည်ပရောက်မြန်မာနိုင်ငံသားများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မလေးရှားနိုင်ငံ ရော်ဘာလုပ်ငန်းသုတေသနဌာန (Rubber Institute of Malaysia)သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှ ယနေ့မွန်းလွဲပိုင်းတွင် ပြန်လည်ထွက်ခွာပြီး မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကော်မတီတို့မှ ဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ သံအမတ်ကြီးများ၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ သံရုံး သံရုံးယာယီတာဝန်ခံတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ပြည်ထောင်စုလွှတ်တော် နာယကနှင့်အတူ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ဝင်များ ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲကြီးအတွက် မူဘောင်ရေးဆွဲရေး နိုဝင်ဘာ သို့မဟုတ် ဒီဇင်ဘာလတွင် ဆောင်ရွက်ရန်ရည်မှန်းချက်ထား

နေပြည်တော် စက်တင်ဘာ ၂၈

မွန်အမျိုးသား ကွန်ဖရင့်(Mon National Conference)ကို ယနေ့ နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာ **(ယာပုံ)**ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဦးအုန်းမြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့် ပြည်နယ်ဝန်ကြီးများ၊ နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ နိုင်ထောမွန်က အဖွင့်အမှာစကားပြောကြားရာတွင် မွန်ပြည်နယ်ငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပြောကြားရာတွင် ယနေ့အထိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၄ ဖွဲ့နှင့် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် သဘောတူစာချုပ်ပေါင်း ၃၇ ခု ချုပ်ဆိုနိုင်ခဲ့ပါကြောင်း၊ အဖွဲ့အချို့နှင့်ဆက်လက်ဆွေးနွေးနေဆဲဖြစ်ပါကြောင်း၊ အောက်တိုဘာလ ပထမပတ်အကုန်ခန့်တွင် ကေအိုင်အိုအဖွဲ့နှင့် ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲကို မြစ်ကြီးနားမြို့၌ ကျင်းပရန် မူအားဖြင့် နှစ်ဖက်သဘောတူထားပြီးဖြစ်ပါကြောင်း။

လက်ခံထား

နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် အပြန်အလှန်စေ့စပ်ဆွေးနွေးပြီး ဆက်တိုက်လုပ်ဆောင်နေရသည့် လုပ်ငန်းစဉ်တစ်ခုအဖြစ် လက်ခံထားပါကြောင်း၊ မိမိတို့အနေဖြင့် အပစ်အခတ်ရပ်စဲရေးရရှိရန် ကြိုးစားဆောင်ရွက်နေခြင်းသည် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ရပ်သာဖြစ်ပြီး နိုင်ငံရေးဆွေးနွေးမှုများ လုပ်ဆောင်နိုင်မှသာ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်ဆိုသည့် အချက်ကို လက်ခံထားပါကြောင်း။

ယခုငြိမ်းချမ်းရေးကြိုးစားမှုခရီးစဉ် နှစ်နှစ်ကျော်ကာလတွင် ပဋိပက္ခတချို့ ရှိနေဆဲဖြစ်သော်လည်း အခြေခံကောင်းတချို့ ရရှိလာပြီဖြစ်သည့်အတွက် နောက်တစ်ဆင့်ဖြစ်သည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲကြီး (National Dialogue)ကို သွားနိုင်ရန် စတင်ပြင်ဆင်နေသည့် အခြေအနေကို ရောက်ရှိနေပြီဖြစ်ပါကြောင်း။

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု (Nation Wide Ceasefire Agreement) ဆောင်ရွက်လျှင် အဖွဲ့ ၁၆ ဖွဲ့လုံးကို ဖိတ်ကြားမည်ဖြစ်ပြီး မည်သည့်အဖွဲ့ကိုမျှ ခွဲခြားခြင်း၊ ချန်ထားခြင်း ပြုလုပ်မည် မဟုတ်ပါကြောင်း၊ ယင်းကို ၂၀၁၃ ခုနှစ် အောက်တိုဘာလကုန်ခန့်တွင် ပြုလုပ်ရန်ပြင်ဆင်လျက်ရှိပါကြောင်း။

တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိသည်နှင့် နိုင်ငံရေးဆွေးနွေးမှုအဆင့်ကို တက်လှမ်းမည်ဖြစ်ပြီး ကြားကာလတွင် Political Dialogue Framework ဟုခေါ်သည့် နိုင်ငံရေးဆွေးနွေးမှုအတွက် လိုအပ်သော မူဘောင်များကို တိုင်းရင်းသားအဖွဲ့အစည်းများနှင့် အကျေအလည်ညှိနှိုင်းရေးဆွဲသွားမည်ဖြစ်ပါကြောင်း။

နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲကြီး အတွက် မူဘောင်ရေးဆွဲရေးကို နိုဝင်ဘာ သို့မဟုတ် ဒီဇင်ဘာလတွင် ဆောင်ရွက်ရန် ရည်မှန်းချက်ထား ပြင်ဆင်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ လွှတ်တော်၊ တိုင်းရင်းသားများ၊ အပစ်အခတ်ရပ်စဲထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် ညှိနှိုင်းရေးဆွဲနိုင်ရန် ရည်ရွယ်ထားပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ် ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုများကို ပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် မွန်အမျိုးသား ကွန်ဖရင့်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာမင်းကြည်ဝင်းက ကွန်ဖရင့်၏ ရည်ရွယ်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ နိုင်ငံရေးပါတီများနှင့် တက်ရောက်လာကြသူများသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း ဧရာဝတီတိုင်းဒေသကြီးရုံး (၄)နှစ်ပြည့်အထိမ်းအမှတ် မသန်စွမ်းသုံးအထောက်အကူပြုပစ္စည်းနှင့် ပညာသင်ထောက်ပံ့ငွေပေးအပ်

နေပြည်တော် စက်တင်ဘာ ၂၈

မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း ဧရာဝတီတိုင်းဒေသကြီးရုံး(၄)နှစ်ပြည့် အထိမ်းအမှတ် မသန်စွမ်းသုံး အထောက်အကူပြုပစ္စည်းနှင့် ပညာသင်ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားကို စက်တင်ဘာ ၂၇ ရက် နံနက် ၉ နာရီခွဲက ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းရဲ့ လုပ်ငန်းများသည် အသက်အရွယ် မရွေး လူ့အဖွဲ့အစည်းတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းများဖြစ်ခြင်း၊ ဧရာဝတီတိုင်းဒေသကြီး ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်သလို တိုင်းဒေသကြီးအသင်းအနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့်မသန်စွမ်းသူများ အလုပ်အကိုင်ရရှိရေးတို့ကို ရပ်ရွာနှင့် ပူးပေါင်းဆောင်ရွက်ပေးနေတာကိုလည်း အထူးကျေနပ်အားရမိပါကြောင်း၊ မသန်စွမ်းသူများ ပြန်လည် ထူထောင်ရေးအတွက် ဆောင်ရွက်နေသည့် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းများမှာလည်း သက်ဆိုင်ရာအစိုးရဌာနများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်း ပြောကြားပြီး မသန်စွမ်းကလေးများ ပညာသင်ထောက်ပံ့ကြေး တက္ကသိုလ်အဆင့် ၁၃ ဦးအတွက် ငွေကျပ် ၂၆၀၀၀၀၊ အထက်တန်းအဆင့် ၁၅ ဦးအတွက် ငွေကျပ် ၁၅၀၀၀၀၊ အလယ်တန်းအဆင့် ၄၂ ဦးအတွက် ငွေကျပ် ၃၁၅၀၀၀ နှင့် မူလတန်းအဆင့် ၈၉ ဦးအတွက် ငွေကျပ် ၁၁၀၀၀၀၀ တို့ကိုပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ခင်စောမူနှင့် အလှူရှင်များက မသန်စွမ်းသုံး အထောက်အကူပြု လေးဘီးဝှီးချဲနှစ်စီး၊ သုံးဘီးဝှီးချဲ တစ်စီး၊ ချိုင်းထောက်ငါးစုံ၊ လက်ထောက်နှစ်စုံနှင့် ဘယ်ညာဖဝါး ၁၀ လုံး၊ အလှူငွေကျပ် ၂၆၇၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့နယ်အဆင့်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းဖွင့်လှစ်

နေပြည်တော် စက်တင်ဘာ ၂၅

နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် UN-HABITATတို့ ပူးပေါင်း၍ မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းကို ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ စက်တင်ဘာ ၁၆ ရက်မှ ၂၁ ရက်အထိ ၆ ရက်ကြာ ဖွင့်လှစ်ခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ စုစုပေါင်းသင်တန်းသား ၃၀ တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းတွင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် ပတ်သက်သော ဘေးအန္တရာယ်ဆိုင်ရာ ဝေါဟာရများ၊ ဘေးအန္တရာယ်၏ သဘောတရားနှင့် အမျိုးအစားများ၊ ဘေးမဖြစ်မီ၊ ဘေးဖြစ်ပွားနေစဉ်နှင့် ဘေးဖြစ်ပြီးနောက် လုပ်ဆောင်ရန် အချက်များအား ဆွေးနွေးပို့ချခဲ့ပါကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၂) သင်တန်းဆင်း

ရန်ကုန် စက်တင်ဘာ ၂၈

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၂) သင်တန်းအမှတ်စဉ်(၃/၂၀၁၃) ဆင်းပွဲကို စက်တင်ဘာ ၂၇ ရက်နံနက် ၉ နာရီက ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှု သင်တန်းကျောင်း၌ ကျင်းပရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှအောင် တက်ရောက် အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းသို့ ရုံးချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၁)အဆင့်ရှိ သင်တန်းသား ၁၀၇ ဦးနှင့် သင်တန်းသူ ၃၆ ဦး စုစုပေါင်းအရာရှိ ၁၄၃ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်း

အငြင်းပွားကျွန်းများပတ်လည်တွင် ဂျပန်က ထောက်လှမ်းရေးပိုမိုတိုးချဲ့မည်

တိုကျို စက်တင်ဘာ ၂၈

ဂျပန်အရှေ့ပိုင်း ရေပိုင်နက် ပစိဖိတ်သမုဒ္ဒရာတွင် တရုတ်ရေတပ် စစ်သင်္ဘောများ ရှာဖွေထောက်လှမ်းတွေ့ရှိသဖြင့် ထောက်လှမ်းရေးလုပ်ငန်းစဉ်များ ပိုမိုတိုးချဲ့လုပ်ကိုင်ရန် လိုအပ်နေပြီဟု ဂျပန်နိုင်ငံကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့ကြောင်း ရိုက်တာသတင်းတွင် စက်တင်ဘာ ၂၇ ရက်က ဖော်ပြသည်။

အရှေ့တရုတ်ပင်လယ်ရှိ ကျွန်းစုများအရေး ပေကျင်းအစိုးရနှင့် ပိုင်နက်အငြင်းပွားနေရသည့် ဂျပန်အနေဖြင့် အရှေ့တရုတ်ပင်လယ်နှင့် ဂျပန်ပင်လယ်တို့တွင် ရေတပ်နှင့် ကမ်းခြေစောင့်တပ်များ မပြတ် သတိဝီရိယဖြင့် စောင့်ကြပ်နေရသည်။

တရုတ်အမည် ဆင်ကာကူ၊ ဂျပန်အမည်အားဖြင့် ဒိုင်အောယုကျွန်းများသည် လူမနေလင့်ကစား ရေနေငါးပေါကြွယ်ဝပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက် တည်ရှိနိုင်ခြေများသဖြင့် ဂျပန်က နိုင်ငံပိုင် ပြုပြီးနောက် နိုင်ငံရေးဇာတ်ခုံတွင် ပေကျင်းနှင့် တရုတ်တို့၏ ရေတပ်ယာဉ်များ ယင်းရေပြင်အတွင်း ကြောင်နှင့်ကြွက်လို စစ်ဆင်ရေးများ ပြုလုပ်နေကြသည်။

ဂျပန်ကာကွယ်ရေးဝန်ကြီး အီစူနိုရီအိုနိုဒီရာ၏ ယခုပြောကြားချက်သည် ဇူလိုင်လအတွင်း တရုတ်ရေယာဉ်များ ပစိဖိတ်သမုဒ္ဒရာကို ဖြတ်ကာ ဂျပန်အဓိကကျွန်းများကို ကင်းလှည့်ခဲ့သည်ကို ထောက်လှမ်းတွေ့ရှိရာမှ ထွက်ပေါ်လာခြင်းဖြစ်သည်။

"ဂျပန်နိုင်ငံဟာ ဆဋ္ဌမမြောက်ကမ္ဘာ့စီးပွားရေးအင်အားကြီး နိုင်ငံပါ။ ဒီကျွန်းရေပိုင်နက်အောက်ခြေမှာ ရေနံနဲ့ သဘာဝဓာတ်ငွေ့တွင်းမကဘူး ပလက်တီနမ်လို အဖိုးတန်သတ္တုတွေ၊ ရှားပါးသတ္တုနဲ့ ရှားပါးမြေအောက်ပစ္စည်းတွေ စသဖြင့် သဘာဝအရင်းအမြစ်များစွာရှိကြောင်း မကြာသေးခင်က တွေ့ရှိထားပါတယ်"ဟု အိုနိုဒီရာက ပြောကြားခဲ့သည်။ **(ရိုက်တာ)**

ရောင်းစားရန်ပြန်ပေးဆွဲထားသော ကလေးများနှင့်မိန်းမများ တရုတ်ရဲတပ်ဖွဲ့ ကယ်တင်၊ လူဆိုးဂိုဏ်းသား ၃၀၁ ဦးကိုဖမ်းဆီး

ပေကျင်း စက်တင်ဘာ ၂၈

တရုတ်နိုင်ငံတွင် ရောင်းစားရန်အတွက် လူဆိုးဂိုဏ်းတစ်ဂိုဏ်းက ပြန်ပေးဆွဲထားသောကလေး ၉၂ ဦးနှင့် အမျိုးသမီးနှစ်ဦးတို့ကို ရဲတပ်ဖွဲ့က ကယ်တင်နိုင်ပြီး သံသယရှိသူ ၃၀၁ ဦးကို ဖမ်းဆီးထားကြောင်း နိုင်ငံပိုင်သတင်းဌာနက စက်တင်ဘာ ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်ဟု ဆိုသည်။

နှစ်များစွာအတွင်း ယင်းသို့သော အမှုအခင်းတွင် အကြီးဆုံးဖြစ်သည့် ယခုပြန်ပေးဆွဲမှုကို ခြောက်လကြာ စုံစမ်းထောက်လှမ်းပြီးနောက် ပြည်နယ် ၁၁ ပြည်နယ်တွင် ရဲများ တစ်ပြိုင်နက် ဝင်စီးခြင်းဖြစ်ကြောင်း ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနကို ကိုးကားလျက် ဆင်ဟွာသတင်းက ဖော်ပြကြောင်း စက်တင်ဘာ ၂၈ ရက် ရိုက်တာသတင်းတွင် ရေးသားထားသည်။ ကလေးများ ကယ်တင်ခဲ့ခြင်းနှင့် ဂိုဏ်းဝင်လူဆိုးများ ဖမ်းဆီးနိုင်ခဲ့သည့် အရပ်ဒေသများကို နေရပ်အတိအကျမဖော်ပြသလို ပြန်ပေးဆွဲခံကလေးများတွင် ယောကျ်ားလေးနှင့် မိန်းကလေးဦးရေကို ခွဲခြားဖော်ပြခြင်းမပြုကြောင်း နိုင်ငံပိုင် မီဒီယာက ရေးသားသည်။

တရုတ်၌ အဓိကအားဖြင့် တောနယ်အရပ်များ၌ ဓလေ့ထုံးတမ်းအရ သားယောကျ်ားလေးများကို ဦးစားပေးပြီး တင်းကျပ်သည့် တစ်အိမ်ထောင် ကလေးတစ်ဦး ဥပဒေလည်းရှိရာ ကလေးနှင့် အမျိုးသမီးများ ပြန်ပေးဆွဲမှု ပြီးခဲ့သည့်ကာလများအတွင်း မြင့်တက်လာခဲ့သည်။ ယင်းစည်းကျပ်လွန်းသော ကလေးတစ်ဦး ဥပဒေပြဋ္ဌာန်းမှု အကျိုးဆက်ကြောင့် အမျိုးသား အမျိုးသမီး အချိုးမညီမျှဖြစ်ရာ သတို့သမီးလောင်း လိုအပ်ကြသော အမျိုးသားများထံရောင်းစားရန် အမျိုးသမီးများကို ပြန်ပေးဆွဲရောင်းချခြင်းများ တွင်ကျယ်လာသလို မွေးဖွားလာသည့်ကလေးငယ်ကို ရွေးချယ်ခြင်းများကြောင့်လည်း ကိုယ်ဝန်ဖျက်ချမှုများကို အားပေးအားမြှောက်ပြုရာ ရောက်နေသည်။

အစိုးရက ပြန်ပေးဆွဲခံကလေးဝယ်ယူကြသူများကို ကြီးလေးသော အပြစ်များပေးပြီး အရေးယူလာမည်ဖြစ်သည့်နည်းတူ ကလေးရောင်းစားသော မိဘများကိုလည်း ပြစ်ဒဏ်များခတ်လာလိမ့်မည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

(ရိုက်တာ)

အိမ်ထောင်ပြုရာတွင် ဓလေ့အရအကျပ်အတည်းတွေ့နေရသည့် နိုင်ဂျီးရီးယား အမျိုးသမီးများ စုဝေးချီတက်ကာ ဆန္ဒဖော်ထုတ်

ဂူဆော့ စက်တင်ဘာ ၂၈

အိမ်ထောင်သားမွေးမှု ပြုသည့်အရေးအရာတွင် နိုင်ဂျီးရီးယားနိုင်ငံသူ ၈၀၀၀ ချီတက်အကူအညီတောင်းဆိုထားမှုကို စဉ်းစားသုံးသပ်ရမည်ဖြစ်ကြောင်း ဇမ်ဖာရာပြည်နယ်အစိုးရက ပြောကြားကြောင်း စက်တင်ဘာ ၂၇ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အိမ်ထောင်ပြုခြင်း လင်ခန်းမယားခန်းဆိုင်ရာတွင် ရှားပါးသူများအတွက် မတတ်နိုင်ဘဲ အကျပ်အတည်းများဖြစ်ရသဖြင့် ဂူဆော့မြို့တစ်လျှောက် စုဝေးချီတက်ကာ အမျိုးသမီးအုပ်စုသည် ဒေသဆိုင်ရာ ရဲဌာနကို ၎င်းတို့၏ အခက်အခဲများကို တင်ပြခဲ့ကြကြောင်း သတင်းအရ သိရသည်။

နိုင်ဂျီးရီးယားတွင် လင်ယူသားမွေး တစ်အိုးတစ်အိမ်ထူထောင်ရန်အတွက် ဓလေ့ထုံးတမ်းအရ အမျိုးသမီးများသည် ခန်းဝင်ပစ္စည်းများတင်တောင်းရန်လိုသော်လည်း တချို့အိမ်ထောင်ဖက်ရှာသူ အမျိုးသမီးများအတွက် ကြေးကြီးမြင့်လွန်းသဖြင့် မနိုင်အင်ကာဖြစ်ရကာ အကျပ်အတည်းများ ရှိနေသည်။

"လင်သားမရှိဘဲနဲ့ တစ်နေ့ကို နှစ်နပ်စားနိုင်ဖို့ကို ကျွန်မတို့အမျိုးသမီးအများစုမှာ မတတ်နိုင်ကြရှာဘူး"ဟု စက်တင်ဘာ ၂၆ ရက် ချီတက်ပွဲမှအမျိုးသမီးများကို ကိုးကား၍ ပရီမီယမ်တိုင်းမ်သတင်းက ဖော်ပြသည်။

နိုင်ဂျီးရီးယားတွင် မုဆိုးမများ လက်မထပ်ခင်တွင် လက်ထပ်နိုင်ဖို့အရေး ဓလေ့ထုံးတမ်းအရ ငွေကြေးများစွာ ရှိဖို့လိုကြောင်း၊ ထို့အတွက်ကြောင့်ပင် စုဝေးချီတက်ကာ အစိုးရ၏ ယင်းအရေးကို ဂရုစိုက်ဖြေရှင်းမှုရရန် လုပ်ဆောင်ခြင်းဖြစ်ကြောင်း ဇမ်ဖာရာပြည်နယ်အစိုးရ ဒေသရေးရာကော်မရှင်နာမင်းကြီး အဗ္ဗဒူလာဟီမူဟာမတ်က ဘီဘီစီသို့ ပြောကြားသည်။

(ဘီဘီစီ)

ပါကစ္စတန်ငလျင်မှ သေဆုံးသူဦးရေ ၅၀၀ ကျော်လာ

ကရာချိ စက်တင်ဘာ ၂၈

ပါကစ္စတန်နိုင်ငံအနောက်တောင်ပိုင်း၌ မကြာသေးသောရက်က လှုပ်သွားခဲ့သော အားပြင်းငလျင်ကြောင့် သေဆုံးသူဦးရေမှာ ၅၁၅ ဦး ရှိသွားပြီဖြစ်ကြောင်း အာဏာပိုင်များက စက်တင်ဘာ ၂၇ ရက်တွင် ပြောကြားခဲ့သည်။ အဆိုပါ သေဆုံးသူ ၅၀၀ ကျော်အပြင် အခြား ၆၀၀ ကျော်လည်း ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ နယူးယောက်မြို့ရောက် ကုလသမဂ္ဂအထွေထွေညီလာခံ တက်ရောက်နေသော ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်ရှရစ်က အဆိုပါ ငလျင်နှင့်ပတ်သက်ပြီး ဒေသအစိုးရဌာနများနှင့် ပြည်သူများထံမှ အလှူငွေကောက်ခံကာ ထောက်ပံ့ရေးရန်ပုံငွေတစ်ရပ် တည်ထောင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(အင်န်အိတ်ချ်ကေ)

ဆီးရီးယားအရေးဆုံးဖြတ်ချက် လုံခြုံရေးကောင်စီ တညီတညွတ်တည်းထောက်ခံ

ဝါရှင်တန် စက်တင်ဘာ ၂၈

ဆီးရီးယား ဓာတုလက်နက်များဖယ်ရှားရေးတွင် ဥပဒေကြောင်းအရ လိုက်နာဆောင်ရွက်ရမည့် ဆုံးဖြတ်ချက်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက တညီတညွတ်တည်း ထောက်ခံအတည်ပြုကြောင်း ဘီဘီစီသတင်းတွင် စက် တင်ဘာ ၂၈ ရက်က ဖော်ပြသည်။

ရုရှားနှင့် အမေရိကန်နှစ်နိုင်ငံ၏ အစောပိုင်းသဘောတူညီမှု မူကြမ်းကို လုံခြုံရေးကောင်စီ ၁၅ နိုင်ငံက နယူးယောက်မြို့ အစည်းအဝေးတစ်ရပ်တွင် ထောက်ခံလိုက်ခြင်းဖြစ်သည်။

အစိုးရနှင့် သူပုန်အုပ်စုများကြား ပြည်တွင်းစစ်ဖြစ်ပွားနေသော ဆီးရီးယားအရေးကို ကုလသမဂ္ဂကကိုင်တွယ်ဖြေရှင်းရာတွင် နှစ်နှစ်ခွဲကြာ မတိုးမဆုတ်သာရှိနေသည့်အခြေအနေကို အဆုံးသတ်လိုက်ခြင်းလည်း ဖြစ်သည်။

ဆီးရီးယား ဓာတုလက်နက်သိုက်အား ၂၀၁၄ နှစ်လယ်မတိုင်မီ ဖျက်ဆီးရန်စီမံကိန်းကို နိုင်ငံတကာ ဓာတုလက်နက် စောင့်ကြည့်ရေးအဖွဲ့ သဘောတူညီမှုရပြီးနောက် ယခု ကုလသမဂ္ဂ၏ ဆီးရီးယားအရေး ဆုံးဖြတ်ချက်ကို အဖွဲ့ဝင်နိုင်ငံများက တညီတညွတ်တည်း ဆန္ဒမဲပေးခဲ့ကြခြင်း ဖြစ်သည်။

သဘောတူဆန္ဒမဲ ရပြီးနောက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က သမိုင်းတွင်မည့်ဆုံးဖြတ်ချက်အဖြစ် ရည်ညွှန်းပြောကြားခဲ့သည်။ "ယနေ့ဟာ နိုင်ငံတကာဆက်ဆံရေး ကူးလူးရှင်သန်လာခြင်းပဲ ဖြစ်ပါတယ်"ဟု ဘန်ကီမွန်းက ပြောကြားခဲ့ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည် ။

(ဘီဘီစီ)

နိုင်ရိုဘီဈေး တိုက်ခိုက်သူ ရှစ်ဦးဖမ်းထား

နိုင်ရိုဘီ စက်တင်ဘာ ၂၈

ကင်ညာတွင် လူပေါင်း ၆၇ ဦး သေဆုံးခဲ့သည့် အဆင့်မြင့်ဈေးကြီး တိုက်ခိုက်မှုနှင့်ပတ်သက်သူ ရှစ်ဦးကို အာဏာပိုင်များက ဆက်လက်ဖမ်းဆီးထားဆဲဖြစ်ပြီး အခြားသုံးဦးကို ပြန်လည်လွှတ်ပေးခဲ့ကြောင်း ရိုက်တာသတင်းတွင် စက်တင်ဘာ ၂၇ ရက်က ဖော်ပြသည်။

တိုက်ခိုက်မှုလက်သည် အစ္စလာမ့်စ်လက်နက်ကိုင် အဲလ်ရှာဘတ်အဖွဲ့က ပွဲဦးထွက်သင်ခန်းစာ (၁) ဖြစ်သည်ဟု ဆိုပြီး အခြားတိုက်ခိုက်မှုများ ကျရောက်လာလိမ့်ဦးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(ရိုက်တာ)**

ပဲရစ်သွား လေယာဉ်ပေါ်မှ ကိုကင်းမှောင်ခိုကူး ၂၂ဦး ဗင်နီဇွဲလားဖမ်းဆီး

ကရာကတ် စက်တင်ဘာ ၂၈

ဗင်နီဇွဲလားနိုင်ငံ ကရာကတ်မြို့မှ ပဲရစ်သို့ထွက်ခွာမည့် ပြင်သစ်လေကြောင်းလိုင်း လေယာဉ်တစ်စင်းပေါ်တွင် ကိုကင်းများစွာ မှောင်ခိုကူးမှုနှင့်ဆက်နွယ်သူ ၂၂ ဦးကို ဖမ်းဆီးထားသည်ဟု ဗင်နီဇွဲလားနိုင်ငံ အာဏာပိုင်များက ပြောကြားကြောင်း စက်တင်ဘာ ၂၈ ရက် ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

၎င်းတို့ ၂၂ ဦးတွင် အမျိုးသားအစောင့်တပ်ဖွဲ့မှ ရှစ်ဦး၊ ပြင်သစ်လေကြောင်းလိုင်းနှင့် လေဆိပ်ဝန်ထမ်းကိုးဦးပါဝင်ပြီး မူးယစ်ဆေးဝါးမှုဖြင့် ဖမ်းဆီးထိန်းသိမ်းထားသည်။ အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များကို ကရာကတ်လေဆိပ် ခရီးဆောင်အိတ် ၃၁ အိတ်ဖြင့် လေယာဉ်ပေါ်သို့ မှောင်ခိုသယ်ယူသည့်နေရာတွင် လုံခြုံရေးက စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ယခုလအစောပိုင်းက ပဲရစ်ချာလာဒီဂေါလေဆိပ်၌ ကိုကင်းတန်ချိန် ၁ ဒသမ ၃ တန် ဖမ်းဆီးရမိသည့် ကွင်းဆက်တရားခံများဟု ဆိုသည်။

အဆိုပါ ဖမ်းမိကိုကင်းများ၏ တန်ဖိုးသည် မှောင်ခိုပေါက်ဈေး အမေရိကန်ဒေါ်လာ သန်း ၂၇၀ ရှိသည်။

မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာ ကုလသမဂ္ဂရုံးမှ အဆိုပါ များပြားလှသော ကိုကင်းများသည် ဗင်နီဇွဲလားမှ ထုတ်လုပ်ခြင်းမဖြစ်နိုင်ကြောင်း၊ သို့သော် အမေရိကန်နှင့် ဥရောပသို့ တင်ပို့ရာတွင် ကိုလံဘီယာ၊ ပီရူးနှင့် ဘိုလီးဗီးယားတို့ဘက်မှ မှောင်ခိုတင်သွင်းရာ ကြားထောက်နိုင်ငံဖြစ်လာပြီဖြစ်ကြောင်း ဆိုသည်။ **(ဘီဘီစီ)**

ပြည်တွင်းနှင့်နိုင်ငံတကာသတင်း

နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့်ငြိမ်းချမ်းရေးဖော်ဆောင်နေမှုများအတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က မြန်မာနိုင်ငံအား ချီးကျူးဂုဏ်ပြု

နေပြည်တော် စက်တင်ဘာ ၂၈

မြန်မာနိုင်ငံ မိတ်ဆွေများအဖွဲ့ တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၆ ရက်တွင် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ကျင်းပရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် **(ယာပုံ)** မြန်မာ မိတ်ဆွေများအဖွဲ့မှ အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရှိရသည်။

တွေ့ဆုံပွဲတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဖော်ဆောင် အောင်မြင်မှုများနှင့်ပတ်သက်၍ ချီးကျူးပြောကြားခဲ့ကြောင်း သိရသည်။

၎င်းက ပြီးခဲ့သည့်နှစ်အနည်းငယ်အတွင်း မြန်မာနိုင်ငံ၏ ထူးခြားပြောင်မြောက်လှသော ပြုပြင်ပြောင်းလဲမှုများကို အသိအမှတ်ပြုပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်၏ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနှင့် ဈေးကွက်စီးပွားရေးစနစ်ကိုဦးတည်ဖော်ဆောင်နေမှုများအတွက် ကြိုဆိုပါကြောင်း။

မြန်မာနိုင်ငံသည် ပိုမိုပွင့်လင်းမြင်သာသည့် ဒီမိုကရေစီခရီးလမ်းကို ဆက်လက် ချီတက်လျက်ရှိကြောင်း၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် အားလုံးပါဝင်နိုင်မှုတို့ကို အာမခံနိုင်ပြီး ပြည်သူနှင့်အစိုးရ တစ်သားတည်းဖြစ်အောင်ဆောင်ရွက်ရာတွင် လျင်မြန်စွာ ကြီးထွားတိုးတက်လျက်ရှိသော အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ကဏ္ဍသည် ပို၍အရေးပါလျက်ရှိနေပါကြောင်း၊ လက်ရှိအစိုးရတာဝန်ထမ်းဆောင်ချိန်မှစတင်၍ လွတ်ငြိမ်းချမ်းသာခွင့် (၁၀)ကြိမ်ဆောင်ရွက်ပေးခဲ့ခြင်းနှင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နိုင်ငံရေးအကျဉ်းသားများ ယခုနှစ်ကုန်တွင် မကျန်ရှိရအောင် ဆောင်ရွက်မည်ဟု ကတိပေးခဲ့ခြင်းအပေါ် များစွာ ဝမ်းမြောက်မိပါကြောင်း။

နိုင်ငံတော်သမ္မတကြီးနှင့် လုပ်ဖော်ကိုင်ဖက်များသည် လူ့အဖွဲ့အစည်းများအကြား ယုံကြည်မှုနှင့်ညီညွတ်မှု တည်ဆောက်ရန်အတွက် အဓိကခြေလှမ်းများကို စတင်နေပြီဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ဒေသတွင်းမိတ်ဖက်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပိုမိုပွင့်လင်းထိရောက်စွာ အပြုသဘော ထိတွေ့ဆက်ဆံမှုများကိုလည်း ကြိုဆိုပါကြောင်း၊ ပဋိပက္ခ ဖြစ်ပွားခဲ့သောဒေသများတွင် ပြန်လည်တည်ဆောက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေမှုကို အသိအမှတ်ပြုပါကြောင်း။

ကုလသမဂ္ဂအဖွဲ့သည် မြန်မာနိုင်ငံအစိုးရနှင့် အဓိကသက်ဆိုင်သူများကို တိုးမြှင့်ကူညီပံ့ပိုးသွားရန် အသင့်ရှိပါကြောင်း၊ အရေးကြီးသောကိစ္စရပ်များဖြစ်သည့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကိစ္စ၊ တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေး၊ လူသားချင်းစာနာထောက်ထားသော အကူအညီများပေးရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ လာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ရေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အား ပြုပြင်ပြောင်းလဲရေး၊ တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များတွင် ပိုမိုကူညီပေးသွားရေးတို့အတွက်လည်း အသင့်ရှိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

၎င်းအစည်းအဝေးတွင် မြန်မာနိုင်ငံမိတ်ဆွေများအဖွဲ့အား မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေများကို ထင်ဟပ်နိုင်ရန်အတွက် မြန်မာနိုင်ငံ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးမှုနှင့်ဒီမိုကရေစီ မိတ်ဖက်အဖွဲ့ (Partnership Group for Peace, Development and Democracy in Myanmar) အဖြစ် အမည်ပြောင်းလဲ သတ်မှတ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဝနေထိုင်မှုပုံစံကြောင့်သက်ကြီးရွယ်အိုများတွင် ကျန်းမာရေးပြဿနာများဖြစ်ပေါ်

နေခြည်

တရုတ်နိုင်ငံ၏ သက်ကြီးရွယ်အိုများ၏ ထက်ဝက်ကျော်တို့သည် ကျန်းမာရေးပြဿနာများ ရှိနေပြီး ယင်းမှာ သူတို့၏ ဘဝနေထိုင်မှုပုံစံများကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်သည်ဟု ဆေးပညာကျွမ်းကျင် ပညာရှင်တို့က စက်တင်ဘာ ၂၆ ရက်က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ သက်ကြီးရွယ်အိုလူဦးရေမှာ အလျင်အမြန်တိုးပွားလာနေပြီး အသက် ၆၀ အထက် သက်ကြီးရွယ်အိုလူဦးရေသည် ၂၀၁၃ ခုနှစ်ကုန်တွင် ၂၀၂ သန်းထိရောက်ရှိမည်ဟု ခန့်မှန်းထားသည်။ ၎င်းအရေအတွက်ထဲ၌ အသက် ၈၀ ကျော် ဦးရေမှာ ၂၃ သန်း ပါဝင်မည်ဟု ဆိုသည်။ တရုတ်နိုင်ငံ၏ သက်ကြီးရွယ်အိုဦးရေ ၃၇ ဒသမ ၅ သန်း တစ်နည်းအားဖြင့် ၁၉ ရာခိုင်နှုန်းသော ဦးရေတို့သည် မသန်မစွမ်းဖြစ်မှုတို့ကြောင့် နေ့စဉ်ပြုစုစောင့်ရှောက်မှု လိုအပ်နိုင်သည်။

တရုတ်နိုင်ငံ၏ သက်ကြီးပိုင်းလူဦးရေများအကြားတွင် ကင်ဆာရောဂါ၊ နှလုံးသွေးကြောဆိုင်ရာရောဂါ၊ ဦးနှောက်ကြောဆိုင်ရာ ရောဂါများ အဖြစ်များကြသည်။ ထို့ပြင် သွေးတိုးရောဂါသည်လည်း အဖြစ်များလျက်ရှိပြီး နေ့စဉ် အစားအသောက်များတွင် ဆားပါဝင်မှု များလွန်းသောကြောင့်ဟု ဆိုသည်။ ထို့ကြောင့် တရုတ်နိုင်ငံသက်ကြီးရွယ်အို စောင့်ရှောက်ရေးကော်မတီနှင့် အမျိုးသားကျန်းမာရေးနှင့် မိသားစုကော်မရှင်တို့က ဘဝနေထိုင်စားသောက်မှုလမ်းညွှန် လက်ကမ်းစာစောင်များကို စက်တင်ဘာ ၂၆ ရက်က ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ လက်ကမ်းစာစောင်ထဲ၌ စားသောက်မှုပုံစံ၊ အားကစား၊ စိတ်ကျန်းမာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုဆက်ဆံရေးတို့နှင့်ဆိုင်သော ဆွေးနွေးချက် ၃၆ ချက်ပါဝင်ရေးသား လမ်းညွှန်ထားသည်။

အစာအာဟာရနှင့် ပတ်သက်၍ လတ်ဆတ်သော အသီးအနှံများ၊ နို့ထွက်ပစ္စည်း အစားအသောက်များ ပိုမိုစားသုံးရန်နှင့် ရက်လွန်အစားအစာများ ရှောင်ရှားရန် အကြံပြုထားသည်။

ဇရာလွန်လူဦးရေ တိုးပွားလာခြင်းက လူထုကျန်းမာရေးဝန်ဆောင်မှုအပေါ် ကြီးမားသောစိန်ခေါ်မှုတစ်ရပ်ဖြစ်နေစေသည်ဟု အမျိုးသားကျန်းမာရေးနှင့် မိသားစုအစီအစဉ်ကော်မရှင် ဒုတိယဥက္ကဋ္ဌကဆိုသည်။ သက်ကြီးရွယ်အိုများအနေဖြင့် ကျန်းမာသောဘဝနေထိုင်မှုပုံစံများ ပိုမိုလိုက်နာခြင်းအားဖြင့် ရောဂါများကိုတားဆီးပေးနိုင်ပြီး ကျန်းမာပျော်ရွှင်သော လူမှုဘဝရရှိမည်ဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားထားသည်။

ကြယ်တာရာအစုအဝေးပေါင်း ၃၀၀၀၀၀ ခန့် ရှာဖွေနိုင်ခဲ့

အာကာသ စကြဝဠာအတွင်းရှိ ကြယ်တာရာအစုအဝေး များစွာရှိသည့်အနက် ၃၀၀၀၀၀ ခန့်ကို နိုင်ငံတကာ အာကာသ သုတေသနပညာရှင်များက ရှာဖွေ လေ့လာမှတ်တမ်းထားနိုင်ခဲ့ပြီဖြစ်ကြောင်း နာဆာမှ အာကာသ သုတေသနပညာရှင်များက ပြောကြားသည်။

အဆိုပါ ကြယ်တာရာအစုအဝေးများနှင့်ပတ်သက်သည့် အချက်အလက်များကို လေ့လာမှတ်တမ်းတင်ထားနိုင်ခဲ့ပြီး အချို့ ကြယ်တာရာအစုအဝေးများကိုမူ လေ့လာမှုများပြုလုပ်နေလျက်ရှိသည်။ အာကာသရှိ ကြယ်တာရာအစုအဝေးကို ထိုသို့ ရှာဖွေလေ့လာမှုကို ဂလက်စီဇူး -၂ ဟု အမည်ပေးထားပြီး နှစ်အတန်ကြာကပင် လေ့လာမှုများ ပြုလုပ်နေခဲ့ခြင်းဖြစ်သည်။

ကြယ်တာရာအစုအဝေးများ၏ သက်တမ်း၊ အလင်းရောင်ဖြာထွက်မှုစွမ်းအား၊ ထူးခြားမှုဖြစ်စဉ်၊ ဖွဲ့စည်းဖြစ်တည်မှုနှင့် ပုံသဏ္ဌာန်များအပြင် ကြယ်တာရာအစုအဝေးများမှ အပိုင်းအစများ ပွဲထွက်မှုအနေအထား စသည်တို့ကို အသေးစိတ်လေ့လာခဲ့ကြခြင်းဖြစ်သည်။

ယခုအခါ အဆိုပါကြယ်တာရာအစုအဝေးများကို အစီအစဉ်တကျ ဓာတ်ပုံနှင့် အချက်အလက်များကို မှတ်တမ်းပြုစုကာ ထုတ်ဝေရန်စီစဉ်ထားသည်။ ယင်းမှတ်တမ်းမှာ စကြဝဠာရှိ ကြယ်တာရာအစုအဝေးနှင့်ပတ်သက်ပြီး ပထမဆုံးမှတ်တမ်းစာအုပ်ပင်ဖြစ်သည်။

နိုင်ငံတကာမှ အာကာသသုတေသနပညာရှင်များသည် ၂၀၀၉ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း ကြယ်တာရာအစုအဝေးပေါင်း ၈၃၀၀၀ ကျော်ကို ရှာဖွေလေ့လာနိုင်ခဲ့ကြသည်။

အာကာဟိန်း - ရေးသည်

ဆီးရီးယားဓာတုလက်နက် ကုလထပ်မံစစ်ဆေး

ဆီးရီးယားနိုင်ငံအတွင်း ဓာတုလက်နက်ဖြင့် ခုနစ်ကြိမ်တိုက်ခိုက်ခဲ့သည်ဟု စွပ်စွဲချက်အပေါ် ကုလသမဂ္ဂ စုံစမ်းစစ်ဆေးရေးမှူးများက စုံစမ်းနေပြီဖြစ်ကြောင်း၊ ယင်းတို့တွင် ဩဂုတ် ၂၁ ရက်က ဒမတ်စကတ်မြို့အနီး တိုက်ခိုက်မှုတွင် သုံးကြိမ်ပါဝင်ကြောင်း ဘီဘီစီသတင်း၌ ဖော်ပြသည်။ နောက်ဆုံးဖြစ်ပွားသော တိုက်ခိုက်မှုသုံးရပ်တွင် သေးငယ်သည့် တိုက်ခိုက်မှုဖြစ်ကြောင်း၊ ဆီးရီးယားအစိုးရက ယင်းကိုစုံစမ်းစစ်ဆေးပေးပါရန်ကုလသမဂ္ဂသို့တောင်းဆိုခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။ ယင်းစုံစမ်းစစ်ဆေးမှုပြီးနောက် ကုလသမဂ္ဂက ဓာတုလက်နက်များဖယ်ရှားရန် မဲခွဲဆုံးဖြတ်၍စီစဉ်လိမ့်မည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ ဓာတုလက်နက်တားဆီးရေးအဖွဲ့ဝင် ၄၁နိုင်ငံကလည်းလက်နက်များဖယ်ရှားရေးတရားဝင်သဘောတူရန် ဆွေးနွေးလျက်ရှိသည်။ လာမည့်အောက်တိုဘာ၁ရက်တွင် ၎င်းအဖွဲ့က ကိုယ်ပိုင်စစ်ဆေးရေးမှူးများစေလွှတ်သွားမည်ဟုဆိုသည်။

ဖမ်းထားသူများချက်ချင်းလွှတ်ရန် ဂရင်းပိစ်တောင်းဆို

ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဂရင်းပိစ်က အာတိတ်သမုဒ္ဒရာအတွင်း ဆန္ဒပြမှုနှင့်စပ်လျဉ်း၍ ၎င်း၏တက်ကြွလှုပ်ရှားသူ ၃၀ ကို ရုရှားနိုင်ငံ၌ ဖမ်းထားခြင်းကို အယူခံသွားမည်ဟုပြောကြားလိုက်သည်။ မာမန့်(ခ်) တရားရုံးက ယင်းတို့အနက် ၂၂ ဦးအား စုံစမ်းစစ်ဆေးခြင်းကို နှစ်လကြာ ဆိုင်းငံ့ထားရန် ချုပ်မိန့်ပေးပြီးနောက် ဂရင်းပိစ်က ချက်ချင်းလွှတ်ပေးရန် တောင်းဆိုလိုက်သည်။ အခြားရှစ်ဦးသည် လာမည့်စက်တင်ဘာ ၂၉ ရက်တွင် ကြားနာစစ်ဆေးမှုကိုရင်ဆိုင်ရမည်ဖြစ်သည်။ အာတိတ်ဆန်းရိုက်စ်သင်္ဘောဖြင့် လိုက်ပါလာသော နိုင်ငံပေါင်း ၁၈ နိုင်ငံမှ အဆိုပါ တက်ကြွလှုပ်ရှားသူများက ရုရှားနိုင်ငံ၏ ရေနံတူးဖော်ခြင်းကို ဆန့်ကျင်ခဲ့ကြခြင်းဖြစ်ပြီး ၎င်းတို့အား ပင်လယ်ဓားပြမှုစွဲချက်ဖြင့် ဖမ်းဆီးထားသည်။

မြင့်မောင်စိုး-စုစည်းသည်

Laurel Art Academy
ရုပ်ရှင်သရုပ်ဆောင်သင်တန်း အပတ်စဉ်(၅)
ကျောင်းအပ်လက်ခံပြီ
Laurel Art Academy

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ရေးတော့အမှန် ဖတ်တော့အသံ(၃)

မောင်ခင်မင် (ဓနုဖြူ)

"ဆရာ ဒီနေ့ 'ရေးတော့အမှန် ဖတ်တော့အသံ'အကြောင်း အဆုံးသတ်မှာပေါ့နော်"

"အင်း. . . ဒီနေ့ပြောကြ ဆိုကြပြီးရင်တော့ ဒီအကြောင်း တော်တော်ခြုံငုံမိလောက်ပါပြီ။ ဩော်. . . စကားဝိုင်းမဆက်ခင် အရင်အပတ်က ပြောလက်စ တစ်ခုကို ဆက်ပြောရဦးမယ်။ သားတို့သမီးတို့ 'ဦးခေါင်း'နဲ့ 'ဦးချို'ဆိုတဲ့ စကားလုံးနှစ်လုံးကို ဘယ်လိုအသံထွက်ရသလဲကွယ်"

" 'အူးဂေါင်း' 'အူးဂျို'လို့အသံထွက်ရတယ် မဟုတ်လားဆရာ" "ဟုတ်ပါတယ်။ အခု အဲဒီစကားလုံးတွေကို ရှေ့က'ဦး'မထည့်ဘဲ 'ခေါင်း'လို့ တစ်လုံးတည်း သုံးလေ့ရှိတယ်လေ။ ရေးရင်လည်း 'ခေါင်း' 'ချို'လို့ပဲရေးတယ်။ အသံထွက်ရင်တော့ မူလကအသံပြောင်းနေတဲ့အတိုင်း 'ဂေါင်း' 'ဂျို'လို့ ထွက်တယ်မဟုတ်လား။"

"ဟုတ်ပါတယ် ဆရာ"

"ဆရာပြောချင်တာက အဲဒီလိုစကားလုံးတွေကျတော့ မူလကတည်းက အသံပျော့ကနေပြီး အသံပြင်းကို ပြောင်းပြီးသားဖြစ်နေတဲ့အတွက် ရှေ့က ဘာစာလုံးနဲ့ပဲတွဲတွဲ အဲဒီအသံပဲထွက်ရတယ် ဆိုတာပါပဲ"

"ဒါဆိုရင် ဆရာပြောခဲ့တဲ့ ကသတ်၊ စသတ်၊ တသတ်၊ ပသတ်တွေ ရှေ့ကပါပါ မပါပါ အသံအပြောင်းအလဲမရှိဘူး။ ဒီအသံပဲထွက်ရတယ်လို့ ဆိုလိုတာပေါ့နော်"

"အေး. . . အဲဒါပြောချင်တာပါ။ အရင်ပြောခဲ့တာကို ပြန်ကောက်ရင် 'ခြောက်ခု'မှာ အရှေ့က ကသတ်ပါလို့ အသံမပြောင်းဘူး၊ 'ငါးခု'ကျတော့ ရှေ့က အဲဒီအသတ်တွေမပါလို့ 'ခု' က 'ဂု'ကို ပြောင်းပြီး'ငါးဂု'လို့ ဆိုရတယ်မဟုတ်လား။ အဲ 'ခေါင်း' တို့ 'ချို' တို့ကျတော့ မူလကတည်းက 'ဂေါင်း' 'ဂျို' လို့ အသံပြောင်းပြီးသားဖြစ်တဲ့အတွက် တသတ်နဲ့ဆုံးတဲ့ 'ဝက်'နဲ့တွဲရင်လည်း 'ဝက်ခေါင်း' မဖြစ်ဘူး၊ 'ဝက်ဂေါင်း'ပဲ။ အဲဒီအသတ်မပါတဲ့ 'နွား' နဲ့ ဆုံးရင်လည်း 'နွားဂေါင်း'လို့ပဲ အသံထွက်တယ်။ အဲဒီလိုပဲ 'ချို'ဟာလည်း 'ဂျို' လို့အသံ ပြောင်းပြီးသားမို့ 'ဆိတ်'နဲ့တွဲရင်လည်း 'ဆိတ်ဂျို'၊ 'နွားနဲ့တွဲရင်လည်း 'နွားဂျို' လို့ပဲ အသံထွက်ရတယ်။ဆိုလိုတာက မူလကတည်းက အသံပျော့က အသံပြင်းကိုပြောင်းပြီးသား စကားလုံးတွေကိုတော့ ဘာနဲ့တွဲတွဲ အသံပြင်းနဲ့ပဲ အသံထွက်ရတယ်ပေါ့ကွယ်"

"အဲဒီလို အသံပြောင်းပြီးသား စကားလုံးတွေ ရှိပါသေးသလား ဆရာ"

"သိပ်များများတော့မရှိပါဘူး။'ချိုင့်'ကို 'ဂျိုင့်'၊'ထောင့်'ကို 'ဒေါင့်'လို့ အသံပြောင်းတဲ့စကားလုံးတွေကလည်း မူလကတည်းက အသံပျော့ကနေပြီး အသံပြင်းကိုပြောင်းတာမို့ ရှေ့က ကသတ်၊ စသတ်၊ တသတ်၊ ပသတ်ပါပါမပါပါ အဲဒီအသံပဲထွက်ရတယ်လေ။ ဒါကြောင့် 'ထမင်းချိုင့်'ကိုလည်း 'ထမင်းဂျိုင့်'လို့ပဲ အသံထွက်တယ်။ 'အောက်ချိုင့်' ကိုလည်း 'အောက်ဂျိုင့်' လို့ပဲ အသံထွက်တယ်။ အဲဒီလိုပဲ၊ 'အခန်းထောင့်' ကိုလည်း 'အခန်းဒေါင့်'၊ 'တိုက်ထောင့်'ကိုလည်း 'တိုက်ဒေါင့်'လို့ပဲ အသံထွက်ရတယ်မဟုတ်လား။ ဒီလောက်ဆို ရှင်းလောက်ပါပြီနော်"

"နားတော့လည်ပါတယ်ဆရာ။ မှတ်မိအောင်တော့ ထပ်ကြိုးစားရမယ် ထင်ပါတယ်"

"ဒါတွေဟာ တို့နေ့တိုင်းပြောနေကျစကားတွေပါပဲကွယ်။ ခက်ခက်ခဲခဲတွေမဟုတ်ပါဘူး။ သာဓကတွေနဲ့ယှဉ်ပြီး စဉ်းစားရင် သဘောပေါက်မှာပါ"

"မှတ်ထားပြီးပါပြီဆရာ"

"အဲ. . စကားသံတွေတစ်ဆက်တည်းမပြောဘဲ နည်းနည်းရပ်နားပြီး ပြောရင်တော့ နောက်ကအသံဟာ အသံပျော့ဖြစ်နေရင်လည်း အသံပြင်းကို မပြောင်းဘူးကွဲ့"

"ဘယ်လိုစကားလုံးတွေလဲဆရာ"

" 'တိုင်းပြည်'၊ 'စာပေ'၊ 'စည်းကမ်း'တို့လို နာမ်စကားလုံးတွေ၊ 'စင်ကြယ်၊ ပြင်ဆင်၊ အေးစက်' တို့လို ကြိယာစကားလုံးတွေပေါ့။ အသံပြောင်းတဲ့စနစ်အတိုင်းဆိုရင် 'တိုင်းဗြည်၊ စာဗေ၊ စည်းဂမ်း'လို့ ပြောင်းရမှာမဟုတ်လား။ ခုမပြောင်းတာက အဲဒီအသံတွေကို တစ်ဆက်တည်းမဆိုဘဲ ခြားပြီးဆိုလို့ မပြောင်းတာပါ။ အသံချင်းခြားလိုက်တော့ ရှေ့ကအသံရဲ့အရှိန်က နောက်က အသံကို မလွှမ်းမိုးနိုင်တော့ဘူးလေ။ ဒါကြောင့်မပြောင်းတာပါ။ အဲဒီစကားလုံးတွေကိုအသံချင်းခြားပြီး အစဉ်အဆက်ပြောခဲ့ကြတာမို့ ဒီအတိုင်းပဲပြောကြတာပါ"

"ဟုတ်တယ်နော်ဆရာ။ သမီးတို့လက်တွေ့အသံထွက်ကြည့်မှ သတိထားမိတော့တယ်"

"စကားချင်းအတူတူမှာ အသံချင်းခြားပြီးပြောတာနဲ့ တစ်ဆက်တည်း ပြောတာကလေးကွာရုံနဲ့ စကားအဓိပ္ပာယ်ကွဲသွားတဲ့ သာဓကတွေ အများကြီးရှိတယ်ကွဲ့"

"ဟုတ်လားဆရာ။ စိတ်ဝင်စားစရာပဲနော်။ ပြောပြပါဦး ဆရာရယ်" " 'ထမင်း-စားသွားမယ်' လို့ 'ထမင်း'နဲ့ 'စား' ကို ခြားပြီးပြောတာနဲ့ 'ထမင်းစားသွားမယ်'လို့ 'ထမင်း' နဲ့ 'စား'ကို တစ်ဆက်တည်းပြောတာနဲ့ အဓိပ္ပာယ်တူသလား၊ မတူဘူးလား၊ စဉ်းစားပြီး ပြောကြည့်ပါဦး"

"ကျွန်တော်ပြောကြည့်မယ်ဆရာ။ 'ထမင်း-စားသွားမယ်' လို့ ပြောတာက ထမင်းစားပြီးမှ သွားမယ်၊ မစားသေးဘဲမသွားဘူးလို့ ဆိုလိုတာထင်တယ်ဆရာ"

"အေး-ဟုတ်တယ်။ ကဲ-သမီးက နောက်တစ်လုံးပြောပါဦး"

"ဟုတ်ကဲ့။ ထမင်းစား-သွားမယ်၊ ဆိုတာက ထမင်းစားဖို့သွားမယ်လို့ ဆိုလိုတာထင်ပါတယ်ဆရာ။ ဩော်. . . နောက်ပြောစရာရှိပါသေးတယ်ဆရာ။ 'ထမင်း'နဲ့ 'စား'ကို တစ်ဆက်တည်းပြောရတာမို့ 'ထမင်းစား'လို့ အသံလည်း ပြောင်းသွားပါတယ်ဆရာ"

"မှန်တာပေါ့ကွယ်၊ ထမင်းစားဖိတ်တယ် ဆိုရင်လည်း 'ထမင်းဇား' ဖိတ်တယ်လို့ အသံထွက်တယ်မဟုတ်လား။ ထမင်းနဲ့စားကို တစ်ဆက်တည်း ပြောလို့ အသံပြောင်းသွားတာလေ"

"ဩော်. . . သတိရလို့ပါဆရာ။ ဆရာမြို့မငြိမ်းရေးတဲ့ 'မုန့်စားကြွ' ဆိုတဲ့ သီချင်းခေါင်းစဉ်ကိုလည်း 'မုန့်ဇားကြွ'လို့ အသံထွက်ရတာ ဒီသဘောပဲပေါ့နော်"

"ဟုတ်တာပေါ့၊ ဒိုပြင်သာဓကတွေကြည့်ကြဦးစို့။ 'အမေ ပဲပြုတ်နေတယ်' လို့ပြောရင်၊ 'ပဲပြုတ်'လို့ အသံထွက်ပေမယ့် 'ပဲပြုတ်နဲ့နံပြားစားမယ်'လို့ ပြောရင်တော့ 'ပဲဗြုတ်'လို့ အသံထွက်တယ်မဟုတ်လား။ တစ်ခုထပ်မှတ်နိုင်တာက ကြိယာအဖြစ်သုံးရင် အသံခြားပြီး ပြောတာမို့ 'ပဲပြုတ်တယ်'လို့ အသံမပြောင်းဘဲပြောတယ်။ နာမ်အဖြစ်သုံးရင်တော့ တစ်ဆက်တည်း ပြောတာမို့ 'ပဲဗြုတ်'ဆိုပြီး အသံပြောင်းတယ် ဆိုတာပါပဲ"

"ဒါဆိုရင် နိုင်ငံခြားကလာတဲ့ ခရီးသည်တွေကို 'ဇဂပြန်' လုပ်ပေးတယ်လို့ ပြောတာမှာ'ဇဂပြန်'ဆိုတာ 'စကားပြန်'ကို တစ်ဆက်တည်းပြောလို့ အသံပြောင်းသွားတာလားဆရာ"

"ဟုတ်ပ၊ ဟုတ်ပ၊ စကားပြန်တယ်ဆိုတာ ဘာသာစကားချင်းအပြန်အလှန် ဖလှယ်ပြီးပြောတာမဟုတ်လား။ 'စကားပြန်'က ကြိယာလေ။ စကားပြန်တဲ့ သူကိုကျတော့ 'ဇဂပြန်'လို့ အသံပြောင်းပြီး နာမ်ဖြစ်သွားတာပေါ့ကွယ်"

"သီချင်းတစ်ပုဒ်မှာ 'မောင့်ကို အသည်းစွဲချစ်ပါတယ်'လို့ ဆိုထားတာ 'အသဲဇွဲ' လို့ အသံထွက်တယ်မဟုတ်လားဆရာ။ အဲဒီသီချင်းကို သမီးဆိုဆိုနေရင်း သတိထားမိတာပါ"

" ဟုတ်ပါတယ်။ အသံမပြောင်းသေးခင်ကတော့ 'အသည်းစွဲ'ပေါ့။ 'အသည်းစွဲတယ်'လို့ ကြိယာကို သုံးတယ်။ အသံထွက်တော့ 'အသဲစွဲ'ပေါ့။ သမီးပြောတဲ့ 'အသည်းစွဲချစ်ပါတယ်' ကျတော့ 'အသဲဇွဲ'လို့ အသံပြောင်းသွားတာပေါ့။ နောက်က 'ချစ်ပါတယ်' ဆိုတဲ့စကားကို အထူးပြုတာပေါ့ကွယ်"

"ဆရာ၊ 'ဒီစာလုံးကို ဘယ်လိုအသံထွက်ရသလဲ'လို့ မေးရင် 'အသံထွက်' ဆိုတာ ကြိယာမို့ အသံမပြောင်းဘူး၊ ဒီစာလုံးရဲ့ အသံထွက်ကဘာလဲလို့မေးရင်တော့ 'အသံဒွက်'လို့ အသံပြောင်းသွားတယ်၊ နာမ်လည်းဖြစ်သွားတယ်နော်ဆရာ"။

"ဟုတ်ပါတယ်။ အသံထွက်မှန်အောင် ပြောကြပါလို့ပြောရင် 'အသံဒွက်မှန်အောင်'လို့ ပြောရမှာပေါ့"

"သမီးအဘိုးပြောပြတဲ့ စကားတစ်ခွန်းကို မကြာခဏကြားရပါတယ်ဆရာ။ 'လွတ်လပ်ရေးမရခင် ခါးတောင်းကျိုက်မဖြုတ်ကြနဲ့'လို့ ဗိုလ်ချုပ်အောင်ဆန်းက ပြောတယ်ဆိုတဲ့ စကားပါ။ အဲဒီစကားမှာ 'ခါးတောင်းကျိုက်ကို' 'ဂဒေါင်းဂျိုက်'လို့ အသံထွက်တာသတိထားမိပါတယ်။ 'ကျိုက်' က 'ဂျိုက်' လို့ အသံပြောင်းတာပေါ့နော်ဆရာ"

"အေး-ဟုတ်တာပေါ့။ 'ခါးတောင်းကျိုက်ထားတယ်၊ ခါးတောင်းကျိုက်ပြီး ခြင်းခတ်တယ်'လို့ပြောရင် ကြိယာအဖြစ် အသံခြားပြီးပြောတာမို့ အသံမပြောင်းဘူး။ သမီးအဘိုးပြောသလို 'ခါးတောင်းကျိုက် မဖြုတ်နဲ့'၊ 'ခါးတောင်းကျိုက်နဲ့ ခြင်းခတ်တယ်'လို့ ပြောရင်တော့ နာမ်အဖြစ် တစ်ဆက်တည်းပြောတာမို့ 'ကျိုက်' က'ဂျိုက်'လို့ အသံပြောင်းသွားတာပေါ့ကွယ်"

"တော်တော်ရှင်းသွားပါပြီဆရာ။ အများကြီးကျေးဇူးတင်ပါတယ်။

"ဆရာကလည်း ပြောရတာဝမ်းသာပါတယ်။ အစမှာ ပြောခဲ့သလိုပဲ သားတို့ သမီးတို့လို အသံလွှင့်မီဒီယာထုတ်လွှင့်နေတဲ့ သူတွေအတွက် အသံထွက် မှန်ကန်ဖို့ အထောက်အကူဖြစ်မယ်ဆိုရင် ကျေနပ်စရာပါပဲကွယ်"

> **"သမီးအဘိုးပြောပြတဲ့ စကားတစ်ခွန်းကို မကြာခဏကြားရပါတယ် ဆရာ။ 'လွတ်လပ်ရေးမရခင် ခါးတောင်းကျိုက် မဖြုတ်ကြနဲ့'လို့ ဗိုလ်ချုပ်အောင်ဆန်းက ပြောတယ်ဆိုတဲ့စကားပါ။ အဲဒီစကားမှာ 'ခါးတောင်းကျိုက်ကို' 'ဂဒေါင်းဂျိုက်'လို့ အသံထွက်တာ သတိထားမိပါတယ်။ 'ကျိုက်'က'ဂျိုက်'လို့ အသံပြောင်းတာပေါ့နော်ဆရာ"**

လယ်ယာမြေအဆင့်မြှင့်တင်ခြင်းနှင့် စက်မှုလယ်ယာသင်တန်းကျောင်း တည်ထောင်ခြင်း စီမံကိန်းဆိုင်ရာ မြန်မာ-ကိုရီးယားလက်မှတ်ရေးထိုး

နေပြည်တော် စက်တင်ဘာ ၂၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) တို့ လယ်ယာမြေ အဆင့်မြှင့်တင်ခြင်းနှင့် စက်မှုလယ်ယာစနစ် ပြောင်းလဲရန် စက်မှုလယ်ယာသင်တန်းကျောင်း တည်ထောင်ခြင်းဆိုင်ရာ အစည်းအဝေးမှတ်တမ်း လက်မှတ်ရေးထိုးပွဲ (Record of Discussion Signing Ceremony)ကို စက်တင်ဘာ ၂၇ ရက်က နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)တို့မှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်နှင့် KOICA မြန်မာရုံးခွဲမှ Chief Resident Representative Mr. NAM,Kwon-Hyoung တို့သည် လယ်ယာမြေအဆင့်မြှင့်တင်ခြင်းနှင့် စက်မှုလယ်ယာစနစ် ပြောင်းလဲရန် စက်မှုလယ်ယာ သင်တန်းကျောင်း တည်ထောင်ခြင်းစီမံကိန်း (Project for farmland consolidation and agricultural machinery training for agricultural mechanization in Myanmar)ဆိုင်ရာ အစည်းအဝေးမှတ်တမ်း (Record of Discussion) ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

ယခုလက်မှတ်ရေးထိုးသည့် စီမံကိန်းကို မြန်မာနိုင်ငံ၏ စက်မှုလယ်ယာကဏ္ဍတိုးမြှင့်ရန်နှင့် စိုက်ပျိုးထုတ်လုပ်မှုတိုးမြှင့်ရန်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးစေခြင်းဖြင့် စက်မှုလယ်ယာပြောင်းလဲရေးလုပ်ငန်းကို အထောက်အကူပြုနိုင်ရန်နှင့် လယ်သမားများ ဝင်ငွေတိုးမြှင့်နိုင်ရန်၊ ကိုရီးယား-မြန်မာနှစ်နိုင်ငံချစ်ကြည်ရေးနှင့် စီမံကိန်းအောင်မြင်ခြင်းဖြင့် မြန်မာပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဟူသော ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ခြင်းဖြစ်ပြီး လယ်ယာမြေအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာ၌လည်းကောင်း၊ စက်မှုလယ်ယာသင်တန်းကျောင်း တည်ထောင်ခြင်းကို ဇေယျာသီရိမြို့နယ် ရေဆင်း၌လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုထွေး**

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ဖိလစ်ပိုင်နိုင်ငံလေ့လာရေးခရီးမှ ပြန်လည်ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် IFES Myanmar ၏ အစီအစဉ်ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်နှင့် ဦးညွန့်တင်တို့သည် Country Director Mr. Paul Guerin နှင့်အတူ ဖိလစ်ပိုင်သမ္မတနိုင်ငံ ရွေးကောက်ပွဲကော်မရှင်သို့ သွားရောက်လေ့လာခဲ့ပြီး စက်တင်ဘာ ၂၇ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဓာတ်မြေဩဇာနှင့်လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပေးအပ်

မိုးညှင်း စက်တင်ဘာ ၂၈

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၂၆ ရက်က မိုးညှင်းမြို့နယ် ဟိုပင်မြို့နယ်ခွဲ မြို့သစ်ကလေးကျေးရွာအုပ်စု မြေနုကျေးရွာဓမ္မာရုံ၌ ကျေးရွာအုပ်စုမှ ကျေးလက်တောင်သူများကို တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ကျေးလက်တောင်သူများ၏ လူမှုစီးပွားတိုးတက်မြင့်မားရေးနှင့် ဈေးကွက်ဝင်ပြီး အထွက်တိုးသည့် မျိုးကောင်း မျိုးသန့်များအသုံးပြုရေးကိစ္စများကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားပြီး တောင်သူစွမ်းအားကုမ္ပဏီလီမိတက်မှ ယူရီးယားဓာတ်မြေဩဇာ အိတ် ၅၀ ကို လည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေးက မြေနုကျေးရွာအလယ်တန်းကျောင်းခွဲ ကျောင်းဆောင် ပြင်ဆင်ထိန်းသိမ်းရေးအတွက် ရန်ပုံငွေကျပ် သုံးသိန်းနှင့် သက်ကြီးရွယ်အိုများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

(ပြည်နယ် ပြန်/ဆက်)

ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ပေးလျက်ရှိ အခွင့်အလမ်းများကို ထိရောက်စွာအသုံးချပြီး နိုင်ငံတကာကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၈

ရွှေနိုင်ငံ အရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်၏ သတ္တမအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးအား ယနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပရာ အသင်းနာယက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်ကို ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းခဲ့ကြောင်း၊ ယခုအချိန်တွင် ၂၅ ရာခိုင်နှုန်း အမြတ်ဝေစုခွဲဝေပေးနိုင်သည့် ကုမ္ပဏီများရှားပါးနေသည့်အတွက် GLAD ၏ လုပ်ငန်းများ အောင်မြင်နေသည်ဟု ပြောနိုင်ကြောင်း၊ ရွေးချယ်ခံထားရသည့် ဒါရိုက်တာ အဖွဲ့ဝင်များအနေနှင့် အချင်းချင်းတိုင်ပင်ညှိနှိုင်းပြီး ကုမ္ပဏီတိုးတက်အောင်မြင်နိုင်ရေး ကြိုးစားဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနဘက်မှ လိုအပ်တာတွေအားလုံးကို ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း၊ ယခုအချိန်မှာ နိုင်ငံတော်အစိုးရအနေနဲ့ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နေပြီး ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်း ဖြေလျှော့ပေးလျက်ရှိပါကြောင်း၊ ဒီအခွင့်အလမ်းများကို ထိရောက်စွာအသုံးချပြီး နိုင်ငံတကာကုန်သွယ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားရန် ပြောကြားသွားသည်။

အသင်းနှစ်ပတ်လည် အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ လျှပ်စစ်နှင့် စက်မှုဝန်ကြီးဦးဉာဏ်ထွန်းဦးနှင့် ကုန်သည်/စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များ၊ ရွှေနိုင်ငံအရှေ့အာရှ ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက် ဒါရိုက်တာများ၊ အစုရှယ်ယာရှင်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်နိုင်ငံ ချစ်ကြည်ရေးဆိုင်ရာကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာဆွေးနွေး

မန္တလေး စက်တင်ဘာ ၂၈

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးရဲမြင့်သည် တူရကီနိုင်ငံ (Ministry of Family and Social Policy)မှ Team Delegation Leader ဖြစ်သူ Mr.Orhan Bilge နှင့် တူရကီနိုင်ငံသံရုံး တတိယအတွင်းဝန် Mr.Ahmet Yildiz ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား စက်တင်ဘာ ၂၆ရက်ညနေ ၃ နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဧည့်ခန်းမဆောင်တွင် လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်ကြသော ဦးသန်းစိုးမြင့်၊ ဒေါက်တာဝင်းလှိုင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးအုန်းလွင်တို့ တက်ရောက်ကြပြီး နှစ်နိုင်ငံချစ်ကြည်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

တင်မောင်(မန္တလေး)

မြို့အင်္ဂါရပ်နှင့်အညီဖော်ဆောင်ထားသောဈေးများ၌ ဈေးရောင်းချနေမှု နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၈

နေပြည်တော် ကောင်စီဝင် ဦးမျိုးညွန့်သည် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ ပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီက မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရေး ဖော်ဆောင်ပေးခဲ့သော ရွှေကြာပင်ဈေးအတွင်း ဆိုင်ခန်းများ၌ ပြည်သူများဈေးရောင်းနေမှုကို ယနေ့နံနက် ၉ နာရီတွင် လှည့်လည်ကြည့်ရှုပြီး ဈေးသူဈေးသားများနှင့် ရင်းနှီးခင်မင်စွာ တွေ့ဆုံအားပေးစကားပြောကြားကာ ဈေးသူဈေးသားများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လိုအပ်နေသော ဈေးဆိုင်ခန်းများအတွက် မိုးကြယ်စင်ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်လျက်ရှိသော ဆိုင်ခန်းများကို ကြည့်ရှု၍ အချိန်မီ ပြီးစီးရေးနှင့်လိုအပ်သည်များကို မှာကြားခဲ့သည်။ **(ယာပုံ)**

ထို့နောက် ရွှေကြာပင်ဈေးတာဝန်ခံရုံး၌ ဈေးသူ ဈေးသားများကို ဆက်သွယ်ရေးနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ ရောင်း

နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့် ဈေးသူ ဈေးသားများ ဈေးရောင်းချနေမှုကို ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

ဝယ်ရေး ဆက်သွယ်ပြောဆိုနိုင်စေရန်ရည်ရွယ်၍ဖုန်းကတ်များ ပွင့်လင်းမြင်သာစွာဖြင့် မဲနှိုက်ထုတ်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပျဉ်းမနားမြို့နယ် အမှတ်(၁)မြို့မဈေးအတွင်း၌ဈေးသူဈေးသားများ၏ ဈေးရောင်းချနေမှုအခြေအနေနှင့်ဈေးသူ ဈေးသားများကို ဖုန်းကတ်များမဲနှိုက်ထုတ်ပေးမှုကို ကြည့်ရှုအားပေးသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ ဈေး ၃၄ ဈေးအတွက် ဖုန်းကတ် WCDMA ၄၀၀၊ GSM ၄၀၀ စုစုပေါင်းဖုန်းကတ် ၈၀၀ တို့ကို ဈေးအသီးသီးတွင် တစ်ပြိုင်တည်းမဲနှိုက်ထုတ်ပေးကြောင်း သိရှိရသည်။

(သတင်းစဉ်)

အောက်တိုဘာလ ပထမ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

အနောက်တောင် မုတ်သုံလေသည် ၂၀၁၃ ခုနှစ် အောက်တိုဘာလ (၁-၅)ရက်နေ့အတွင်း မြစ်ဝကျွန်းပေါ်ဒေသများမှလည်းကောင်း၊ အောက်တိုဘာလ (၆-၁၀)ရက်နေ့အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများမှ လည်းကောင်း ဆုတ်ခွာသွားဖွယ်ရာရှိသည်။ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

မိုးအခြေအနေနှင့်မိုးရွာရက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုထက်ပိုပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမှုခန့် ရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခြောက်ရက်မှ ရှစ်ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် လေးရက်မှ ငါးရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့်ကသာမြို့တို့တွင် နှစ်ပေမှ လေးပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့နှင့်ညောင်ဦးမြို့တို့တွင် တစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်ပြီး ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် လေးပေမှ ခြောက်ပေခန့် လက်ရှိရေမှတ်များ၏အောက် ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် နှစ်ပေမှ လေးပေခန့် လက်ရှိရေမှတ်များ၏ အထက် မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။

၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျှော့ပါးရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

ငါးသိုင်းချောင်း စက်တင်ဘာ ၂၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့နယ်ခွဲတွင် စက်တင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက ၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျှော့ပါးရေးနေ့ အထိမ်းအမှတ် မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးကော်မတီ၏ လမ်းညွှန်မှု၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ညွှန်ကြားမှု၊ ဧရာဝတီတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီတို့၏ အနီးကပ်ကြီးကြပ်မှုဖြင့် ရေဘေးအန္တရာယ်ကျရောက်လာပါက စနစ်တကျ လိုက်နာဆောင်ရွက်နိုင်ရန် ရေဘေး သရုပ်ပြလေ့ကျင့်မှုများ လက်တွေ့ဆောင်ရွက်ကြရာ ဧရာဝတီတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းစိုး၊ ဧရာဝတီတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးငွေထွန်း၊ ပုသိမ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေး၊ ရေကြည်မြို့နယ် အုပ်ချုပ်ရေးမှူး ငါးသိုင်းချောင်းမြို့နယ်ခွဲအုပ်ချုပ်ရေးမှူးနှင့် မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ဆည်/မြောင်းနှင့်သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မသန်စွမ်းသူများအသင်း၊ စစ်မှုထမ်းဟောင်းများ၊ ငါးသိုင်းချောင်းမြို့နယ်ခွဲ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ ပြည်သူလူထု ၁၀၀၀ ခန့် တက်ရောက် ပါဝင်ဆောင်ရွက်ကြသည်။ **(ယာပုံ)**

ရှေးဦးစွာ မြို့နယ်ခွဲ အုပ်ချုပ်ရေးမှူးရုံး၌ သဘာဝဘေးအန္တရာယ်ရေဘေးသတင်းနှင့် ပတ်သက်၍ ပေါင်းစပ်အသိပေးပြီး တာဝန်ခွဲဝေပုံ၊ ပြည်သူလူထုအား အသိပေးထုတ်ပြန်ပုံ၊ ရေဘေးကယ်ဆယ်ရေးစခန်းများတွင် စာရင်းဇယားကောက်ယူမှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ စားဝတ်နေရေးထောက်ပံ့မှု၊ ပညာပေးမှုများ လက်တွေ့ဆောင်ရွက်ပေးကြသည်။

"သဘာဝဘေးအန္တရာယ်ကြုံလာလျှင် ဘယ်လိုစနစ်တကျ ရင်ဆိုင်မလဲ၊ ဘယ်လိုကူညီမလဲ အတွေ့အကြုံရှိအောင် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။မိုးမပြို ပြိုခဲ့သည်ရှိသော် ဆောက်တည်ရာမရဖြစ်ကြရပြီး အသက်ဆုံးရှုံးမှုမျိုးတွေ မဖြစ်ပေါ်ရအောင် တကယ်ပါဝင်သူတွေရော လာရောက်ပေးကြသူတွေပါ သဘောပေါက်စေရန် လုပ်ဆောင်ခြင်းလည်းဖြစ်ပါတယ်၊ အကျိုးသက်ရောက်မှုတွေရအောင် ရည်ရွယ်ပါတယ်"ဟု အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

ငဝန်ရပ်ကွက် ရေကြီးနစ်မြုပ်မှုကြုံတွေ့နေရသူ တစ်ဦးကလည်း "ဒီအတွေ့အကြုံတွေဟာ အလွန်တန်ဖိုးရှိပါတယ်။ တကယ်ဖြစ်လာရင် ဘယ်လိုအစီအစဉ်တွေရှိတယ်၊ လိုက်နာရမယ်ဆိုတာတွေသိခဲ့ရပါပြီ။ အခုလိုစီစဉ်ဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူတွေကို အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။ **သိန်းဇော်(ရွှေလီဦး)**

လူကုန်ကူးသူ အမြစ်မကျန် အားလုံးပါဝင်တွန်းလှန်ရန်

ပြည်တွင်းသတင်း

စနစ်တစ်ခုမှတစ်ခုသို့ ကူးပြောင်းရာတွင် ပြည်သူများ၏ဆန္ဒနှင့်အသံများသည် အရေးကြီး ပြည်သူ့ဆန္ဒနှင့်အသံကိုနားထောင်၍ လွှတ်တော်အတွင်းမှအကောင်အထည်ဖော်ဆောင်ရွက်ပေးရ

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ပျော်ဘွယ်မြို့ အမေထိန်းခန်းမ၌ကျင်းပသည့် မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၂၈

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့ အမေထိန်းခန်းမ၌ ကျင်းပသည့် မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်အတွေ့အကြုံ ရှင်းလင်းပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်စိုးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးတို့က လွှတ်တော်အစည်းအဝေးများ၌ ဒေသခံပြည်သူများ၏ ဆန္ဒနှင့် လိုလားချက်များကို တင်ပြဆောင်ရွက်ခဲ့မှုနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က မိမိတို့နိုင်ငံ၏ လွှတ်တော်သက်တမ်းမှာ နုနယ်သေးပါကြောင်း၊ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပါတီစွဲ၊ လူမျိုးစွဲနှင့်ဒေသစွဲထက် နိုင်ငံအကျိုးကို အဓိကထားဆောင်ရွက်ကြပါကြောင်း၊ မိမိအနေဖြင့် ပြည်ထောင်စုလွှတ်တော် နာယကတာဝန်ယူခဲ့သည့် လပေါင်း (၃၀) အတွင်း ဥပဒေကြမ်း (၅၈)ခုကို အတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အသွေးနှင့် လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်စေရန်အတွက် အသိပညာရှင် အတတ်ပညာရှင်များ၏ စာတမ်းဖတ်ပွဲများနှင့် ဆွေးနွေးပွဲများကို ကျင်းပပေးနိုင်ခဲ့သည့်အပြင် နိုင်ငံတကာလွှတ်တော်များသို့ လေ့လာရေးခရီးစဉ်များ စေလွှတ်ပေးခဲ့ပါကြောင်း၊ စနစ်တစ်ခုမှတစ်ခုသို့ ကူးပြောင်းရာတွင် ပြည်သူများ၏ ဆန္ဒနှင့်အသံများသည် အရေးကြီးပါကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူ့ဆန္ဒနှင့်အသံကို နားထောင်၍ လွှတ်တော်အတွင်းမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးရပါကြောင်း၊ ပြည်သူများအနေဖြင့် တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးပိုင်းတို့နှင့်ပတ်သက်၍ တိုင်ကြားနိုင်ပါကြောင်း၊ တရားသူကြီးတစ်ဦးအနေဖြင့် လွတ်လပ်စွာတရားစီရင်ပိုင်ခွင့်ရှိသော်လည်း ကိုယ်ချင်းစာနာစိတ်ဖြင့် ဥပဒေနှင့်အညီသာ စီရင်ဆုံးဖြတ်ရန် လိုအပ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများသည် များစွာအရေးကြီးပါကြောင်း၊ အဆိုပါကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးကဏ္ဍတွင် လေးဆနှင့် ကျန်းမာရေးကဏ္ဍတွင် သုံးဆဘဏ္ဍာငွေများ ခွဲဝေတိုးမြှင့်ချထားပေးခဲ့ပါကြောင်း၊ ယခုအခါ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ၏ တိုးတက်မှုကို ပြည်သူများ ထိတွေ့ခံစားနေရပြီ ဖြစ်ကြောင်း၊ ယခုကျင့်သုံးနေသည့် စနစ်သည် ပြည်သူအဓိက ဖြစ်ပါကြောင်း၊ စစ်မှန်သော ဒီမိုကရေစီ ရှင်သန်ခိုင်မာရေးအတွက် ပြည်သူ့အဆုံးအဖြတ်သည် များစွာ အရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံကို တိုင်းရင်းသားများ စုပေါင်းပိုင်ဆိုင်၍ နယ်မြေဒေသအနှံ့ ဖြန့်ကြက်ကာ အေးတူပူမျှနေထိုင်ကြပါကြောင်းနှင့် လွှတ်တော်ရေးရာလုပ်ငန်းများဆောင်ရွက်မှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် လွှတ်တော်မှ ပါဝင်ဆောင်ရွက်နေမှု၊ နိုင်ငံတော်နှင့် ပြည်သူများအကျိုးစီးပွားအတွက် ဥပဒေကြမ်းများ ရေးဆွဲပြဋ္ဌာန်းခဲ့မှုတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ရှင်းလင်းပွဲသို့ တက်ရောက်လာကြသူများအား ရင်းနှီးစွာ နှုတ်ဆက်အားပေးသည်။

ထိုမှတစ်ဆင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ရမည်းသင်းမြို့ သီလဝခန်းမ၌ ကျင်းပသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲသို့ တက်ရောက်ခဲ့သည်။

အစီအစဉ်အရ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဘိုနီတို့က လွှတ်တော်ရေးရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်နေမှုများနှင့် လွှတ်တော်ရေးရာကော်မတီများတွင် ပါဝင်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က မိမိတို့ လွှတ်တော် ကိုယ်စားလှယ်များကို ပြည်သူများက ရွေးချယ်တင်မြှောက်၍ ဒေသအကျိုး၊ နိုင်ငံအကျိုးကို ပြည်သူ့ကိုယ်စား ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို လွှတ်တော်၌သာမက လွှတ်တော်အစည်းအဝေးများ ရပ်နားစဉ်တွင် လွှတ်တော်ရေးရာ ကော်မတီများဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အသွေးတိုးတက်အောင် အသိပညာရှင် အတတ်ပညာရှင်များကို ဖိတ်ကြား၍ ဟောပြောပွဲများ ကျင်းပခဲ့ပါကြောင်း၊ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ဘတ်ဂျက်ခွဲဝေရာ၌လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတွင် အရေးကြီးသော ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ၌ ပိုမိုသုံးစွဲခဲ့ပါကြောင်းဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

(သတင်းစဉ်)

မြန်မာ-ထိုင်း ပူးတွဲနယ်နိမိတ်ကော်မတီစည်းဝေး

နေပြည်တော် စက်တင်ဘာ ၂၈

မြန်မာ-ထိုင်း ပူးတွဲနယ်နိမိတ်ကော်မတီ အဋ္ဌမအကြိမ်အစည်းအဝေးကို စက်တင်ဘာ ၂၄ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဒူးစစ်ဌာနီဟိုတယ်၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် မြန်မာ-ထိုင်း ပူးတွဲကော်မတီ ဥက္ကဋ္ဌ ဝါစင်တေးရာဗေချန် ခေါင်းဆောင်သော ထိုင်းကိုယ်စားလှယ်အဖွဲ့တို့သည် နှစ်နိုင်ငံနယ်နိမိတ်တိုင်းတာရေးကိစ္စအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြပြီး အစည်းအဝေးသဘောတူညီချက် မှတ်တမ်းကို လက်မှတ်ရေးထိုးကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် မြန်မာ-ထိုင်း ပူးတွဲကော်မတီဥက္ကဋ္ဌ ဝါစင်တေးရာဗေချန်တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အစည်းအဝေး မှတ်တမ်းအရ နယ်နိမိတ် တိုင်းတာခြင်းဆိုင်ရာ နားလည်မှုအမှာစာတမ်း ရေးဆွဲချုပ်ဆိုနိုင်ရေးတို့အတွက် ကျွမ်းကျင်သူအဆင့် အစည်းအဝေးများကျင်းပရန်နှင့် နယ်နိမိတ်တိုင်းတာရေးအတွက် အထောက်အကူပြုစေမည့် မြေပုံခတ်ပုံများ ပူးတွဲရိုက်ကူးထုတ်လုပ်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း ဒုတိယဝန်ကြီး ဦးဝင်းမြင့် ပြည်မြို့၌ ရှင်းလင်းဆွေးနွေး

ပြည် စက်တင်ဘာ ၂၈

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက ပြည်မြို့ သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့် တက်ရောက်၍ ရှင်းလင်းဆွေးနွေးသည်။**(အပေါ်ပုံ)**

ထိုသို့ ဆွေးနွေးရာ၌ သန်းခေါင်စာရင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ရည်ရွယ်ချက်နှင့် နောက်ကြောင်းရာဇဝင်များ၊ ၂၀၁၄ ခုနှစ်တွင် ပြည်လုံးကျွတ်အဆင့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းမူဝါဒ၊ နည်းလမ်း၊ သန်းခေါင်စာရင်းကောက်ယူမည့်ရက်တို့နှင့် ဗဟိုသန်းခေါင်စာရင်းကော်မရှင်၊ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီများ ဖွဲ့စည်းထားရှိမှုအဆင့်ဆင့်တို့ကို လည်းကောင်း၊ သန်းခေါင်စာရင်းကောက်ယူမည့် လူအမျိုးအစားများ၊ မေးမြန်းမည့် မေးခွန်းများနှင့် ပတ်သက်၍လည်းကောင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်း၏ အသုံးဝင်မှုများကို လည်းကောင်း၊ သန်းခေါင်စာရင်းဥပဒေကို လည်းကောင်း၊ ကော်မတီအဆင့်ဆင့်မှ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းနှင့် ပတ်သက်၍ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးစေလိုသောအချက်များကို လည်းကောင်း ဒုတိယဝန်ကြီးက ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များနှင့် မရှင်းလင်းသည့် အချက်များကို မေးမြန်းကြရာ ဒုတိယဝန်ကြီးက လည်းကောင်း၊ သတင်းမီဒီယာများ၏ မေးမြန်းချက်များကိုပြည်သူ့အင်အားဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမြင့်ကြိုင်က လည်းကောင်း ပြန်လည်ရှင်းလင်းဆွေးနွေးဖြေကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ်နှင့် ရပ်ကွက်၊ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီဝင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဘာသာရေးအသင်းအဖွဲ့မှ ခေါင်းဆောင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သတင်းမီဒီယာများ စုစုပေါင်း ၆၁၀ ခန့်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

■ ရှေ့ဖုံးမှ

များကို လိုက်လံတပ်ဆင်နေပြီဖြစ်သည်။

မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းတံတား)မှ တာဝန်ရှိသူတစ်ဦးက "ဆီးဂိမ်းအမီ အသိပေးဆိုင်းဘုတ် ၄၀၀ တပ်ဆင်သွားမှာပါ"ဟု ဆိုခဲ့သည်။ အဆိုပါ အသိပေးဆိုင်းဘုတ်များကို ဩဂုတ်လအတွင်းမှ စတင်တပ်ဆင်လာခဲ့ရာ ယခုအခါ ဆိုင်းဘုတ် ၂၀၀ နီးပါး တပ်ဆင်ပြီးကြောင်း သိရ သည်။

ထို့အပြင် ရန်ကုန်မြို့တော်ကြီးကို မြို့ပြအင်္ဂါရပ်များနှင့်အညီ ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံသိရသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၈-၉-၂၀၁၃

ရွှေကျင်မြို့	၄ ဒသမ ၆၀ လက်မ
ပေါင်မြို့	၄ ဒသမ ၅၇ လက်မ
ဘီးလင်းမြို့	၄ ဒသမ ၂၅ လက်မ
မြင်းမူမြို့	၃ ဒသမ ၇၄ လက်မ
ပြင်ဦးလွင်မြို့	၃ ဒသမ ၆၆ လက်မ
ကျောက်ဆည်မြို့	၃ ဒသမ ၄၃ လက်မ
ချောက်မြို့	၃ ဒသမ ၄၃ လက်မ
ဆောမြို့	၂ ဒသမ ၈၀ လက်မ

ပြည်တွင်းသတင်း

ပဉ္စမအကြိမ်မြောက် မဟာမဲခေါင်ဒေသများဆိုင်ရာ ပြည်သူ့ကျန်းမာရေးညီလာခံဖွင့်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၈

ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်)၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် China Medical Board တို့ ပူးပေါင်းစီစဉ်မှုဖြင့် ပဉ္စမအကြိမ်မြောက် မဟာမဲခေါင်ဒေသများဆိုင်ရာ ပြည်သူ့ကျန်းမာရေးညီလာခံ (5th International Conference on Public Health among GMS) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာနေစိုးမောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် **(အောက်ယာပုံ)**က အမှာစကားပြောကြားရာတွင် ယခုညီလာခံ၌ ပြည်သူ့ကျန်းမာရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ချင်သည့် ဆန္ဒရှိသော ပညာရှင်များဆွေးနွေးတိုင်ပင်ပြီး သက်ဆိုင်ရာနိုင်ငံများ၏ ကျန်းမာရေး အဆင့်မြင့်လာအောင် ပြုလုပ်နိုင်သည့် အခွင့်အရေးများကို ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ သုတေသနအထောက်အထားအချက်အလက်များကို အခြေခံပြီး ကျန်းမာရေးမူဝါဒများရေးဆွဲခြင်းဖြင့် နိုင်ငံ၏ကျန်းမာရေး စီမံချက်များကို အောင်မြင်စေနိုင်မည်ဖြစ်ကြောင်း၊ ယခု ညီလာခံကို မဟာမဲခေါင်ဒေသတွင်း နိုင်ငံများတွင် သုတေသန အထောက်အထားများနှင့်ပတ်သက်သော ပညာရပ်များ သင်ကြားပို့ချမှု အဆင့်မြင့်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့်လည်း ကျန်းမာရေးမူဝါဒများ အဆင့်မြင့်မားလာနိုင်စေရန် ရည်ရွယ်ပြီး သင်ကြားပို့ချမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ပြည်ပနိုင်ငံများနှင့်လည်း သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ China Medical Board ဥက္ကဋ္ဌ Dr. Lincoln C Chen က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ပြည်သူ့ကျန်းမာရေး ဆောင်ရွက်ချက်ဆိုင်ရာပြခန်းကို ကြည့်ရှုအားပေးသည်။

မဲခေါင်ဒေသများဆိုင်ရာ ပြည်သူ့ကျန်းမာရေးညီလာခံကို မဲခေါင်ဒေသဆိုင်ရာ နိုင်ငံများအတွင်း နှစ်စဉ်ကျင်းပလေ့ရှိပြီး ပဉ္စမအကြိမ်အဖြစ် မြန်မာနိုင်ငံ၌ပထမဆုံး ကျင်းပခြင်းဖြစ်သည်။

ညီလာခံကို စက်တင်ဘာ ၂၉ ရက်အထိ အမျိုးသားဇာတ်ရုံ၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်နှင့် ဆေးတက္ကသိုလ်(၁)ရန်ကုန်တို့၌ ကျင်းပမည်ဖြစ်ပြီး မဲခေါင်ဒေသတွင်းနိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် China Medical Board၊ ပြည်တွင်းနှင့် နိုင်ငံတကာအစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြမည်ဖြစ်သည်။

ပဉ္စမအကြိမ်မြောက် မဲခေါင်ဒေသများဆိုင်ရာ ပြည်သူ့ကျန်းမာရေးညီလာခံတွင် ပြည်သူ့ကျန်းမာရေးနှင့်ပတ်သက်သော ကြုံတွေ့နေရသည့် အခက်အခဲများ၊ တိုးတက်သောခေတ်စနစ်၏ ဆေးကုသခြင်းဆိုင်ရာ နည်းပညာစိန်ခေါ်မှုများကို နိုင်ငံအချင်းချင်း အပြန်အလှန်နှီးနှောဖလှယ်ကြမည်ဖြစ်ပြီး ပညာရပ်ဆိုင်ရာ စာတမ်းပေါင်း ၁၃၉ စောင်ကို ဖတ်ကြားဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဘာဝအန္တရာယ်လျော့ပါးရေးလုပ်ငန်းအဖွဲ့ခွဲ တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၈

သဘာဝအန္တရာယ်လျော့ပါးရေးလုပ်ငန်းအဖွဲ့ခွဲ ပထမအကြိမ်တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က အမှာစကားပြောကြားရာတွင် သဘာဝဘေးအန္တရာယ်များကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ထိခိုက်မှုနည်းပါးစေရန် ဝန်ကြီးဌာနအနေဖြင့် တတ်နိုင်သရွေ့ ဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝဘေးများမှ ပိုမိုလုံခြုံမှုနှင့် ပိုမိုခံနိုင်ရည်ရှိသော လူ့အသက်ဆုံးရှုံးမှု၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့်ဖွံ့ဖြိုးမှုဆိုင်ရာ အသီးအပွင့်များကို အကာအကွယ်ပေးနိုင်သည့်နိုင်ငံတည်ဆောက်ရေးအတွက် မြန်မာနိုင်ငံသဘာဝဘေးလျော့ပါးရေးလုပ်ငန်းစီမံချက်ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ (Development Partners) အနေဖြင့် သဘာဝဘေးအန္တရာယ်လျော့ပါးရေးဟူသည့် တူညီသော ရည်မှန်းချက်ပန်းတိုင် ရောက်ရှိရေးအတွက် ဆက်လက်ပူးပေါင်း ဆောင်ရွက်မည့်စီမံချက်၊ လုပ်ငန်းအစီအစဉ်များအား ပွင့်လင်းမြင်သာစွာ ညှိနှိုင်းဆွေးနွေးသွားကြရန် တိုက်တွန်းပါကြောင်းပြောကြားသည်။

ထို့နောက် UNDP မှ ဌာနေကိုယ်စားလှယ် Mr. Toily Kurbanov က နှုတ်ခွန်းဆက်စကားပြောကြားပြီး အကောင်အထည်ဖော်လျက်ရှိသည့် မြန်မာနိုင်ငံ သဘာဝဘေးလျော့ပါးရေး လုပ်ငန်းစီမံချက်အား ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ဒေါ်စုစုလှိုင်၊ နှီးနွှယ်ဆက်စပ်ဝန်ကြီးဌာနများနှင့် UN Agencies၊ INGOs များမှ ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပလွေးသစ်တောကြိုးဝိုင်းတွင် တရားမဝင် ကျူးကျော်ဝင်ရောက်နေထိုင်သူများအား တရားစွဲအရေးယူ

ပလွေးသစ်တောကြိုးဝိုင်းပြနေရာ

နေပြည်တော် စက်တင်ဘာ ၂၈

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပလွေးသစ်တောကြိုးဝိုင်းတွင် တရားမဝင်ကျူးကျော်ဝင်ရောက်နေထိုင်သူများ**(အောက်ပုံ)**အား သက်ဆိုင်ရာ သစ်တောဦးစီးဌာနက တရားစွဲအရေးယူထားကြောင်း သိရသည်။

တရားမဝင် ကျူးကျော်ဝင်ရောက်နေကြသည့်နေရာမှာ ဒက္ခိဏသီရိမြို့နယ် ပလွေးသစ်တောကြိုးဝိုင်း အကွက်အမှတ်(၂၊ ၃) အတွင်း ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၂၀၆/၄)အနီးနှင့် အသစ်ဖောက်လုပ်ထားသော နေပြည်တော် မြို့ပတ်လမ်း(V-4လမ်း)အကြားတွင် ဖြစ်သည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ လယ်ဝေးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမြင့်အား မေးမြန်းကြည့်ရာ "ကျွန်တော်က လယ်ဝေးမြို့နယ်နဲ့ ဒက္ခိဏသီရိမြို့နယ်ကို ပူးတွဲတာဝန်ယူထားပါတယ်။ ပလွေးကြိုးဝိုင်းအတွင်းမှာ ကျူးကျော်နေထိုင်သူတွေ များပြားလာကြောင်းသတင်းရရှိတဲ့အတွက် ပြီးခဲ့တဲ့ စက်တင်ဘာ ၃ ရက်က လယ်ဝေးမြို့နယ် သစ်တောဦးစီးဌာနက ဝန်ထမ်းတွေနဲ့ ကြိုးဝိုင်းအနီးအနားရွာတွေက ကျေးရွာအုပ်ချုပ်ရေးမှူးတွေ ပူးပေါင်းပြီး ကွင်းဆင်းစစ်ဆေးခဲ့ရာမှာ အိမ်ထောင်စု ၂၉၀ ကျူးကျော်နေထိုင်နေတာကို တွေ့ရပါတယ်။

"ဒီလိုကျူးကျော်နေထိုင်တဲ့၂၉၀ အနက် ၂၄၆ ဦးကို သစ်တောဥပဒေပုဒ်မ ၄၀(က)နဲ့ စက်တင်ဘာ ၁၂ ရက်မှာ တရားစွဲဆိုထားပါတယ်။ ကျန်တဲ့သူတွေကိုလည်း ဆက်လက် အရေးယူသွားမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

အဆိုပါနေရာတွင် ၂၀၁၀ ခုနှစ်အထိ ကျူးကျော်နေထိုင်သူ မရှိခဲ့ဘဲ ၂၀၁၂ခုနှစ် ဇွန်လတွင် ကွင်းဆင်းစစ်ဆေးမှုအရ ယင်းသစ်တောကြိုးဝိုင်းအတွင်း ကျူးကျော်နေထိုင်သူ၅၈ဦးကို တွေ့ရှိရပြီး ၎င်းတို့အား သစ်တောဥပဒေအရ အရေးယူခဲ့ရကြောင်း၊ သို့သော် အဆိုပါ ကျူးကျော်သူများမှာ ရွှေ့ပြောင်းသွားခဲ့ခြင်းမရှိဘဲ ယင်းနေရာတွင်ပင် ဆက်လက်နေထိုင်ခဲ့သည့်အပြင် ယခုစက်တင်ဘာလတွင် ထပ်မံ ကွင်းဆင်းစစ်ဆေးသည့်အခါတွင် ကျူးကျော်နေထိုင်သူများ အဆမတန် တိုးပွားလာခဲ့ကြောင်း၊ ယခုတရားစွဲဆိုလျက်ရှိသည့် ကျူးကျော်သူ ၃၀၀ နီးပါးတွင် ယခင်တရားစွဲအရေးယူခံရဖူးသော ၅၈ ဦးလည်းပါဝင်ကြောင်း သိရှိရသည်။

"ဒီကြိုးဝိုင်းအတွင်းမှာ သဘာဝအတိုင်းပေါက်ရောက်နေတဲ့ သစ်ပင်ဝါးပင်ငယ်တွေကို သူတို့က ခုတ်ထွင်ရှင်းလင်းပြီး အိမ်တွေ ဆောက်နေကြတော့ အဲဒီလိုမလုပ်ကြဖို့ မြို့နယ် သစ်တောဦးစီးဌာနကနေ ၂၀၁၂ခုနှစ် ၁၂ လပိုင်းမှာ နှစ်ကြိမ်တိုင်တိုင် အကြောင်းကြားစာတွေ ပို့ခဲ့ပါတယ်။ ဒါ့အပြင် သစ်တောမြေဖြစ်တဲ့အတွက် ကျူးကျော်နေထိုင်ခြင်းမပြုဖို့ သတိပေးဆိုင်းဘုတ်တွေကိုလည်း စိုက်ထူခဲ့ပါတယ်။ ဒါပေမယ့် ဒီဆိုင်းဘုတ်တွေကို ကျွန်တော်တို့က ညနေထူရင် ညကျ ဖျက်ဆီးခံရတော့တာပဲ။ အကြိမ်ကြိမ်ဆိုင်းဘုတ်ထူ အကြိမ်ကြိမ် အဖျက်ခံရဖြစ်နေပါတယ်။ တချို့လူတွေက ဒီနေရာတွေမှာ နေရာဦးပြီး ပြန်ရောင်းစားနေကြတာကိုလည်း ကြားသိရပါတယ်။ ဒါကြောင့် တရားဥပဒေအရ အရေးယူဖို့ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်"ဟု နယ်မြေတာဝန်ခံဖြစ်သူ တောအုပ်ကြီး ဦးစိုးဝင်းက ပြောကြားသည်။

လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်ရှိ သစ်တောနယ်မြေများအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်မှုများမှာ ဤနေရာတွင်သာမက အခြားနေရာများတွင်လည်း ရှိနေသေးသဖြင့် ကွင်းဆင်းစစ်ဆေးပြီး ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးအရာရှိက ပြောကြားသည်။

" နေပြည်တော်ကို တည်ဆောက်ချိန်မှာ အနယ်နယ်အရပ်ရပ်ကနေ လာရောက်အလုပ်လုပ်ကိုင်သူတွေ များပြားလာပါတယ်။ အခုအချိန်မှာ တည်ဆောက်ရေးလုပ်ငန်းတွေ နည်းပါးသွားပေမယ့်လည်း တချို့က သူတို့ရပ်ရွာကို မပြန်ကြသေးဘဲ တွေ့ရာကြုံရာမှာ ခိုကပ်နေကြသူတွေရှိပါတယ်။

"နောက်တစ်ခုက သာမန်သစ်တောနယ်မြေ ကျူးကျော်တယ်ဆိုတာက သစ်တောမြေနဲ့ဆက်စပ်နေတဲ့ ကျေးရွာတွေကနေ လူနေအိမ်ခြေတွေများပြားလာပြီး သစ်တောနယ်မြေထဲကို ကျူးကျော်ဝင်ရောက်အိမ်ဆောက်နေထိုင်ကြတာပါ။ အခုနေရာကတော့ ရွာတွေနဲ့နီးစပ်မှုမရှိတဲ့အတွက် သီးခြားလာရောက်ကျူးကျော်နေထိုင်တဲ့ သဘောဖြစ်နေပါတယ်။

"နိုင်ငံတော်အနေနဲ့ ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားတဲ့ သစ်တောကြိုးဝိုင်းနဲ့ ကြိုးပြင်ကာကွယ်တောတွေအတွင်းမှာ နှစ်ကာလအတိုင်းအတာတစ်ခုအထိ ခွင့်ပြုချက်မရှိဘဲ အခြေချနေထိုင်တဲ့ ရွာစုနဲ့အိမ်ထောင်စုတွေကို မြေပြင်မှာ စာရင်းကောက်ယူပြီး အိမ်ခြေ ၅၀ နဲ့အထက် ကျေးရွာတွေကို ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်နဲ့ တရားဝင်နေထိုင်လုပ်ကိုင်ခွင့်ပြုမယ်ဆိုတာကို ဒီနှစ်ဇွန်လထဲမှာ ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ဒါနဲ့တစ်ဆက်တည်း သစ်တောနယ်မြေတွေအတွင်း နှစ်ကာလအတန်ကြာ တရားမဝင် အခြေချနေထိုင်နေတဲ့အိမ်ခြေ ၅၀ အောက်အိမ်စု၊ ရွာစုတွေကိုလည်း ကျေးရွာသစ်တွေအဖြစ် သစ်တောမြေကနေ စွန့်လွှတ်ပယ်ဖျက်ကာ စုစည်းနေရာချထားပေးဖို့ စီစဉ်ဆောင်ရွက်နေတဲ့ အကြောင်းကိုလည်း ဇူလိုင်လအတွင်းမှာ ထုတ်ပြန်ကြေညာပေးခဲ့ပါတယ်။

"အဲဒီကြေညာချက်မှာ ဖော်ပြခဲ့တာက **နှစ်ကာလအတန်ကြာ** နေထိုင်ခဲ့သူတွေကို ဆိုလိုတာပါ။ သို့သော် လူတချို့က ဒီထုတ်ပြန်ကြေညာချက်တွေအပေါ် အခွင့်ကောင်းယူပြီး ကျူးကျော်လာတဲ့ သဘောမျိုးလည်း ရှိပါတယ်။ ဒီလိုမျိုးလုပ်ရပ်တွေကိုတော့ မလုပ်သင့်ပါဘူး" ဟု နေပြည်တော်ကောင်စီနယ်မြေ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်လွင်က ရှင်းလင်းပြောကြားခဲ့သည်။

(သတင်းစဉ်)

ဆောင်းပါးနှင့် ပြည်တွင်းသတင်း

သက်ကြီးသူများအနာဂတ် ဖြည့်ဆည်းပေးရန်လိုအပ်

တက္ကသိုလ် မလေးခိုင်

လူတစ်ယောက်၏ စိတ်အနေအထားကို စမ်းသပ်စစ်ဆေးချင်တယ်ဆိုရင် သူဟာ သက်ကြီးရွယ်အိုတွေအပေါ်မှာ ဘယ်လိုပြုမူသလဲဆိုသည့်အချက်နှင့် စစ်ဆေးနိုင်ပါသည်။ လူတိုင်းသည် ကလေးကိုတော့ ချစ်တတ်ကြပါသည်။ သို့သော် သက်ကြီးရွယ်အိုများအပေါ်တွင်တော့ စိတ်ခံစားမှု အလေးမထားတတ်ကြသည်မှာ များပါသည်။ အကူအညီကင်းမဲ့နေသော သက်ကြီးရွယ်အိုများအပေါ် ကရုဏာတရားဖြင့် စောင့်ရှောက်ခြင်းသည် လူ့ယဉ်ကျေးမှုတစ်ရပ်အပေါ် တန်ဖိုးထားမှုပင်ဖြစ်ပါသည်။

သက်ကြီးရွယ်အိုစောင့်ရှောက်ရေးသည် လူမှုရေးအရ ကာကွယ်စောင့်ရှောက်မှုပေးရာမှာ အရေးကြီးသောလုပ်ငန်းတစ်ခု ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ၂၀၁၂ ခုနှစ် စာရင်းအရ လူဦးရေသန်း ၆၀ ၏ ၉ ဒသမ ၁ ရာခိုင်နှုန်းသည် အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အိုများဖြစ်သည်။ သက်ကြီးရွယ်အိုခြောက်သန်းနီးပါးခန့်ရှိသည့်အနက် ၁၀ ရာခိုင်နှုန်းခန့်ဖြစ်သော ခြောက်သိန်းနီးပါးခန့် သက်ကြီးရွယ်အိုများကို အထူးကာကွယ်စောင့်ရှောက်ပေးရန် အခြေအနေသို့ ရောက်ရှိနေပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အသိအမှတ်ပြု ပထမအဆင့် ဘိုးဘွားရိပ်သာ ၂၉ ခု၊ ဒုတိယအဆင့် ကိုးခု၊ တတိယအဆင့် ၂၃ ခုရှိပြီး စုစုပေါင်း ၆၁ ခု ရှိပါသည်။ ရိပ်သာအခြေပြု ဘိုးဘွားရိပ်သာများ၌ စောင့်ရှောက်မှုပေးနိုင်သည့် ဘိုးဘွားဦးရေနှင့် ရပ်ရွာအခြေပြုစောင့်ရှောက်မှုပေးနိုင်သည့် ဘိုးဘွားဦးရေမှာ နည်းပါးနေပါသေးသည်။ ထို့ကြောင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းတွင် ဘိုးဘွားရိပ်သာ တည်ထောင်စောင့် ရှောက်သည့်နည်းလမ်းတစ်ခုတည်းဖြင့် မလုံလောက်နိုင်ကြောင်း တွေ့ရပါသည်။ ဘိုးဘွားရိပ်သာတွင် စောင့်ရှောက်မှုခံယူခြင်းသည် နည်းလမ်းတစ်ခုမျှသာဖြစ်သည်။ နိုင်ငံတကာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းများကို လေ့လာကြည့်လျှင်-

(၁) အိမ်တိုင်ရာရောက် စောင့်ရှောက်ခြင်း၊ တစ်နည်းအားဖြင့် စေတနာ့ဝန်ထမ်းအခြေပြု စောင့်ရှောက်ခြင်း။
(၂) မိသားစုအခြေပြု စောင့်ရှောက်ခြင်း။
(၃) ရပ်ရွာအခြေပြု စောင့်ရှောက်ခြင်း။
(၄) ဂေဟာငယ်များ တည်ဆောက်ဖွင့်လှစ်၍ စောင့်ရှောက်ခြင်း။
(၅) နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာများ ဖွင့်လှစ်စောင့်ရှောက်ခြင်း။
(၆) စေတနာ့ဝန်ထမ်းဘိုးဘွားရိပ်သာများ ထူထောင်ခြင်းတို့ကို တွေ့ရသည်။

ဘိုးဘွားများ စောင့်ရှောက်သောရိပ်သာများမှာ လက်ခံနိုင်သော အမျိုးသား/ အမျိုးသမီးဦးရေ ကန့်သတ်ချက်နှင့် အချို့သောစည်းကမ်းသတ်မှတ်ချက်များကြောင့်လည်းကောင်း၊ ဘိုးဘွားများကိုယ်တိုင် မိမိဒေသကို ခင်တွယ်ကြ၍သော်လည်းကောင်း၊ ဘိုးဘွားရိပ်သာများသို့ မသွားရောက်လိုသော ဘိုးဘွားများစွာရှိပါသည်။ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာများကိုလည်း မကြာမီကာလတွင် စတင်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနက ဖော်ပြထားပါသည်။ မြန်မာမှုဓလေ့တွင် မိသားစုများသည် သက်ကြီးရွယ်အိုများနှင့် မိဘများကို လေးစားချစ်ခင်သော ရိုးရာအစဉ်အလာများနှင့် သားသမီးများမှ မိဘများအပေါ် တစ်ဖန် ပြန်လည်တာဝန်ယူတတ်မှုများမှာ မိဘနှင့်သားသမီးကြားတွင် ဖြစ်ပေါ်လာသော မေတ္တာစေတနာ ရောင်ပြန်ဟပ်မှုများပင်ဖြစ်ပါသည်။ မြန်မာတို့၏ ခိုင်မာသည့် ရိုးရာယဉ်ကျေးမှု ပိုမိုပြီး တန်ဖိုးမြင့်စေပါသည်။

မြန်မာနိုင်ငံတွင် မိဘနှင့်သားသမီးများအကြား အထောက်အပံ့သည် အပြန်အလှန်သက်ရောက်မှု ရှိပါသည်။ သက်ကြီးရွယ်အို မိဘ၊ ဦးကြီး၊ ဒေါ်ကြီးများအား သား/သမီး၊ တူ/တူမများက ကြည့်ရှုထောက်ပံ့မှုများပေးသလို မိဘများကလည်း မိသားစုများအား ခွန်အားရှိသလို ပြန်လည်ကူညီပေးနိုင်စွမ်းရှိသည်ကို တွေ့ရသည်။ အထူးသဖြင့် မိမိသားသမီးများပြင်ပတွင် စိတ်အေးချမ်းသာစွာ လုပ်ငန်းတာဝန်ထမ်းဆောင်နိုင်ရန်အတွက် အိမ်တွင်ကျန်ရစ်သော မိဘများကလည်း နေအိမ်နှင့် မြေးများအား ကြည့်ရှုစောင့်ရှောက်ကူညီမှုပေးတတ်ကြသည်။ ထိုကဲ့သို့ ကူညီလုပ်ကိုင်ပေးရသည်ကိုပင် ကျေနပ်ပျော်ရွှင်နေကြသည်။ သက်ကြီးရွယ်အိုအများစုသည် ၎င်းတို့ကို မိသားစုအတွင်းတွင် အသုံးဝင်သောသူများအဖြစ် နေလိုသောကြောင့်ပင် ဖြစ်သည်။ အသက်အရွယ်ကြီးလာသည်နှင့် အမျှ ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုများ မလွဲမသွေ ရှိလာပါသည်။ ထိုပြောင်းလဲမှုများသည် စိတ်ပိုင်းဆိုင်ရာတွင် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေပါသည်။ အသက်အရွယ်ကြီးလာခြင်း၊ အိုမင်းလာခြင်းသည် မကျန်းမာခြင်း၊ ရောဂါဖြစ်ခြင်းမဟုတ်ပါ။

သို့သော်လည်း ယနေ့မြန်မာမိသားစုများအတွင်း သက်ကြီးရွယ်အိုစောင့်ရှောက်မှုတွင် လိုအပ်ချက်များရှိနေသေးကြောင်းတွေ့ရပါသည်။လုံလောက်သော ပြုစုစောင့်ရှောက်မှုနှင့် အထောက်အပံ့ပေးနိုင်ခြင်းမရှိသော အခြေအနေမှာ ဆင်းရဲနွမ်းပါးမှုကြောင့်ဖြစ်သည်ကို သိရသည်။ မိဘနှင့်သားသမီး နှစ်ဦးစလုံးအတွက် ထိခိုက်နိုင်သည်။ မိဘများအပေါ် ကာကွယ်စောင့်ရှောက် ကူညီပေးနိုင်မှု အကန့်အသတ်ဖြစ်လာသည်။ အရွယ်ရောက်ပြီး သားသမီးများ၏ ရွှေ့ပြောင်းအခြေချနေထိုင်မှုများကြောင့်လည်း ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံအတွင်းရှိ သက်ကြီးရွယ်အိုများကို လူမှုရေးကာကွယ်စောင့်ရှောက်မှုပေးနိုင်ရန်အတွက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးမှ စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းကြီးတစ်ခုအဖြစ် ပါဝင်ဆောင်ရွက်ပေးနေပါသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သက်ကြီးရွယ်အို အဘိုးအဘွားများ၏အနာဂတ်မှာ လူမှုဘဝသာယာငြိမ်းချမ်းစေရေးကို ရည်ရွယ်၍ ၁၉၉၈ ခုနှစ်မှ စတင်ပြီး သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ စောင့်ရှောက်မှုပေးရန်လိုအပ်သော ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်ခြင်း၊ ဆေးဝါးထောက်ပံ့ခြင်း၊ ငွေကြေးထောက်ပံ့ခြင်းတို့ကို ဗဟို၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ မြို့နယ် ကျေးလက်ဒေသအထိ ဖွဲ့စည်းထားသော မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဆင့်ဆင့်မှ စေတနာ့ဝန်ထမ်းအသင်းဝင်များက ဆောင်ရွက်ပေးလျက်ရှိပါသည်။

သက်ကြီးရွယ်အိုများ၏ ကျန်းမာရေးလိုအပ်ချက်တစ်ရပ်ဖြစ်သည့် မျက်စိအတွင်းတိမ် ခွဲစိတ်ကုသပေးခြင်း၊ မျက်မှန်ပြုလုပ်ပေးခြင်း၊ သွားကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ သွားစိုက်ပေးခြင်း၊ အံပုံတပ်ပေးခြင်း၊ နားအကြားအာရုံစစ်ဆေးပေးခြင်း၊ နားကြားကိရိယာတပ်ဆင်ပေးခြင်း၊ အထွေထွေရောဂါကုသမှုပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် အဘိုးအဘွားများမှာ မိသားစုဝန်ထုပ်ဝန်ပိုးမဖြစ်စေတော့ပဲ မိသားစုအတွင်း သွားလာလှုပ်ရှား ကူညီပေးနိုင်သူများအဖြစ် ပြန်လည်ရပ်တည်နိုင်ခဲ့ကြသည်။ ရပ်ရွာအတွက်လည်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရှေးဖြစ်သမိုင်းကြောင်းများ၊ မိရိုးဖလာအသိပညာနှင့် မိမိတို့၏ အတွေ့အကြုံများကို ငယ်ရွယ်သူများအား မျှဝေအကြံပေးလာနိုင်ကြသည်။

အိမ်တိုင်ရာရောက် စောင့်ရှောက်ခြင်းလုပ်ငန်းကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာလတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ Help age Korea အဖွဲ့နှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ မြို့နယ် ရှစ်မြို့နယ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ယခုဆိုလျှင် မြို့နယ် ၃၅ မြို့နယ်တွင် ဆက်လက် အကောင်အထည်ဖော်ပြီး စီမံချက်အစီအစဉ်ဖြင့် ဆောင်ရွက်နေပါသည်။ အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့်ရှောက်ခြင်း၏ ရည်ရွယ်ချက်မှာ ဆင်းရဲနွမ်းပါးကာ အားငယ်၍ အထီးကျန်ဆန်နေသော အဘိုးအဘွားများ၏ ကျန်းမာရေးနှင့်လူမှုရေး အခြေအနေများကို တိုးတက်ကောင်းမွန်မှုရှိအောင် ဆောင်ရွက်ပေးရန်ဖြစ်သည်။ စောင့်ရှောက်ရန်လိုအပ်သောဘိုးဘွားများရှိရာသို့ လေ့ကျင့်သင်ကြားပေးထားသော စေတနာ့ဝန်ထမ်းများက အိမ်တိုင်ရာရောက် သွားရောက်စောင့်ရှောက်ခြင်းပင်ဖြစ်သည်။ ဘိုးဘွားတစ်ဦးကို စေတနာရှင်တစ်ဦးက အိမ်တိုင်ရာရောက် စောင့်ရှောက်ပေးခြင်းဖြစ်သည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ စေတနာ့ဝန်ထမ်း (Volunteer)များကို ကူညီဆောင်ရွက်ရန်အတွက် နည်းလမ်းများ၊ လမ်းညွှန်မှုများပေးနိုင်ရန် စေတနာ့ဝန်ထမ်းသင်တန်း ပြန်လည်ပို့ချသူသင်တန်းကို ၂၀၀၇ ခုနှစ် မတ်လတွင် ပေးခဲ့သည်။ အသင်းဝင် စေတနာ့ဝန်ထမ်းများက သက်ကြီးရွယ်အိုများအား မျက်စိ၊ သွား၊ နားနှင့် အထွေထွေကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများအပြင် သက်ကြီးရွယ်အိုအချင်းချင်း ရင်းနှီးချစ်ကြည်စွာ ဆွေးနွေးတိုင်ပင်ပြောဆိုနိုင်ကြရန် စုစည်းပေးခြင်း၊ ဘုရားပုထိုးများသို့ သွားရောက်ကြည်ညိုနိုင်ရန် စီစဉ်ပေးခြင်း၊ အပန်းဖြေသွားလာနိုင်ရန် စီစဉ်ပေးခြင်း အစရှိသော လုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်များအလိုက် ဆောင်ရွက်ပေးခဲ့သည်။

> **လူတိုင်းသည် ကလေးကိုတော့ ချစ်တတ်ကြပါသည်။ သို့သော် သက်ကြီးရွယ်အိုများအပေါ်တွင်တော့ စိတ်ခံစားမှု အလေးမထားတတ်ကြသည်မှာ များပါသည်။ အကူအညီကင်းမဲ့နေသော သက်ကြီးရွယ်အိုများအပေါ် ကရုဏာတရားဖြင့် စောင့်ရှောက်ခြင်းသည် လူ့ယဉ်ကျေးမှုတစ်ရပ်အပေါ် တန်ဖိုးထားမှုပင်ဖြစ်ပါသည်။**

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အဓိကအားဖြင့် စောင့်ရှောက်မှုခံယူမည့် သက်ကြီးရွယ်အိုများကို ရွေးချယ်ရာတွင်-

(၁) အသက် ၆၀ နှစ် အထက်ရှိသူ။
(၂) အားအင်ချည့်နဲ့၊ မသန်မစွမ်းဖြစ်နေသူ။
(၃) တစ်ဦးတစ်ယောက်၏ ထောက်ပံ့ကူညီမှုမရဘဲ နေထိုင်ရသူ။
(၄) မိမိဘဝရပ်တည်ရေးအတွက် ဝင်ငွေအလုံအလောက်မရှိသူ။
(၅) အထီးကျန်ဆန်သူများ ဖြစ်ပါသည်။

ဤသို့ စောင့်ရှောက်မှုပေးခြင်းသည် ဘဝနေညိုချိန်ကာလကလေးမှာ အဘိုးအဘွားများအတွက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများရှိလာအောင် ဝိုင်းဝန်းအားပေးနှစ်သိမ့် ကူညီဆောင်ရွက်ပေးခြင်းပင်ဖြစ်ပါသည်။ သက်ကြီးရွယ်အိုများအား အိမ်တိုင်ရာရောက် စောင့်ရှောက်မှုလုပ်ငန်းကို မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဗဟိုအစီအစဉ်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အသင်းအဆင့်ဆင့်မှ ၎င်းတို့၏အစီအစဉ်ဖြင့်လည်းကောင်း၊ စီမံချက်ဝင် မြို့နယ်များနှင့် မြို့နယ်အသီးသီးတွင် ဆောင်ရွက်လျက်ရှိပါသည်။ အသင်းမှ စောင့်ရှောက်ခဲ့သော သက်ကြီးရွယ်အို လူဦးရေစာရင်းမှာ ၂၀၀၇ မှ ၂၀၁၂ ခုနှစ်အထိ ခြောက်နှစ်တာကာလအတွင်း စီမံချက်ဝင်မြို့နယ်များနှင့် မြို့နယ်အသီးသီးတွင် အိမ်တိုင်ရာရောက် စောင့်ရှောက်ပေးရသော ဘိုးဘွားဦးရေမှာ ၇၀၀၂၈ ဦးဖြစ်ပြီး ၁၉၉၉ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ၁၄ နှစ်တာကာလအတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၅ ခုတွင် ပုံမှန်စောင့်ရှောက်မှုပေးနေသည့် ဘိုးဘွားဦးရေမှာ ၂၃၉၀၉၆၂ ဦး ရှိခဲ့ပြီဖြစ်သည်။ ဆက်လက်၍လည်း ဆောင်ရွက်နေဆဲဖြစ်ပါသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် သက်ကြီးရွယ်အိုစောင့်ရှောက်မှုလုပ်ငန်းကို အသင်းအစီအစဉ်ဖြင့် ဆောင်ရွက်သလို ပြင်ပမှ စေတနာ၊ မေတ္တာတရားများပြည့်ဝကြသောအလှူရှင်များ၏ကူညီပံ့ပိုးမှုရရှိနိုင်ရန်လည်း စည်းရုံးဆောင်ရွက်ခြင်းများ ပြုလုပ်ကြပါသည်။ ကျန်းမာရေးဦးစီးဌာနမှ (Geriatrics Medicine)သက်ကြီးရွယ်အိုကျန်းမာရေးဆေးပညာနှင့် ခန္ဓာကိုယ်သန်စွမ်းရေးအတွက် ကာယလှုပ်ရှားမှုသင်တန်းများတွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် စေတနာ့ဝန်ထမ်းများက ပူးပေါင်းကူညီပေးခဲ့ပါသည်။

သက်ကြီးရွယ်အိုများကို စောင့်ရှောက်ခြင်းသည် လူသားအားလုံးတို့၏ အမြင့်မြတ်ဆုံး တာဝန်ဝတ္တရားသိရှိမှုဟု ခေါ်ဆိုနိုင်ပါသည်။ မိမိတို့၏ ယနေ့ဘဝကို ပျော်ရွှင်စရာဖြစ်လာရအောင် ဖန်တီးပေးခဲ့သူများမှာ မိမိတို့ရှေ့က လျှောက်လှမ်းသွားနှင့်သူများဖြစ်ကြသော သက်ကြီးရွယ်အိုများပင်ဖြစ်ကြပါသည်။ ပွင့်လန်းလာမည့်ပန်းကလေးများကို ပြုစုပျိုးထောင်ရသကဲ့သို့ လူ့အဖွဲ့အစည်းနှင့် မိသားစုအတွက် ပေးဝေခဲ့ကြသူများဖြစ်သည့် သက်ကြီးရွယ်အိုများကိုလည်း စောင့်ရှောက်ကူညီပေးသင့်ပါသည်။ ထိုသို့ စောင့်ရှောက်ရာတွင် လူ့ဘဝနေဝင်ချိန်ကို စောင့်ဆိုင်းနေကြမည့်အစား မျှော်လင့်ချက်ပြည့်ဝသော အနာဂတ်ပိုင်ရှင်များဖြစ်လာစေရန် တန်ဖိုးရှိသောပန်းတိုင်များကို အကောင်အထည်ဖော်ခွင့် ပေးသင့်ပါသည်။

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းကြီးသည် သက်ကြီးရွယ်အိုများအားလုံး ကျန်းမာပျော်ရွှင်သော အနာဂတ်ဘဝများ ပိုင်ဆိုင်ခံစားနိုင်ကြပါစေရန် စေတနာ့ဝန်ထမ်းအသင်းဝင်များဖြင့် ဆောင်ရွက်ပေးလျက် ရှိနေပါသည်။ ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ကျရောက်မည့် ဘိုးဘွားများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သူတို့အတွက် လိုအပ်သောအနာဂတ်များကို လူထုအဖွဲ့အစည်းအားလုံးက ဝိုင်းဝန်းကူညီ ဖြည့်ဆည်းပေးကြပါစို့ဟု တိုက်တွန်းလိုက်ရပေသည်။ ။

ပင်းတယ စက်တင်ဘာ ၂၈

ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ ပင်းတယဆေးရုံအတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ဘဏ္ဍာ ငွေကျပ် သိန်း ၃၀၀၀ ဖြင့် ဆောက်လုပ်လျက်ရှိသော အမျိုးသား လူနာဆောင်၊ အမျိုးသမီး လူနာဆောင်၊ အစည်းအဝေးခန်းမ၊ ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာ၊ လူနာစောင့်များနားနေဆောင်၊ ဆေးရုံ အုတ်တံတိုင်း၊ အဝီစိတွင်းနှင့် ရေစင် အသစ်စသည့် ဆေးရုံအဆောက်အအုံသစ်များ ဖွင့်လှစ်ပွဲအခမ်းအနားကို

ဆေးရုံအဆောက်အအုံသစ်များဖွင့်လှစ်ပွဲ ကျင်းပ

စက်တင်ဘာ ၂၆ ရက်က ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

အဆိုပါ ဆေးရုံအဆောက်အအုံသစ်များကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကိုကိုနှင့် ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းဦးနှင့် မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သန်းမင်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အလှူငွေများနှင့်ဆေးရုံသုံးပစ္စည်းများ လှူဒါန်းရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က ဆေးရုံရှိ အဆောင်တိုင်း TV တပ်ဆင်နိုင်ရန် ငွေကျပ် ၁၀ သိန်း၊ စေတနာမွန် ရေသန့်နှင့် သွေးအလှူရှင်များအဖွဲ့သို့ ငွေကျပ် ၁၀ သိန်းနှင့် ရွာင်မြို့ ပြည်သူ့ဆေးရုံ လူနာစောင့်ကြည့်စက်အတွက် အလှူ ငွေကျပ် ၁၀ သိန်း၊ ဆောင်းပေမာန်ကုမ္ပဏီက အလှူငွေကျပ်သိန်း ၃၀၊ ဆေးရုံအဝင်လမ်း ကတ္တရာခင်းရန်အတွက် ဦးစံထင်မိသားစုက အလှူငွေကျပ် ၈၅၀၀၀၀၊ ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ်(၆၉)တွင် တက်ရောက်နေသော ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၄)မှ တပ်မတော်သားအရာရှိများ၊ အင်းလေးအင်းဟိုတယ် ဦးကျော်ဇေယျ၊ ကံပွင့်သက်န်းတိုက် (တောင်ကြီးမြို့)နှင့် ဒေါ်အုန်းရင် မိသားစုတို့က ဆေးရုံလူနာများ အိပ်ရန် ငွေကျပ်သိန်း ၂၀ တန်ဖိုးရှိ ရေမြှုပ်မွေ့ရာ ၅၀ အပြင် အလှူရှင်များကလည်း ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

မိုးမိုးထွေး(ပင်းတယ)

စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

စလင်း စက်တင်ဘာ ၂၈

စလင်းမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်အတွက် စက်တင်ဘာ ၂၁ ရက်က စလင်းမြို့ ပေါင်းတူးကျေးရွာအုပ်စု မြေနီကုန်းကျေးရွာ တောင်သူဦးဝင်းမော်၏ ပေါင်းစည်းလယ်ယာအနီး စပါးခင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်း၊ ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးမှူးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကျေးရွာပြည်သူများ ပါဝင်ဆင်နွှဲခဲ့ကြောင်းသိရသည်။

စစ်ကြည်(စလင်း)

တိကျတိုင်းတာမှု နည်းပညာဥပဒေ အတည်ပြုပြဋ္ဌာန်းနိုင်ရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် စက်တင်ဘာ ၂၈

နိုင်ငံစီးပွားရေး ပြုပြင်ပြောင်းလဲရာတွင် အရင်းအနှီးနှင့် နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ်တို့ ပြည့်စုံလုံလောက်မှုမရှိသေးမီ ကာလအတွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများကို မလွဲမသွေ ဖိတ်ခေါ်ရမည်ဖြစ်ကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများကြောင့် မိမိနိုင်ငံသားများ၏အကျိုးစီးပွားကို မထိခိုက်စေရေးအတွက် ကာကွယ်ပေးရန် လိုအပ်ကြောင်း၊ ယခုအခါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလည်း ဝင်ရောက်နေပြီဖြစ်ရာ ပြည်တွင်းရှိ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ထိခိုက်နစ်နာမှုမရှိအောင်၊ ယှဉ်ပြိုင်မှုစွမ်းအားများ မြင့်မားတိုးတက်လာအောင်၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ စွမ်းဆောင်ရည်နှင့် ထုတ်လုပ်မှုစွမ်းအားများ တိုးတက်လာအောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ထို့အပြင် အာဆီယံလွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်အရ စီးဝင်လာမည့် ကုန်စည်၊ ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအား ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိအောင် အားပေးမြှင့်တင်ရန် လိုအပ်ကြောင်းဖြင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက စက်တင်ဘာ ၂၈ ရက်နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးဌာနရုံး၌ကျင်းပသော တိကျတိုင်းတာမှုနည်းပညာဥပဒေ (မူကြမ်း) အတည်ပြုပြဋ္ဌာန်းနိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

စီစဉ်ဆောင်ရွက်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယခုအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေး စတင်ချိန်တွင် စံချိန်စံညွှန်းသတ်မှတ်ရေးဆိုင်ရာ ဥပဒေ(မူကြမ်း)ကို ဆွေးနွေးအတည်ပြုနိုင်ရန် ရည်မှန်းထားပါကြောင်း၊ တိကျတိုင်းတာမှု နည်းပညာဥပဒေအား ပြဋ္ဌာန်းနိုင်မည်ဆိုပါက ပြည်သူလူထုနှင့်နိုင်ငံတော် စီးပွားအတွက် နိုင်ငံတကာအတိုင်းအတာယူနစ်များနှင့် တစ်ပြေးညီဖြစ်စေရေး၊ ကုန်သွယ်မှုညီမျှစေရေး၊ ထုတ်ကုန်အရည်အသွေးများ တိုးမြှင့်စေရေး၊ အခွန်အကောက်များ မှန်ကန်စွာကောက်ခံရရှိစေရေးတို့ကို အထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း၊ ယခုဥပဒေကြောင့် အကျိုးကျေးဇူးရရှိမည့် သက်ဆိုင်သော လုပ်ငန်းနယ်ပယ်၊ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ များပြားသောကြောင့် အရည်အသွေးနှင့်ပတ်သက်သောလုပ်ငန်းများတွင် တစ်နိုင်ငံလုံးမှ ပါဝင်လှုပ်ရှားရန် လိုအပ်ပါကြောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် ဥပဒေအကောင်အထည်ဖော်ရန်အတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် နိုင်ငံတကာနှင့်ဆက်စပ်ဆောင်ရွက်နိုင်မည့် အမျိုးသားအဆင့်တိကျတိုင်းတာမှုသိပ္ပံဌာန တစ်ခုကို တည်ထောင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသိပ္ပံဌာန ဓာတ်ခွဲခန်းကြီးသည် နိုင်ငံတကာအတိုင်းအတာနှင့်ညီအောင်အမျိုးသားစံများစတင်ဖြည့်တင်းခြင်းနှင့် ဓာတ်ခွဲခန်း၏ Calibration ရလဒ်များကို နိုင်ငံတကာနှင့်ညီအောင် စွမ်းဆောင်ပေးနိုင်မည့်သိပ္ပံပညာရှင်များကို စတင်မျိုးထောင်ရမှာဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ မိမိတို့၏စစ်ဆေးရေးလုပ်ငန်းများတွင် သုံးသောအတိုင်းအတာများအား ထိုသိပ္ပံဌာန၏ အမျိုးသားတိုင်းတာမှုစံများနှင့် ကိုက်ညီအောင် ပြန်ပြီးတိုက်ဆိုင်စစ်ဆေးရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် ဌာနအသီးသီး၏ လက်ရှိအသုံးပြုနေသော အတိုင်းအတာများ၊ စစ်ဆေးသောပညာရှင်များ၊ စစ်ဆေးသော နည်းစနစ်များကို ပိုမိုတိုးမြှင့် ဖြည့်ဆည်းထားပြီး မကြာမီပေါ်ထွက်လာမည့် တိကျတိုင်းတာမှု နည်းပညာဥပဒေနှင့်အညီ လိုက်နာစစ်ဆေးညှိနှိုင်းကြရန် လိုအပ်သည်ဟု ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယရဲအုပ်လောင်း(အမျိုးသမီး)စည်သူတပ်ခွဲ သင်တန်းဆင်း

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း၊ ဒုတိယရဲအုပ်လောင်း(အမျိုးသမီး) သင်တန်းအမှတ်စဉ်(၇၃/၂၀၁၂)စည်သူတပ်ခွဲ သင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၇ ရက် နံနက် ၇ နာရီခွဲက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ ရဲအရာရှိလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ် ဇော်ဝင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်မှ ရဲဦးစီးအရာရှိချုပ်နှင့် ဦးစီးအရာရှိကြီးများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့မှူးများ၊ သင်တန်းသားများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် ရဲချုပ်ဇော်ဝင်းက အကောင်းဆုံးကျောင်းသူဆုနှင့် လေ့ကျင့်ရေး ထူးချွန်ဆုရ ကျောင်းသူအမှတ်(၄၆)၊ ဒုတိယရဲအုပ်လောင်းမိုးအေး၊ ဥပဒေဘာသာရပ်ထူးချွန်ဆုရ ကျောင်းသူအမှတ် (၁၆၈) ဒုတိယရဲအုပ်လောင်း အေးအေးထွန်း၊ အင်္ဂလိပ်စာဘာသာရပ်ထူးချွန်ဆုရ ကျောင်းသူ အမှတ်

(၁၇၃) ဒုတိယ ရဲအုပ်လောင်း ကြည်ပြာထင်အောင်၊ ကွန်ပျူတာဘာသာရပ်ထူးချွန်ဆုရ ကျောင်းသူအမှတ်(၂၂၈) ဒုတိယ ရဲအုပ်လောင်း ခိုင်သဥ္ဇာကျော်တို့ကို ဆုများချီးမြှင့်သည်။

ယင်းနောက် ရဲချုပ်က မိန့်ခွန်းပြောကြားရာ၌ "အရာရှိငယ်တစ်ဦးတွင် ရှိရမည့် အရည်အချင်းများဖြစ်သော နိုင်ငံတော်နှင့်လူမျိုးအပေါ် သစ္စာစောင့်သိခြင်း၊ အထက်အောက်ရိုသေလေးစားခြင်း၊ အမိန့်နာခံတတ်ခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ ဂုဏ်အင်္ဂါရပ်များနှင့် ပြည့်ဝနေအောင် သင်တန်းကျောင်းက လေ့ကျင့် သင်ကြားပေးလိုက်ပြီးဖြစ်၍ အရည်အချင်းပြည့်မီသည့် အမျိုးသမီးအရာရှိငယ်များအဖြစ် တာဝန်ထမ်းဆောင်ခွင့်ရတော့မည် ဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတကာ ရဲတပ်ဖွဲ့တိုင်းတွင် အမျိုးသမီးရဲအရာရှိများ၏ ဘက်ပေါင်းစုံက တာဝန်ယူဆောင်ရွက်မှုများသည် အရေးပါသည့် အင်အားတစ်ရပ် ဖြစ်ကြောင်း။

ရဲမေများသည် အကြမ်းဖက်မှုမျိုးစုံခံစားနေကြရသော မှုခင်းသားကောင်များအပေါ်၌ လူသားချင်းစာနာသည့် အားပေးမှု၊ ပံ့ပိုးမှုများပေးရန်၊ အပြစ်ကျူးလွန်သည့် တရားခံများ ဖော်ထုတ်ပြီး အပြစ်ကျူးလွန်သူများကို အမြန်ဆုံးတရားစီရင်၍ တရားမျှတမှုရယူပေးကြခြင်းဖြင့် တပ်ဖွဲ့ကို အထောက်အကူပြုပေးရမည်ဖြစ်ကြောင်း မှာကြားသည်။

မမ(လားရှိုး)

ရန်ကုန် စက်တင်ဘာ ၂၈

ပေါက်တောဝအင်းစိန်လမ်းဆုံနှင့်သီရိမင်္ဂလာဈေးသစ်ရှေ့ ယာဉ်ကြောပိတ်ဆို့မှုများလာနိုင်

လှည်းတန်းခုံးကျော်တံတားဖွင့်လှစ်အသုံးပြုချိန်တွင် ဟံသာဝတီအဝိုင်းနှင့် ရှစ်မိုင်လမ်းဆုံတို့၌ ယာဉ်ပိတ်ဆို့မှုပိုမိုများပြားလာသကဲ့သို့ ယခုနှစ်ကုန်ပိုင်း ဘုရင့်နောင်နှစ်ထပ်ခုံးကျော်တံတား ဖွင့်လှစ်အသုံးပြုလာပြီးနောက် ပေါက်တောဝ အင်းစိန်လမ်းဆုံနှင့် သီရိမင်္ဂလာဈေးသစ်ရှေ့တို့တွင် ယာဉ်ပိတ်ဆို့မှုများပြားလာနိုင်သည်ဟု လမ်းအသုံးပြုသူများက ဆိုသည်။

စိုးရိမ်ရ

အင်းစိန်ပေါက်တောဝ အောင်ဇေယျကြိုးတံတားအဆင်း ကွန်ကရစ်လမ်းခင်းနေရာတွင် ယာဉ်ကြောကျဉ်းသွားသဖြင့် သာမန်နေ့ရက်များတွင် ယာဉ်ပိတ်ဆို့မှု ကြာမြင့်တက်သောအဆိုပါနေရာတွင် ယခုအခါ နေ့စဉ်ယာဉ်ပိတ်ဆို့မှု ပိုမိုကြာမြင့်လာကြောင်း၊ လှိုင်သာယာသို့သွားမည့် လိုင်းကားအချို့ ဘုရင့်နောင်တံတားမှ ဖြတ်၍ လမ်းကြောင်းပြောင်း ပြေးဆွဲခြင်းရှိလာကြောင်း၊ အောင်ဇေယျတံတားပေါ်တွင်လည်း ကုန်သေတ္တာတင်ယာဉ်အပါအဝင် ကုန်တင်ယာဉ်ကြီးငယ်၊ အိမ်စီးကားနှင့် စက်တပ်ယာဉ်မျိုးစုံ ယာဉ်ကြောအပြည့်ပိတ်ဆို့နေရာ သာမန်နေ့ရက်များထက် တံတားပေါ်တွင်ရှိသော ယာဉ်အလေးချိန်ပိုမိုများပြားနေရာအောင်ဇေယျကြိုးတံတား ခံနိုင်ရည်ပေါ် စိုးရိမ်ရသည်ဟု ယာဉ်မောင်းများက ဆိုသည်။

လိုအပ်

ယာဉ်ကြောပိတ်ဆို့မှု ဖြစ်တတ်သည့် ကုန်စိမ်းရောင်းဝယ်သောဈေးဖြစ်သည့် သီရိမင်္ဂလာဈေးဖွင့်သည့်နေရာတိုင်းတွင် စည်းကမ်းမဲ့ယာဉ်မျိုးစုံနေရာယူမှုကို နေရာသစ်တွင် ဖွင့်လှစ်သည့် သီရိမင်္ဂလာဈေးသစ်၌ မြင်တွေ့နေရဆဲဖြစ်ကြောင်း၊ ယာဉ်ကြောတစ်ကြောသာ ကွန်ကရစ်လမ်းခင်းရန် ကျန်ရှိပြီး ယခုအခါတွင် ခင်းပြီးသော ကွန်ကရစ်လမ်းပေါ်တွင် ကြားကား၊ လိုင်းကား၊ တက္ကစီကား၊ ဈေးသည်များ အစွန်ဘက်ယာဉ်ကြောများတွင် အထူးသဖြင့် ညနေနှင့်ညပိုင်းတွင် စည်းကမ်းမဲ့ နေရာယူပိတ်ဆို့ထားသော်လည်း ထိရောက်သော ရှင်းလင်းမှုမရှိသကဲ့သို့ဖြစ်နေရာ ပါရမီလမ်းဆုံမှ အုတ်ကျင်း၊ သီရိမင်္ဂလာဈေးသစ်ဝန်းကျင်ထိ ယာဉ်ပိတ်ဆို့မှုများ နေ့စဉ်ကြုံတွေ့နေရကြောင်း၊ သို့ဖြစ်ရာ နှစ်ကုန်ပိုင်းတွင် စတင်သုံးပြုနိုင်မည့် ဘုရင့်နောင် နှစ်ထပ်ခုံးကျော်တံတားများပြီးစီးချိန်မရောက်မီကတည်းက ဘုရင့်နောင်လမ်းဆုံနှင့် သီရိမင်္ဂလာဈေးသစ်ရှေ့၌ ပြုပြင်သင့်သည့် အရေးယူရမည့်ကိစ္စများကို ကြိုတင်ထိရောက်စွာ အရေးယူရန် လိုအပ်ပါကြောင်း လမ်းအသုံးပြုသူများက ဆိုသည်။

ခင်ဆိုင်

ကျောက်မဲ စက်တင်ဘာ ၂၈

အခြေခံပညာကျောင်းများသို့ ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများလှူဒါန်း

ကျောက်မဲမြို့ပေါ်ရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း ၁၇ ကျောင်းမှ မူလတန်း ကျောင်းသားကျောင်းသူ ၅၀၈ ဦးတို့အား ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ စာရေးကိရိယာနှင့်ကျောင်းသုံးမြေဖြူတို့ ထောက်ပံ့ပေးအပ်လှူဒါန်းပွဲကို အမှတ် (၈) ရပ်ကွက် ကုမုဒြာခန်းမ၌ စက်တင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိုင်းမောင်လူ၊ ခရိုင်ဒုတိယပညာရေးမှူး ဦးလှဆွေက အမှာစကား ပြောကြားခဲ့ပြီး ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

ပြောကြား

ယင်းအလှူပစ္စည်းများမှာ ခရိုင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ တအာင်းပလောင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ ကိုးကန့်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့နှင့် စေတနာရှင်မိဘပြည်သူများ ထည့်ဝင်လှူဒါန်းငွေကျပ် သိန်း ၃၀ ရှိပြီး အခမ်းအနားတွင် ကျောင်းများကိုယ်စား ဒုတိယမြို့နယ်ပညာရေးမှူး ဦးဆန်းဝင်းက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

(၀၉၀)

ပြည်တွင်းသတင်း

မြန်မာ့အလင်း စာတည်းထံပေးစာများ

၂၄ နာရီ ဆူညံသံများ ဖယ်ရှားပေးပါရန်

ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်၊ ပေါင်းလောင်း(၂) ချယ်ရီလမ်း၌ သံထည်အဟောင်းမျိုးစုံဆိုင်သည် သံတုံး၊ သံစပစ္စည်းများလက်ခံ ရောင်းဝယ်ခြင်း၊ လိုင်စင်မဲ့ကားအဟောင်းများ ဝယ်ယူ၍ ပေါ်ပေါ်ထင်ထင် လမ်းမပေါ်တွင်ပင် ကတ်တာနှင့် ဖြတ်တောက်ခြင်း၊ ထုရိုက်ခြင်းများ ပြုလုပ်ရောင်းဝယ်ခြင်းများကြောင့် ပတ်ဝန်းကျင်တွင် ဆူညံသံများ၊ တာယာဟောင်းများ မီးရှို့၍ နံခြင်းများ၊ ၎င်းအပြင် ပတ်ဝန်းကျင်နားမခံသာအောင် နေ့ ည လူအင်အားများဖြင့် အော်ဟစ်ဆူညံခြင်းများကို ၂၄ နာရီပတ်လုံး ဆောင်ရွက်လျက်ရှိပါသဖြင့် တားဆီးအရေးယူပေးနိုင်ပါရန် တင်ပြလိုက်ပါသည်။

နားမခံနိုင်သူများ

စာသင်တိုက်များနှင့်မလိုက်ဖက်သည့် ကျူးကျော်တဲများ

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် သာစုအနောက်ရပ်ကွက် ပြည်လုံးချမ်းသာစာသင်တိုက်အတွင်း ကျူးကျော်တဲများ ဆောက်လုပ်၍ လူနေထိုင်ခြင်း၊ မကြာခဏခိုက်ရန်ဖြစ်ပွားခြင်း၊ အရက်သေစာများ ဝိုင်းဖွဲ့သောက်သုံးခြင်း၊ လောင်းကစားဝိုင်းများ ပြုလုပ်ခြင်း၊ ဘုရားဝန်းကျင်တွင် စားသောက်ဆိုင်များ ဖွင့်လှစ်ထားရှိပြီး အချိန်ပြည့်ကြော်လှော်ချက်ပြုတ်ရောင်းချခြင်းများကို ပြုလုပ်လျက်ရှိပါသည်။

သာသနာ့ မြေပေါ်တွင် သာသနာနှင့် သက်ဆိုင်ခြင်းမရှိသည့်လုပ်ငန်းများ ဆောင်ရွက်နေခြင်းကို တားမြစ်ပေးပါရန် စာတည်းထံပေးစာမှတစ်ဆင့် တင်ပြအပ်ပါသည်။

သာသနာ့နယ်မြေသန့်ရှင်းစေလိုသူ

ဆိုင်ကယ်များ မဆင်မခြင်မောင်းနှင်နေ

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြို့နယ် (တောင်ပိုင်း) စက်မှုဇုန် ၁၊ ၂၊ ၃ ရပ်ကွက်၊ ၁၈၊ ၁၉၊ ၂၄၊ ၂၅ ရပ်ကွက်အတွင်းရှိ လမ်းများပါမကျန် စည်ပင်လမ်း၊ မောင်းမကန်ကမ်းသာ လမ်းမကြီးများတွင် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များသည် အရှိန်ပြင်းစွာ စီးနင်းနေကြသဖြင့် ဆိုင်ကယ်တိုက်မှုများကြောင့် မကြာခဏ သေဆုံးမှုများရှိနေပါ၍ လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရန် တင်ပြအပ်ပါသည်။

ယာဉ်အန္တရာယ်စိုးရိမ်သူ

နာရီစင်လမ်းဆုံ မီးပွိုင့်တပ်စေလို

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သန်လျင်မြို့တွင် ကျိုက်ခေါက်ဘုရားလမ်း၊ သိပ္ပံလမ်း၊ သိမ်ကျောင်းလမ်းဆုံရာ နာရီစင်၌ ယာဉ်အသွားအလာ ဖြတ်သန်းမှုများကာ အထက်တန်းကျောင်းရှိပြီး ကျောင်းတက် ကျောင်းဆင်းချိန်တိုင်း ကျိုက်ခေါက်ဘုရားလမ်း လမ်းမကြီးပေါ်၌ အပြိုင်အဆိုင်အသွားအပြန် မောင်းနှင်နေကြသော ကွန်တိန်နာယာဉ် ကုန်ကားကြီးများ၊ လိုင်းကားကြီးငယ်၊ ကိုယ်ပိုင်ယာဉ်၊ ဆိုင်ကယ်များကို အရဲစွန့်၍ ယာဉ်အန္တရာယ် ရင်ဆိုင်ဖြတ်ကူးနေရပါသဖြင့် နာရီစင်လမ်းဆုံ၌ သက်ဆိုင်ရာမှ အချက်ပြမီးပွိုင့်တစ်ခုတပ်ဆင်ပေးပါရန် တင်ပြလိုက်ပါသည်။

ယာဉ်အန္တရာယ်ကင်းဝေးစေလိုသူ

တိရစ္ဆာန်အစာနှင့် ကြက်သားပေါက်ဆိုင် ဖယ်ရှားပေးပါ

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် တညင်းကုန်းရပ်ကွက် အောက်မင်္ဂလာဒုံလမ်းပေါ်တွင် တိရစ္ဆာန်အစာနှင့် ကြက်သားပေါက်များ ရောင်းချနေသောဆိုင်မှာ ဂိုဒေါင်ကြီးဖြင့် သိုလှောင်ရောင်းချနေပါသည်။

တိရစ္ဆာန်အစာနှင့် ကြက်သားပေါက်များမှ ထွက်ရှိသော အနံ့ဆိုးများနှင့် ကြက်သားပေါက်များစွာ မွေးမြူသိုလှောင်ရောင်းချနေခြင်းကြောင့် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမည်ကို ပတ်ဝန်းကျင်ပြည်သူများ စိုးရိမ်နေရပါသဖြင့် မွေးမြူရေးတိရစ္ဆာန်အစာနှင့် ကြက်သားပေါက် သိုလှောင်အရောင်းဆိုင်ကြီးကို လူနေရပ်ကွက်အတွင်းမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူများ

အမှိုက်ပုံ တစ်စတစ်စကြီးထွားလာ

မြိတ်မြို့ ကလွင်ကျေးရွာအုပ်စု ကွမ်းရင်စီလမ်း "ပီကာဆမ် ဘီယာဆိုင်" အနောက်ဘက်ရှိအမှိုက်ပုံမှာ တစ်နေ့တခြားကြီးထွားလာသဖြင့် ၎င်းရပ်ကွက်အတွင်း နေထိုင်လျက်ရှိသော ရဟန်းရှင်လူ ပြည်သူအပေါင်းတို့သည် နေ့စဉ်နှင့်အမျှ အနံ့အသက်ဆိုးများ ရှူရှိုက်နေရပြီး ကျန်းမာရေး ထိခိုက်လာနိုင်ပါသဖြင့် အမြန်ဆုံးဖယ်ရှားပေးပါရန် စာတည်းထံပေးစာမှတစ်ဆင့် တင်ပြအပ်ပါသည်။

ကွမ်းရင်စီလမ်းမိသားစုများ

ရွှေ့ပြောင်းသွားလာဘေးကင်းကွာ သိမှတ်စရာကြိုတင်လေ့လာပါ

ပြည်တွင်းဈေးကွက်သတင်း

ချင်းတောင်တွင် မျောက်ငိုသီး ဖြစ်ထွန်းအောင်မြင်

ကလေး စက်တင်ဘာ ၂၈

ချင်းပြည်နယ်သည် စီးပွားရေး၊ ပညာရေး၊ လူမှုရေးများတွင် နိုင်ငံတော်၏ ကူညီပံ့ပိုးမှုဖြင့် အဘက်ဘက်မှ တိုးတက်ဖွံ့ဖြိုးမှုရရှိနိုင်ရန် ချင်းတိုင်းရင်းသားအားလုံးက ကြိုးပမ်းအားထုတ် ဆောင်ရွက်လျက်ရှိကြသည်။

ယခုအချိန်တွင် တစ်ပိုင်တစ်နိုင်စီးပွားရေးမှ ပြည်နယ် ပြည်သူများ၏ အကျိုးစီးပွားအဖြစ် နွားနောက်များ မွေးမြူခြင်း၊ လက်ဖက်ပြည်နယ်အဖြစ် သတ်မှတ်နိုင်ရေးအတွက် လက်ဖက်စိုက်ပျိုးရေးစီမံချက်ထားရှိဆောင်ရွက်ခြင်း၊ ချင်းတောင်ပန်းသီးကို ဇကအလိုက် စိုက်ပျိုးခြင်းများဆောင်ရွက်လျက်ရှိကြသည်။

ယင်းအပြင် ချင်းပြည်နယ်၏ သီးနှံတစ်မျိုးဖြစ်သော မျောက်ငိုသီးသည် ဟားခါးမြို့နယ်၊ ထန်တလန်မြို့နယ်နှင့် ဖလမ်းမြို့နယ်တို့တွင် အထူးဖြစ်ထွန်း အောင်မြင်လျက်ရှိပြီး အဆိုပါမျောက်ငိုသီးများကို အပင်လိုက်သော်လည်းကောင်း၊ အခိုင်လိုက်သော်လည်းကောင်း ရောင်းကြပြီး အပင်ကြီး၍ အသီးကောင်းသောအပင်သည် တစ်ပင်လျှင် ငွေကျပ် ၄၀၀၀၀၀ ခန့်ဖြင့် ရောင်းရသည်။

တင်ပို့

အဆိုပါ မျောက်ငိုသီးများကို ကလေးမြို့၊ တမူးမြို့နှင့် ဂန့်ဂေါမြို့များသို့ တင်ပို့ရောင်းချကြသည့်အပြင် အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံများသို့လည်း ဆက်လက်တင်ပို့ရောင်းချကြပြီး မျောက်ငိုသီးများသည် မြန်မာနိုင်ငံအနောက်မြောက်ပိုင်း ဒေသများ၊ အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းဒေသများ၊ မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံများတွင်လည်း ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။

ဂျူနိုင်း

ကုန်စည်ဒိုင်ဈေးကွက်ပဲဈေးများမြင့်တက်လာ

ရန်ကုန် စက်တင်ဘာ ၂၈

စက်တင်ဘာ ၂၇ ရက် ဘုရင့်နောင်ကုန်စည်ဒိုင် ပဲဈေးကွက်တွင် မတ်ပဲ SA တစ်တန်လျှင် ငွေကျပ် ၃၀၀၀၀ခန့်ဈေးတက်သွားပြီး ပဲစင်းငုံနီ RC မှာ တစ်တန် ငွေကျပ် ၁၀၀၀၀ သာ ဈေးမြင့်တက်လာကြောင်း၊ ယခင်နှစ် ကာလတူဈေးနှုန်းများနှင့် နှိုင်းယှဉ်လျှင် မတ်ပဲ RC တစ်တန် ငွေကျပ် ၄၀၀၀၀ ခန့် ဈေးမြင့်တက်လာသဖြင့် ပဲကုန်သည်များ အဆင်ပြေမှုရှိလာသည်ဟု ပဲရောင်းသူတစ်ဦးက ဆိုသည်။

စက်တင်ဘာ ၂၆ ရက်တွင် မတ်ပဲ RC တစ်တန်လျှင်ငွေကျပ် ၅၀၀၀၀၀ နှုန်း၊ ပဲစင်းငုံနီ RC တစ်တန် ငွေကျပ် ၅၄၀၀၀၀ နှုန်းသာရှိသော်လည်း စက်တင်ဘာ ၂၇ တွင် မတ်ပဲ RC တစ်တန် ငွေကျပ် ၅၂၄၀၀၀-၅၂၈၀၀၀ နှုန်း၊ SQ၊ RC တစ်တန် ငွေကျပ် ၅၈၀၀၀၀ နှုန်း၊ ပဲစင်းငုံနီ RC တစ်တန် ငွေကျပ် ၅၅၀၀၀၀ နှုန်း၊ ပဲတီစိမ်း ပခုက္ကူတစ်ပိဿာ ငွေကျပ် ၁၄၈၀-၁၄၈၅ နှုန်း၊ ခရမ်း ရွှေဝါထိပ်စ တစ်ပိဿာ ငွေကျပ် ၁၆၆၅-၁၇၀၀ နှုန်း ကုလားပဲခြမ်း တစ်ပိဿာ ၁၀၈၀-၁၁၀၀ ရှိကြောင်း သိရသည်။

ဈေးနှုန်းကွာခြားမှုမရှိ

ယခုနှစ် စက်တင်ဘာလကုန်ဈေးနှုန်းများသည် ယခင်နှစ်ကာလတူထက် ကြက်သွန်နီ၊ ရှမ်းကြက်သွန်ဖြူ မိုးထောင်ရေတ်ဈေးနှုန်းများ မြင့်နေကြောင်း၊ ကြူကုတ်ကြက်သွန်ဖြူမှာမူ ဈေးကျနေကြောင်း၊ စားအုန်းဆီ၊ ဝါးခယ်မ ငရုတ်ရှည် ဈေးနှုန်းမှာ ဈေးနှုန်းကွာခြားမှုမရှိကြောင်း သိရသည်။

ခင်ဆိုင်

မလှိုင်တွင် ကြက်သွန်ဈေးကောင်း၍ မိုးကြက်သွန်စိုက်တောင်သူများပြား

မလှိုင် စက်တင်ဘာ ၂၈

မလှိုင်မြို့နယ်အတွင်း ကြက်သွန်အဓိကစိုက်ပျိုးသောဒေသများတွင် ကြက်သွန်ဈေးကောင်း၍ ယခုနှစ် မိုးကြက်သွန်စိုက်တောင်သူများ ပိုများလာကြောင်း သိရသည်။

မလှိုင်မြို့နယ်ရှိ ထန်းပင်ကန်၊ အောင်စည်၊ ညောင်ပင်တဲ၊ ဖက်တော၊ သိမ်ကုန်း၊ ရေကမိုးစသည့်ကျေးရွာများ၌ မိုးကြက်သွန်၊ နွေကြက်သွန်ကို အဓိကထား လုပ်ကိုင်ကြသော တောင်သူများပြားသည်။ မိုးဦးနှမ်းစိုက်ပြီးလျှင် မိုးကြက်သွန်စိုက်ပျိုးရန်ထွန်ရေးပြင်ကြသည်။ ဝါခေါင်လအမီ စိုက်ပျိုးလျှင် ပိုကောင်းသည်။စောစောပေါ်လျှင် ဈေးကောင်းရသည်။ ဈေးကောင်းရအောင် စောစော စိုက်ကြသည်။ "ကျွန်တော်တို့နယ်က ကြက်သွန်ကို တော်တော်များများ စိုက်ကြပါတယ်။ လုပ်ငန်းလည်း ကျွမ်းကျင်နေကြပါပြီ၊ မိုးဦးနှမ်း စိုက်ပြီး မြေပဲ၊ ပြောင်း၊ ပဲမျိုးစုံစိုက်တဲ့တောင်သူတွေလည်းရှိပါတယ်။ ဒီနှစ်နောက်ပိုင်းအထိ ကြက်သွန်ထားနိုင်တဲ့တောင်သူတွေ ဈေးကောင်းရလို့ အကျိုးခံစားခွင့် များခဲ့ပါတယ်။ ကြက်သွန်ဈေးကောင်းလို့ ဒီနှစ် မိုးကြက်သွန်စိုက်တောင်သူ ပိုများလာပါတယ်"ဟု ဒေသခံတောင်သူတစ်ဦးကပြောပြသည်။

မိုးကြက်သွန်ကို ဝါခေါင်နှင့် တော်သလင်းလဆန်းတွင် စိုက်ပျိုးပြီး တန်ဆောင်မုန်းလတွင် ဖော်သည်။ မျိုးကို ကိုယ့်မျိုးနှင့်ကိုယ်အစိုက်များသည်၊ ဝယ်စိုက်လျှင် အရင်းများပြီး အကျိုးအမြတ်နည်းသည်။ ကြက်သွန်ပေါ်လျှင် လက်ငုတ်ဈေးပေါ်မူတည်၍ ရောင်းချရသည်။ စိုက်ပျိုးပြီးလျှင် လက်ပေါင်းလိုက်ခြင်း၊ ပေါက်တူးပေါက်ခြင်း၊ လိုအပ်လျှင် မြေသြဇာကျွေးခြင်းတို့ လောက်သာပြုလုပ်ရသဖြင့် ကရိကထနည်းပါး၍ တောင်သူများ သဘောကြ နှစ်ခြိုက်ကြကြောင်း သိရသည်။

အောင်ဌေး(မလှိုင်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့်အခြေခံစားကုန်ဈေးနှုန်း ၂၈-၉-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၉၆၅၀၀-၆၅၅၅၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၉၆၀၀၀-၆၅၅၅၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၆၉-၉၇၆	ကျပ်
ဥရောပ	တစ်ယူရို	၁၃၀၃-၁၃၂၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၆၉-၇၇၉	ကျပ်
ထိုင်း	တစ်ဘတ်	၃၁-၃၁.၅	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅-၁၅.၆၃	ကျပ်
တရုတ်	တစ်ယွမ်	၁၅၈-၁၆၀	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၇-၃၀၂	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၀၀၀-၄၀၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၆၀၀-၃၈၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၅၀၀-၆၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၃၅၀၀-၆၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀-၂၄၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၇၅၀၀-၁၈၅၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၅၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၀။အမဲ	တစ်ပိဿာ	၃၅၀၀-၇၅၀၀	ကျပ်
၁၁။ဆိတ်	တစ်ပိဿာ	၁၁၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ ဆန်ဆန်	တစ်အိတ်	၁၇၃၀၀
၂။ ပေါ်ကွဲ	တစ်အိတ်	၂၁၀၀၀
၃။ ပေါ်ဆန်း	တစ်အိတ်	၂၄၀၀၀-၂၈၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၅၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၄၈၅
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၆၃၀-၈၂၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၀၀-၁၉၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၂၀၀-၁၂၂၅
၉။ အာလူး (အောင်ပန်း)	တစ်ပိဿာ	၃၃၀-၄၅၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၂၀၀
၁၁။ ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၂၆၀၀-၂၉၀၀
၁၂။ သကြား	တစ်ပိဿာ	၉၇၀-၁၁၀၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

လူကုန်ကူးမှု ပပျောက်ဖို့ တစ်မျိုးသားလုံး ပါဝင်စို့

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများအတွက် အောက်ဖော်ပြပါမော်တော်ယာဉ်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	အမျိုးအမည်	အရေအတွက်
(က)	Mini Wagon	၁၂ စီး
(ခ)	Light Truck(2 ton)	၃၅ စီး
(ဂ)	Salon(5 Seaters)/80 Hp	၂ စီး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၃၀-၁၀-၂၀၁၃ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။
၃။ မော်တော်ယာဉ်များနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၀၄၀၀၇ နှင့် ၀၆၇-၄၀၄၅၀၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မိုဘိုင်းတိုးချဲ့စီမံကိန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရုံးချုပ်အခြေစိုက်မိုဘိုင်းဆက်သွယ်ရေးစခန်းအတွက် မိုဘိုင်းငွေဖြည့်ကတ် (Prepaid Top Up card)များ ရိုက်နှိပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို အကျိုးတူပူးပေါင်းဆောင်ရွက်လိုသော ပြည်တွင်းလုပ်ငန်းရှင်ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများ တင်သွင်းနိုင်ပါသည်။
၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား တစ်စုံလျှင် ၅၀၀၀ိ (ငါးထောင်ကျပ်) နှုန်းဖြင့် ၃၀-၉-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် လာရောက် ဝယ်ယူနိုင်ပါသည်။
တင်ဒါပုံစံပိတ်ရက်နှင့်အချိန် - ၁၄-၁၀-၂၀၁၃ ရက် ညနေ ၄း၃၀ နာရီ

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
အမှတ် ၇၄၊ အရှေ့ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ အောက်ဖော်ပြပါဦးစီးဌာန၊ တက္ကသိုလ်နှင့် သိပ္ပံများတွင် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်းအတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

ဆက်စပ်လုပ်ငန်းများ	
(က)	မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာန National Laboratory ၏ အခန်း(၁၅)ခန်းဖွဲ့စည်းဆောင်ရွက်ခြင်း
(ခ)	အစိုးရစက်မှုလက်မှုသိပ္ပံ (ချောက်) မြစ်ရေတင်ခြင်းလုပ်ငန်း
(ဂ)	ရန်ကုန်နည်းပညာတက္ကသိုလ် မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း (၁၆)ခု
(ဃ)	မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် ကျောင်းအဝင်လမ်းနှင့် အတွင်းလမ်းများ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း
(င)	ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (၁) ပင်မဆောင်အမိုးအကြီးစားမွမ်းမံခြင်းလုပ်ငန်း (၂) စာသင်ဆောင်များ အကြီးစားမွမ်းမံခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၃၀-၉-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ် (၂၁)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပြီး ၃၀-၁၀-၂၀၁၃ ရက် ၁၆း၃၀ နာရီနောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ ဗီသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၄၀၈၁နှင့် ၀၆၇-၄၀၄၀၀၇တို့တွင် စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်(သုဝဏ္ဏ)၊မြေတိုင်းရပ်ကွက်(၂၃)၊ မြေကွက်အမှတ် ၁၆၅/က ၂၊ ဧရိယာ ၀ ဒသမ ၀၇၂ ဧကရှိ

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်(သုဝဏ္ဏ)၊ (၂၃)ရပ်ကွက်၊ စရည်းပင်လမ်း၊ အမှတ် (၁၆၅/က ၂) ဟုခေါ်တွင်သော နှစ် ၆၀မြေငှားဂရန်မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနခွဲ ဒေါ်သန်းသန်း ၁၂/သဃက(နိုင်)၀၉၁၈၉၂ အမည်ပေါက်သော နှစ် ၆၀ မြေငှားဂရန်မြေကွက်နှင့် အဆောက်အအုံဖြစ်ပြီး ဒေါ်သန်းသန်း၏ကိုယ်စားလှယ်ပါဝါရရှိထားသူ ဒေါ်ခင်သဇင် ၁၂/သဃက(နိုင်)၁၅၇၈၅၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်တွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဒေါ်မြစန္ဒာထွန်း LL.B, MBA (အထက်တန်းရှေ့နေ) (စဉ်-၂၉၄၁၆)
အမှတ် ၂၀၊ ဦးဘဟန်လမ်း၊ ဗိုလ်ကုံညွှန့်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၇၈၃၁၅၊ ၀၁-၅၆၉၅၁၆

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ မြေကွက်အမှတ် ၂၅၁/ခ၊ မြေကွက်တည်နေရာအမှတ်-၂၅၁/ခ၊ ၅ လမ်း၊ (၁၅)ရပ်ကွက်၊ တောင်ဥက္ကလာပ ဦးဝင်းမောင်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးဝင်းမောင်နှင့် ဇနီးဒေါ်အေးမြကွယ်လွန်သဖြင့် ဒေါ်မြမြဌေး ၁၂/ဥကတ(နိုင်)၀၇၆၆၀၄ က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ် ၁၄၂၂၅(၁၄-၈-၁၃)ဖြင့် အထွေထွေကိုယ်စားလှယ် ဦးတင်စိုး ၁၂/ဥကတ(နိုင်)၀၉၇၀၁၅ က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့်ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၂-၅၉၉၃(၂၇-၈-၁၃)ကိုတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ အထက (၁)၊ ပဉ္စမတန်း(C)မှ မငြိမ်းဆုဝေ၏ဖခင်အမည်မှန်မှာ ဦးစောကျော်မြင့်သိန်း ၁၂/သဃက(နိုင်) ၀၄၄၄၂၇ ဖြစ်ပါကြောင်း။

သွေးသည် အသက်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဒ/၉၂၄၄ Toyota Dyna, Light Truck ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစိုး ၁၂/သဃက(နိုင်)၀၁၄၄၉၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ရက်ပေါင်း ၇၂ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တံခွန်စိုက်ဒိုင်း (အမျိုးသား/အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၈

(၁၅)ကြိမ်မြောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တံခွန်စိုက်ဒိုင်း(အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ နံနက် ၇ နာရီခွဲတွင် နေပြည်တော် ပျဉ်းမနားမြို့ ပေါင်းလောင်းကွင်းရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း တက်ရောက်အားပေး၍ ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ ပြိုင်ပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကျဉ်းဦးစီးဌာန အမျိုးသား/အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသမီးအသင်းက သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသားအသင်းက သုံးပွဲ-နှစ်ပွဲဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိသွားကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းက အနိုင်ရရှိသွားသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသားအသင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသမီးအသင်းတို့အား တံခွန်စိုက်ဒိုင်းများကို ပေးအပ်ချီးမြှင့်သည်။ **(ဓါတ်ပုံ)**

အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ အကြီးအကဲတို့ကလည်း ပြိုင်ပွဲစဉ်တစ်လျှောက် အမျိုးသား/အမျိုးသမီး (ပင့်ထောင်/ရိုက်ခုတ်/ပိတ်ဆို့) ဆုနှင့် ငွေသားဆုများကို ချီးမြှင့်ကြကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

ဆီးဂိမ်းအကြို အာဆီယံဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲ ယနေ့ စတင်ယှဉ်ပြိုင်မည်

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-စိုးညွှန့်

နေပြည်တော် စက်တင်ဘာ ၂၈

ဆီးဂိမ်းအကြို အာဆီယံဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲကို စက်တင်ဘာ ၂၉ ရက်မှစ၍ နေပြည်တော်ရှိ ဖူဆယ်အားကစားရုံတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို အိမ်ရှင်မြန်မာအသင်းနှင့်အတူ အာဆီယံထိပ်သီးအသင်းများဖြစ်သည့် ထိုင်း၊ ဗီယက်နမ်၊ မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး အမျိုးသားပြိုင်ပွဲ၌ မြန်မာ(က)နှင့်(ခ) အသင်း၊ ထိုင်း၊ မလေးရှား၊ အမျိုးသမီးပြိုင်ပွဲ၌ မြန်မာ၊ ထိုင်း၊ မလေးရှားနှင့် ဗီယက်နမ်အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်။ ပြိုင်ပွဲကို ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး အမှတ်အများဆုံး နှစ်သင်းမှာ ဗိုလ်လုပွဲနှင့် အမှတ်အနည်းဆုံး နှစ်သင်းမှာ တတိယနေရာလုပွဲ ကစားရမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များကို စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၁ ရက်၊တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို အောက်တိုဘာ ၃ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

မြန်မာ အမျိုးသမီးအသင်းကို ကစားသမား ၁၈ ဦးဖြင့် ဖွဲ့စည်းထားပြီး နည်းပြအဖြစ် ဂျပန်လူမျိုး ကိုနီရှီက ကိုင်တွယ်လျက်ရှိသည်။ ယခုပြိုင်ပွဲအပြီးတွင် ဂျပန်နိုင်ငံသို့ တစ်ပတ်ကြာ သွားရောက်လေ့ကျင့်မည်ဖြစ်သည်။ အမျိုးသားအသင်းမှာလည်း ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် ထိုင်းနိုင်ငံတွင် နှစ်ကြိမ်တိုင် ခြေစမ်းပွဲများသွားရောက်ကစားထားပြီး အီရန်လူမျိုး ဆာအိကကိုင်တွယ်လျက်ရှိသည်။

ယနေ့ပွဲစဉ်များအဖြစ် အမျိုးသမီးပြိုင်ပွဲ၌ နံနက် ၈ နာရီခွဲတွင် ထိုင်းနှင့်မလေးရှား၊ နံနက် ၁၀ နာရီတွင် ဗီယက်နမ်နှင့် မြန်မာ၊ အမျိုးသားပြိုင်ပွဲ၌ မွန်းလွဲ ၁ နာရီတွင် မြန်မာ(ခ)နှင့် ထိုင်း၊ ညနေ ၃ နာရီတွင် မလေးရှားနှင့် မြန်မာ (က)တို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီး ဖူဆယ်အသင်း လေ့ကျင့်နေစဉ်။

MNL Cup ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ပြီးဆုံး

ရန်ကုန် စက်တင်ဘာ ၂၈

၂၀၁၃ MNL Cup ဘောလုံးပြိုင်ပွဲအုပ်စုနောက်ဆုံးပွဲစဉ်များကို ယနေ့ ညနေပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားသည်။

ယနေ့ ယှဉ်ပြိုင်သော ပွဲစဉ်များတွင် တောင်ကြီးမြို့ရှိ KBZ ကွင်း၌ ဆောက်သမ်းအသင်းက GFA ကို နှစ်ဂိုး-တစ်ဂိုး၊ ပဒုမ္မာကွင်း၌ မနောမြေအသင်းက မြဝတီအသင်းကို သုံးဂိုး-ဂိုးမရှိ၊ YUSC ကွင်း၌ ဟံသာဝတီအသင်းက Best Utd ကို နှစ်ဂိုး-တစ်ဂိုးတို့ဖြင့် အနိုင်ရရှိပြီး ရခိုင်နှင့် ချင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။ ချင်းအသင်း သရေကျခဲ့သောကြောင့် ရန်ကုန်အသင်း အုပ်စုတက်ခဲ့သည်။

အုပ်စုပွဲစဉ်များ ယနေ့ပြီးဆုံးသွားပြီဖြစ်ရာ အုပ်စု(က)မှ ဟံသာဝတီအသင်းက ပထမ၊ ဇွဲကပင်အသင်းက ဒုတိယ၊ အုပ်စု(ခ)မှ မနောမြေအသင်းက ပထမ၊ ဧရာဝတီအသင်းက ဒုတိယ၊ အုပ်စု(ဂ)မှ ကမ္ဘောဇအသင်းက ပထမ၊ မကွေးအသင်းက ဒုတိယ၊ အုပ်စု(ဃ)မှ ရတနာပုံအသင်းက ပထမ၊ ရန်ကုန်အသင်းက ဒုတိယတို့ရရှိကာ နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ ကွာတားဖိုင်နယ်ပွဲစဉ်များကို အောက်တိုဘာ ၆၊ ၇ရက်တို့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး စက်တင်ဘာ ၃၀ ရက်တွင် ပွဲစဉ်များ မဲနှိုက်ရေးဆွဲသွားမည်ဖြစ်သည်။

သတင်း-ရဲရင့်ရှိုင်း
ဓာတ်ပုံ-စိုးညွှန့်

ဆောက်သမ်းနှင့် GFA တို့ ယှဉ်ပြိုင်ကစားစဉ်။

ပျောက်ဆုံးကြောင်း

ကျွန်ုပ် မဖြူဖြူလွင် ၁၀/မလမ(နိုင်)၁၂၃၀၄၈ ၏ နိုင်ငံကူးလက်မှတ်(မှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

မဖြူဖြူလွင် ဖုန်း-၀၉-၄၂၁၀၆၂၈၉၄

ကျေးဇူးဆပ်ပါမည်

ကျွန်ုပ် မနီလာထွန်း ၁၂/မဂတ(နိုင်)၀၄၃၉၃၈ ၏ နိုင်ငံကူးလက်မှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၃၁၀၇၃၃၈၁

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ျ/၉၇၄၀၊ ဒတ်ဆန်း ၁၀၀၀၊ ပစ်ကပ်(4x2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်သွယ်မြင့် ၉/မရမ(နိုင်)၀၃၆၅၂၆ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေ အမိန့်-၂၁၊ နည်းဥပဒေ-၂၂)
မဟာအောင်မြေမြို့နယ်၊ တရားမရုံးတော်၌
၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂ နှင့်ဆက်သွယ်သည့်
၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၁

ဦးညွန့်လွင် နှင့် **ဦးမျိုးညွန့်**
တရားနိုင် **တရားရှုံး**

ဦးမျိုးညွန့် န/၆၊ ဦးပိုင်-၆၄၊ မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ် ၁၂ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးညွန့်လွင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုစေရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ဤရုံးတော် အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ ခုနှစ် စက်တင်ဘာ ၃၀ ရက်(၁၃၇၅ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၁ ရက်)မွန်းမတည့်မီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် ဩဂုတ် ၃၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

ဇော်မင်းဦး
ဒုတိယမြို့နယ်တရားသူကြီး(၂)
မဟာအောင်မြေမြို့နယ်တရားရုံး

အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးမျိုးမျိုးမြတ် ၈/ခမန(နိုင်)၁၁၂၉၈၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး ၁၁၊ ရေငယ်ရှိ ၀ ဒသမ ၃၄ ဧကအနက်မှ ပေ(၁၀၀×၁၀၀)ရှိ ကွင်းအမှတ်(ပြင်ဦးလွင်)၊ ဦးပိုင်အမှတ်(N-51)၊ မှတ်ပုံတင်အမှတ် ၉/မရမ(နိုင်)၀၄၉၄၄၄ ကိုင်ဆောင်သူ ဦးသန်းထွန်းအောင်အမည်ပေါက် မြေကွက်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ပေးချေပြီးဖြစ်ပါသည်။ အပြီးသတ်စာချုပ်ချုပ်ဆိုမည်ဖြစ်ပါ၍ ဖော်ပြပါမြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများတင်ပြပြီး ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ ၁၄ ရက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နှင်းယုမွန်(LL.B)(စဉ်-၄၀၆၀၁) အထက်တန်းရှေ့နေ
အမှတ်-၄၉/စ၊ ၃ ရပ်ကွက်၊ ဟော်ကုန်းလမ်း၊ ပြင်ဦးလွင်မြို့၊
ဖုန်း-၀၉-၂၀၄၅၆၅၀

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ F.M.I အိမ်ရာ၊ ကိန္နရီသစ်ခွ(၂)လမ်း၊ အမှတ်-O/၈၅ ဟုခေါ်တွင်သော လူနေရပ်ကွက်အမှတ် F.M.I အိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ်-၇၊ မြေကွက်အမှတ် ၅၀၉၊ အိမ်မြေနှင့်ပတ်သက်၍ အများသိစေရန် ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဦးစိန်ဝင်း ၁၂/ဗဟန(နိုင်)၀၈၂၉၀၀၊ အမှတ် V-၂၅၊ မြကန်သာ ၄ လမ်း၊ ၅ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ မိဘများဖြစ်သူ ဦးအရုံနှင့် ဒေါ်တင်ညွန့်တို့သည် ဦးစိန်ဝင်းနှင့် ဦးစိန်လှိုင်တို့ ညီအစ်ကိုနှစ်ဦးကိုသာ မွေးဖွားခဲ့ပါသည်။ ဦးအရုံသည် ၂၆-၄-၉၇ ရက်တွင် ကွယ်လွန်ခဲ့ပြီးနောက် ဒေါ်တင်ညွန့်သည် ၎င်းပိုင်ဆိုင်သော အမှတ် ၇(ခ)၊ သာသနာ့ရိပ်သာလမ်း၊ သာသနာ့ရိပ်သာရပ်ကွက်၊ ဗဟန်းမြို့နယ်အိမ်မြေအား ရောင်းချခဲ့ပါသည်။

ထိုသို့ ရောင်းချခဲ့ပြီးနောက် မိခင်ဖြစ်သူ ဒေါ်တင်ညွန့်သည် သားနှစ်ဦးအား ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို အညီအမျှ ခွဲဝေပေးခဲ့ပြီး ကျန်ငွေဖြင့် အမှတ်-O/၈၅၊ ကိန္နရီသစ်ခွ(၂)လမ်း၊ F.M.I အိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ အိမ်မြေအား ဝယ်ယူခဲ့ပါသည်။ ယင်းနောက် မိခင်ဖြစ်သူ ဒေါ်တင်ညွန့်သည် ၂၆-၁၂-၂၀၁၁ ရက်တွင် ကွယ်လွန်ခဲ့ပြီးဖြစ်၍ အဆိုပါ အိမ်မြေအား သားနှစ်ဦးဖြစ်သူ ဦးစိန်ဝင်းနှင့် ဦးစိန်လှိုင်တို့မှသာ ပိုင်ဆိုင်ပါသည်။

ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိန်ဝင်း၏ သဘောတူညီမှုမရှိဘဲ အဆိုပါ အိမ်မြေအား မည်သူတစ်ဦးတစ်ယောက်မျှ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလုစိန်(တရားလွှတ်တော်ရှေ့နေ) (စဉ်-၃၂၇၈)
အမှတ်-၅၆၁၊ (M.A.C Tower)၊ အခန်း-၃၀၂၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

မြန်မာ့ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအတွက် သတင်းကောင်း

သမဝါယမဘဏ်လီမိတက်(CB Bank)သည် ကမ္ဘာ့နိုင်ငံအသီးသီးရှိ ဘဏ်ပေါင်း ၅၀၀၀ သို့ ယူရိုငွေကြေးဖြင့် နိုင်ငံတကာဘဏ်လုပ်ငန်း ဝန်ဆောင်မှုများကို မြန်မာနိုင်ငံရှိ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များနှင့် အများပြည်သူအတွက် လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - **အမှတ်-၃၃၄/၃၃၆၊ ကမ်းနားလမ်းနှင့် ၂၃ လမ်းထောင့်၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-(၉၅-၁)၃၇၈၆၅၃၊ ၃၇၂၆၅၅(Ex-၁၄၃)၊ Fax: (၉၅-၁) ၃၇၉၉၆၉**
www.cbbankmm.com

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

[illegible]

နိုင်ငံတကာအားကစားသတင်း

ကမ္ဘာ့ဈေးအကြီးဆုံး တိုက်စစ်အတွဲရဲ့ အနေအထား

ကမ္ဘာ့ပရိသတ်တွေ စိတ်ဝင်စားနေပြီး ဥရောပ ထိပ်တန်းကလပ်တွေကလည်း စိုးရိမ်တကြီးစောင့်ကြည့်နေတဲ့ ကမ္ဘာ့ကြေးအကြီးဆုံး တိုက်စစ်အတွဲဖြစ်တဲ့ စီရိုနယ်ဒိုနဲ့ ဂါရက်ဘေးလ်တို့ဟာ ထင်သလောက် အားရစရာမကောင်းတာမို့ ရီးရဲမက်ဒရစ်ပရိသတ်တွေ ရင်မောနေကြပြီ ဖြစ်ပါတယ်။

ဂါရက်ဘေးလ်ဟာ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ ရီးရဲမက်ဒရစ်က ခေါ်ယူခဲ့ပြီးနောက်ပိုင်းမှာ ဒိုလေးနဲ့ ဘေးလ်အတွဲဟာ ကြောက်စရာ အကောင်းဆုံးတိုက်စစ်အဖြစ် ပြိုင်ဘက်တွေ ထိတ်လန့်နေခဲ့တာတော့ အမှန်ပါပဲ။

ကျေနပ်ခဲ့

ဒါပေမယ့် တကယ်တမ်းပွဲထွက်ကစားတဲ့အခါ ပွဲဦးထွက်မှာပဲ ဂါရက်ဘေးလ်က ဂိုးစတင်သွင်းယူနိုင်ခဲ့လို့ ရီးရဲမက်ဒရစ်တို့ ကျေနပ်ခဲ့ကြရပါတယ်။ ဒါပေမယ့် ဒိုလေးနဲ့ဂါရက်ဘေးလ်တို့ရဲ့လှုပ်ရှားမှုက ကစားကွင်းထဲမှာ ဇုန်အလိုက်လှုပ်ရှားမှုတွေ ရှိနေပေမယ့် အားရစရာကောင်းတဲ့ ရလဒ်၊ ပြတ်သားတဲ့ရလဒ်တော့ ထွက်ပေါ်မလာသေးပါဘူး။

ရီးရဲမက်ဒရစ်နည်းပြ အန်ဆယ်လော့တီရဲ့ ၄း၂း၃း၁ အခင်းအကျင်းမှာ ဒိုလေးနဲ့ ဂါရက်ဘေးလ်ကို ဘယ်ညာတောင်ပံတွေက ဖြန့်ကြက်တိုက်စစ်ဆင်စေကာ ပြိုင်ဘက်တွေကို ခြိမ်းခြောက်နိုင်ရေး အစီအစဉ်ဟာ ထိုက်သင့်သလောက်ပဲ ထိရောက်မှုရှိခဲ့ပါတယ်။

မရရှိသေး

ကမ္ဘာ့စံချိန်တင် ပေါင် ၈၆ သန်းနဲ့ စပါးမှ ဂါရက်ဘေးလ်ဟာ ရီးရဲမက်ဒရစ်အတွက်ပါဝင်ကစားတဲ့ပွဲစဉ်မှာ ဂိုးစတင် သွင်းယူနိုင်ခဲ့တာကြောင့် ကျေနပ်စရာဖြစ်ခဲ့ပေမယ့် ဆက်လက်ကစားတဲ့ပွဲတွေမှာ ပရိသတ်နှစ်သက်စရာတော့ မရရှိသေးဘူးလို့ ဆိုပါတယ်။တကယ်ဆိုရင် ဒိုလေးနဲ့ ဂါရက်ဘေးလ်တို့နှစ်ဦးအတွက် ပေါင် ၁၆၆ သန်း အသုံးပြုထားတဲ့ ငွေကြေးနဲ့ ထိုက်တန်တဲ့ ခြေစွမ်းပြနိုင်ဖို့ဆိုတာ ခက်ခဲနေသေးတာတော့ အမှန်ပါပဲ။ နည်းပြ အန်ဆယ်လော့တီကတော့ သူတို့နှစ်ဦးရဲ့ စွမ်းအားတွေကို ထုတ်ယူလို့ ရသလောက်သုံးစွဲသွားမယ်လို့ ဆိုနေပါတယ်။

ပံ့ပိုးမပေးနိုင်

ပါရမီရှိတဲ့ ဂါရက်ဘေးလ်ဟာ ရီးရဲမက်ဒရစ်မှာ အံဝင်ခွင်ကျမှုအချိန်တိုအတွင်း မြန်မြန်ဖြစ်ပေါ်ခဲ့ပေမယ့် ရီးရဲမက်ဒရစ်ရဲ့ တိုက်စစ်စွမ်းရည်ကို ပြိုင်ဘက်တွေက ထိတ်လန့်စရာအဖြစ်ရောက်အောင် ပံ့ပိုးမပေးနိုင်ခဲ့ပါဘူး။

ရီးရဲမက်ဒရစ်မှာ လုပ်ခလစာလည်း အမြင့်ဆုံးရထားတဲ့ စီရိုနယ်ဒိုဟာ ဘေးလ်နဲ့တွဲပြီး ကစားတဲ့အခါ လိုက်လျောညီထွေရှိတဲ့ ကစားသမားပါလို့ သုံးသပ်ထားပါတယ်။

စောင့်ကြည့်

ဒါပေမယ့် ရီးရဲမက်ဒရစ်ရဲ့ ခြေစွမ်းက ဒီထက်ပြနိုင်ဖို့လိုသလို ရလဒ်တွေလည်း ပြတ်သားဖို့တော့ လိုအပ်ပါတယ်။

လောလောဆယ်မှာတော့ ဒိုလေးနဲ့ ဂါရက်ဘေးလ်တို့ရဲ့ တိုက်စစ်အတွဲကိုတော့ ဆက်လက်စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

မိုးမြင့်လင်းလက်

အားကစားဆိုင်ရာကြော်ငြာထည့်နိုင်

အားကစားဝတ်စုံ၊ အားကစား ပစ္စည်း၊ ဆုတံဆိပ်၊ ဆေးဝါးစသည့် ကြော်ငြာများကို အပတ်စဉ်သောကြာနေ့တိုင်းထုတ်ဝေသည့် မြန်မာ့အလင်း "လူမှုစီးပွား အားကစား" အထူးထုတ်တွင် ထည့်သွင်းခြင်းဖြင့် အောင်မြင်မှု ရယူပါ။

ဆီးဂိမ်းစပွန်ဆာ အမေရိကန်ဒေါ်လာ ၂၇ သိန်းရရှိ

နေပြည်တော် စက်တင်ဘာ ၂၈

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပွဲတော်ကာလများအတွင်း ထောက်ပံ့ပေးမည့်ကုမ္ပဏီများထံမှ အမေရိကန်ဒေါ်လာ ၂၇ သိန်းကျော်ရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ပြောကြား

"ဆီးဂိမ်းမှာ Sponsor အတွက် Platinum Sponsor နဲ့ Silver Sponsor Gold Sponsor ဆိုပြီးခွဲခြားထားပါတယ်။ Platinum အတွက် KBZ လေကြောင်းလိုင်း၊ KBZ ဘဏ်၊ မြန်မာဘရူဝါရီ၊ Blue Mountain၊ ဒေါ်ဝင်းအထည်ဆိုင်၊ Panasonic၊ Samsung တို့က ယူထားပါတယ်။ Platinum Sponsor အနေနဲ့ အမေရိကန်ဒေါ်လာသုံးသိန်း သတ်မှတ်ထားပြီး KBZ နဲ့ ချယ်ရီဦးနာရီဆိုင်တို့က Silver Sponsor အဖြစ် အမေရိကန်ဒေါ်လာတစ်သိန်း၊ Gold Sponsor က အမေရိကန်ဒေါ်လာ သုံးသောင်းစီနဲ့ ငါးခုရှိတဲ့အတွက် စုစုပေါင်း Sponsor အမေရိကန်ဒေါ်လာ ၂၇၅၀၀၀၀ ရရှိနေတာဖြစ်ပါတယ်" ဟုဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထည့်သွင်းကြော်ငြာ

Sponsor များအနေဖြင့် ဆီးဂိမ်းအားကစားပြိုင်ပွဲကျင်းပမည့် ဒီဇင်ဘာလများအတွင်း ကျင်းပရာ အားကစားကွင်းများ၌ A-Board အဖြစ်ကြော်ငြာခွင့်ရရှိမည်ဖြစ်ပြီး မိမိတို့လုပ်ငန်း ကြော်ငြာများ၌လည်း ဆီးဂိမ်းအထိမ်းအမှတ်တွေထည့်သွင်းကြော်ငြာခွင့် ရရှိနိုင်မှာဖြစ်သည့်အပြင် ပြိုင်ပွဲတစ်လျှောက်၌လည်း အားကစားကွင်းနေရာအများအပြား ကြော်ငြာခွင့်ပေးထားပြီး အမေရိကန်ဒေါ်လာသုံးသိန်းတန် Platinum Sponsor များကို အဓိက ကြော်ငြာခွင့်ပေးမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးထံက သိရသည်။

သွန်းဝဿန်

**လူကုန်ကူးမှု အန္တရာယ်
တစ်မျိုးသားလုံး ဝိုင်းဝန်းကာကွယ်**

မက်ဆီအခွန်တိမ်းရှောင်မှု တရားရင်ဆိုင်

ဘာစီလိုနာတိုက်စစ်မှူး မက်ဆီသည် အခွန်တိမ်းရှောင်မှုဖြင့် စပိန်တရားရုံး၌ စစ်ဆေးမှုခံနေရသည်။ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆု လေးကြိမ်ရ အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီနှင့် ဖခင်ဖြစ်သူ ဂျော့မက်ဆီတို့သည် ယူရိုလေးသန်း (အမေရိကန်ဒေါ်လာ ၅ ဒသမ ၄ သန်း) အခွန်တိမ်းရှောင်မှုဖြင့် တရားရင်ဆိုင်နေရသည်။ ယင်းတို့နှစ်ဦးကို ဘာစီလိုနာအနီး ဂါဗာတရားရုံး၌ သီးခြားစီစစ်ဆေးခဲ့သည်ဟုဆိုသည်။ သို့သော်လည်း ၎င်းတို့က စွဲချက်ကိုငြင်းဆိုထားသည်။ ယင်းကိစ္စကို ဖြေရှင်းရန်လိုလားကြောင်း မက်ဆီ၏ရှေ့နေက ပြောကြားသည်။ ယင်းတို့ သားအဖနှစ်ဦးသည် ၂၀၀၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း မက်ဆီ၏ပုံကို ကုမ္ပဏီများသို့ အသုံးပြုခွင့်ရောင်းချရာတွင် အခွန်တိမ်းရှောင်ခဲ့သည်ဟု သံသယ ရှိနေသည်။

ဒဗလျူတီအေ ချန်ပီယံဆု ဆီရီနာဝီလျံ ဆွတ်ခူး

ဆီရီနာဝီလျံသည် ယခုနှစ်အတွင်း ဂရင်းဆလမ်ဖလားနှစ်လုံး ဆွတ်ခူးနိုင်ခဲ့ပြီး ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ်အဖြစ် တစ်နှစ်တာကုန်ဆုံးလိမ့်မည်ဖြစ်သည်။ အသက် ၃၂ နှစ်အရွယ်ရှိ ဆီရီနာဝီလျံသည် ယခုနှစ်အတွင်း လေးပွဲမျှသာ အရှုံးရှိခဲ့သည်။ ပြင်သစ်နှင့် အမေရိကန်အိုးပင်းဖလား နှစ်လုံးအပါအဝင် တစ်နှစ်အတွင်း ဖလားကိုးလုံးဆွတ်ခူးခဲ့သည်။ ဆီရီနာသည် ပြက္ခဒိန်နှစ် တစ်နှစ်ကုန်ဆုံးချိန်တွင် ကမ္ဘာ့ထိပ်ဆုံးနေရာကို သုံးကြိမ်တိုင်ရပ်တည်နိုင်ခဲ့သည်။ ကမ္ဘာ့နံပါတ်တစ်နေရာကို အသက်အကြီးဆုံး တင်းနစ်မယ်အဖြစ် ရယူနိုင်ခဲ့သည်။ ၎င်းသည် ၃၁ နှစ်အရွယ် ဖေဖော်ဝါရီလအတွင်းက အဇာရင်ကာ၏ ကမ္ဘာ့နံပါတ်တစ်နေရာကို လွှဲပြောင်းရယူခဲ့သည်။ ဆီရီနာသည် ယခုအခါ ဂရင်းဆလမ်ဖလား ၁၇ လုံး ရယူထားပြီဖြစ်သည်။

မြင့်မောင်စိုး

ကန့်ကွက်ရန်ကြော်ငြာ

အမှတ် ၉/က၊ ကျိုက်သန်လန်ဘုရားလမ်း၊ ရွှေတောင်ရပ်ကွက်၊ မော်လမြိုင်မြို့၊ ဦးပိုင်အမှတ် ၇၅(ဃ)၊ မြေကွက်အမှတ်-၄၃၊ ဧရိယာ ၀ဒသမ၂၁၂ ကျယ်ဝန်းသော မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်များ၊ အဆောက်အအုံအပါအဝင်အကျိုးခံစားခွင့်များအား ပိုင်ရေးဆိုင်ခွင့်ရှိသူ ဒေါ်စီစီသန်း ပါ-ငါးဦးထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူ၊ ထိခိုက်နစ်နာသူဟူသမျှ တို့သည် (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်အထောက်အထားဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိလျှင် ဆက်လက်ပြီး အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဝယ်သူ၏ညွှန်ကြားချက်အရ-
ဦးတင်အောင် B.A(LAW), LL.B
တရားလွှတ်တော်ရှေ့နေ လိုင်စင်(၁၅၃၂)
အမှတ် ၆၇၊လမ်း ၁၂၀၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

ဥရောပထိပ်တန်းလိဂ်များ ကစားမည့်ပွဲစဉ်များ

ပရီမီယာလိဂ် ပွဲစဉ်(၆)

စတုတ်စီးတီး	-	နော့ဝှစ်ချ်	ည ၇း၀၀	(ယခင်နှစ် ၁-၀)
ဆန်းဒါးလန်း	-	**လီဗာပူး**	ည ၉း၃၀	(ယခင်နှစ် ၁-၁)

အီတလီစီးရီးအေ ပွဲစဉ်(၆)

တိုရီနို	-	**ဂျူဗင်တပ်စ်**	ညနေ ၅း၀၀	(ယခင်နှစ် ၀-၂)
အတ္တလန္တာ	-	အူဒီးနီးစ်	ည ၇း၃၀	(ယခင်နှစ် ၁-၁)
ကက်ဂလီယာရီ	-	**အင်တာမီလန်**	ည ၇း၃၀	(ယခင်နှစ် ၂-၀)
ကာတာနီးယား	-	**ချီယေဗို**	ည ၇း၃၀	(ယခင်နှစ် ၂-၁)
ဗီရိုနာ	-	**လီဗော်နို**	ည ၇း၃၀	(-)
ဆက်ဆူအိုလို	-	**လာဇီယို**	ည ၇း၃၀	(-)
ရိုးမား	-	ဘိုလော့ဂ်နာ	နံနက် ၁း၁၅	(ယခင်နှစ် ၂-၃)

စပိန်လာလီဂါ ပွဲစဉ်(၇)

အိုဆာဆူနာ	-	**လီဗန်တေး**	ညနေ ၄း၃၀	(ယခင်နှစ် ၄-၀)
ဆဲလ်တာဗီဂို	-	အဲလ်ချီ	ည ၉း၃၀	(-)
အက်စ်ပန်ညို	-	ဂီတာဖေး	ည ၁၁း၃၀	(ယခင်နှစ် ၀-၂)
ဘက်တစ်	-	**ဗီလာရီးရဲလ်**	နံနက် ၁း၃၀	(-)

ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၇)

ဝါဒါဘရီမင်	-	နုရင်ဘတ်	ည ၈း၀၀	(ယခင်နှစ် ၁-၁)
ဘရန်နှ်ရှဝိုက်း	-	**စတုဂတ်**	ည ၁၀း၀၀	(-)

ပြင်သစ်လီဂူး ပွဲစဉ်(၈)

ရန်းနက်စ်	-	နန့်တက်စ်	ည ၆း၃၀	(-)
အဂျာစီယို	-	**မောင့်ပယ်လီယာ**	ည ၉း၃၀	(ယခင်နှစ် ၂-၁)
ရိမ်းစ်	-	**မိုနာကို**	နံနက် ၁း၃၀	(-)

စက်တင်ဘာ ၂၇/ ၂၈ ဘောလုံးပွဲ ရလဒ်များ

ဗယ်လာဒိုလစ်	၂-၂	မာလာဂါ
အော့စ်ဘတ်	၂-၂	ဂလက်ဘက်
ဟက်ဒါဖီးလ်	၁-၁	ဘလက်ပူးလ်
စပါး	၁-၁	ချယ်လ်ဆီး
အက်စတွန်ဗီလာ	၃-၂	မန်စီးတီး
ဖူလ်ဟမ်	၁-၂	ကာဒစ်
ဟားလ်စီးတီး	၁-၀	ဝက်စ်ဟမ်း
မန်ယူ	၁-၂	ဝက်စ်ဘရွန်း
ဆောက်သမ်တန်	၂-၀	ခရစ္စတယ်ပဲလေ့စ်
ဒေါ့မွန်	၅-၀	ဖရိုင်းဘတ်
ဘိုင်ယန်မြူးနစ်	၁-၀	ဝုဖ်ဘတ်
လေဗာကူဆင်	၂-၀	ဟန်နိုဗာ
ဟော့ဖန်ဟိန်း	၃-၃	ရှော်လ်ကေး
ဟာသာဘာလင်	၃-၁	မိန့်ဇ်
ဗလင်စီယာ	၁-၀	ဗယ်လက်ကာနို
လောရီရန့်	၀-၂	မာဆေး
နော်တင်ဟမ်	၁-၀	ဒါဘီ
ဝက်ဖို့ဒ်	၁-၀	ဝီဂန်
ဘော်တန်	၁-၁	ယိုဗေး
ဘုန်းမောက်	၁-၃	ဘလက်ဘန်း
ရီးဒင်း	၂-၀	ဘာမင်ဂမ်
အစ်ဆွစ်	၂-၀	ဘရိုက်တန်
မီဝေါ	၂-၀	လိဒ်
လက်စတာ	၂-၁	ဘန်စလေ
ရှက်ဖီးဝက်နက်စဒေး	၀-၁	ဒွန်ကက်စတာ
ဘန်လေ	၃-၀	ချာတန်
ကျူပီအာ	၂-၀	မစ်ဒယ်ဘရော့

သီဟ

အမည်မှန်

ဦးဆန်းလွင်၏သမီး အထက(၅) ကမာရွတ် သတ္တမတန်း(က)မှ မနှင်းရည်စိုး၏ အမည်မှန်မှာ မနှင်းရီစိုး ဖြစ်ပါကြောင်း။

အသုံးမလိုတော့သော ဂေဟဆေးပေးစက်များ ဝယ်ယူလိုပါသည်။
09 49302004

အမြန်ပြန်လာပါ

သမီး…မနွယ်နီအောင် ၉/ပသက(နိုင်)၁၀၈၈၇၉ အမြန်ပြန်လာပါ။ မိဘများ စိတ်ပူနေသည်။ ရောက်ရာအရပ်မှ ဆက်သွယ်အကြောင်းကြားပါ။ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ လက်ခံထားရှိသူ ဖြားယောင်းသွေးဆောင်ထားသူအား ဥပဒေအရ ထိရောက်စွာ အရေးယူမည်။

ဦးအောင်ကျော်-ဒေါ်သန်းဌွေး

ဖုန်း-၀၉-၄၃၁၆၆၉၁၁၊ ၀၉-၈၁၀၁၃၇၅၂၊ ၀၉-၄၄၄၀၂၁၇၃

တောင်ကြီးတွင် ဆေးတက္ကသိုလ်တည်ဆောက်ပေးမည်

ရန်ကုန် စက်တင်ဘာ ၂၈

မြန်မာနိုင်ငံ၏တောင်တန်းဒေသတစ်ခုဖြစ်သောရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသ၌ ဆေးတက္ကသိုလ်ကြီးတစ်ခု တည်ဆောက်ဖွင့်လှစ်သွားရန် စီစဉ်နေပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနက ကြေညာချက် တစ်ရပ်ထုတ်ပြန်ထားသည်။

ဆေးတက္ကသိုလ်(တောင်ကြီး)ကို တည်ဆောက်ဖွင့်လှစ်သွားရန် စီစဉ်နေပြီဖြစ်ကြောင်း၊ ဆေးတက္ကသိုလ်(တောင်ကြီး) တည်ဆောက်မည့် လုပ်ငန်းခွင်တွင် အဓိကအားဖြင့် ပင်မဆောင်ကြီးအပြင် အမှုထမ်းနှင့်အရာထမ်းဝန်ထမ်းအိမ်ရာများပါ ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနမှ သတင်းရရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ယခုထက် ပိုမိုမြှင့်တင်သွားရန် စီစဉ်လျက်ရှိရာ တစ်ဖက်မှတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိဆေးရုံများအတွက် ဆေးဝါးဘတ်ဂျက်များတိုး မြှင့်ချပေးလျက်ရှိသည့်အပြင် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ ဆရာဝန်များ မွေးထုတ်ပေးသွားရန်ပြင်ဆင်လျက်ရှိသည်။

ဆေးတက္ကသိုလ်(တောင်ကြီး)ကို တည်ဆောက်ဖွင့်လှစ်လိုက်ခြင်းဖြင့် တောင်တန်းဒေသနေ ကျောင်းသားကျောင်းသူများ ဆေးတက္ကသိုလ်သို့ အိုးမကွာအိမ်မကွာ တက်ရောက်နိုင်တော့မည်ဖြစ်သည်။

ဤဒေသ၌ ဆေးတက္ကသိုလ်ဖွင့်လှစ်နိုင်ခြင်းကြောင့် တောင်တန်းဒေသနေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း ပိုမိုတိုးတက်ရရှိလာနိုင်သည်။ ဆေးတက္ကသိုလ်ဆင်းဆရာဝန်အများအပြားဤဒေသ၌ ပေါ်ထွန်းလာနိုင်သည်။

မြန်မာနိုင်ငံတွင် ဆေးတက္ကသိုလ်များကို ရန်ကုန်၊ မန္တလေး၊ မကွေး စသော မြို့ကြီးများ၌ ဖွင့်လှစ်သင်ကြားလျက်ရှိရာမှ တောင်တန်းဒေသတွင် ဆေးတက္ကသိုလ်ကြီးတစ်ခု ပေါ်ထွန်းလာမည်ဖြစ်သည်။ ယခုကဲ့သို့ မြန်မာနိုင်ငံတွင် ဆေးတက္ကသိုလ်တစ်ခု တိုးမြှင့်ဖွင့်လှစ်ရန် စီစဉ်လိုက်ခြင်းကြောင့် ဆရာဝန်ဘွဲ့ရများ ပိုမိုများပြားလာကာ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုပေးနိုင်တော့မည်ဖြစ်သည်။

သတင်းမှတ်စု -ကြံတိုင်းအောင်

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

လမ်းလျှောက်ခြင်း၏ ရလဒ်ကောင်း

လမ်းလျှောက်ခြင်းသည် မိမိတို့ကိုယ်ခန္ဓာအတွက် များစွာအထောက်အကူပြုသည်။ လူသားတို့ နေ့စဉ် သွားလာလှုပ်ရှားရာတွင် စက်ဘီး၊ ဆိုင်ကယ်၊ ကားစသည်များကို အမြန်ရောက်ချင်သောစိတ်ဖြင့် မလိုအပ်ဘဲစီးသောအကျင့်များကြောင့် အမောမခံနိုင်ခြင်း၊ ညောင်းညာကိုက်ခဲခြင်း စသည့်ရောဂါများအဖြစ်များသည်။အထူးသဖြင့် အညောင်းထိုင်ပြီးအလုပ်လုပ်ကြသူများအတွက်ပို၍ လမ်းလျှောက်သင့်သည်။ တစ်နေ့လျှင် နာရီဝက်မျှလမ်းလျှောက်ရုံဖြင့် မိမိတို့၏ကျန်းမာရေးကို ဂရုစိုက်ပေးရာရောက်ပါသည်။ ခန္ဓာကိုယ်ရဲ့ သွေးလည်ပတ်မှုကို ကောင်းစေသည့်အပြင် စိတ်ကိုလည်း လန်းဆန်းတက်ကြွစေပါသည်။

ယနေ့ခေတ်လူကြီးများမှအစ လူငယ်များအားလုံးလိုလို ကျန်းမာရေးလိုက်စား အလေးထားလာကြသည်ကိုတွေ့ရသည်။ ထူးခြားဆန်းပြားသောရောဂါများရှိလာသည့်ခေတ်ကြီးတွင် ကျန်းမာရေးလိုက်စားခြင်းသည် ရောဂါမဖြစ်ခင် ကြိုတင်ကာကွယ်ခြင်းတစ်မျိုးဖြစ်၍ ပိုအသုံးဝင်ပါသည်။ နံနက်ခင်းတွင် နေ့စဉ်လမ်းလျှောက်ပြီး ကိုယ်လက်လှုပ်ရှားခြင်းဖြင့် တစ်နေကုန် လန်းဆန်းတက်ကြွစေပါသည်။ ကိုယ်ဝန်ဆောင်များသည်လည်း နေ့စဉ်လမ်းလျှောက်ပေးခြင်းအားဖြင့် မိမိတို့ရဲ့ ရင်သွေးလေးများကို အလွယ်တကူမွေးဖွားနိုင်ကြောင်း သိရသည်။

ယနေ့ခေတ် အမျိုးသမီးများသည် မိမိတို့၏ ကိုယ်ခန္ဓာကိုကျန်းမာရေးနှင့်အညီလှပကျော့ရှင်းအောင် ပြုပြင်နေထိုင်တတ်လာကြသည်။ ထို့ကြောင့် လမ်းလျှောက်ခြင်းဖြင့် ခန္ဓာကိုယ်ရဲ့ အလေးချိန်ကိုလည်း ထိန်းသိမ်းထားနိုင်ပါသည်။ လမ်းလျှောက်ခြင်းကို အလေ့အထတစ်ခုလို ပိုမိုဆောင်ရွက်ခြင်းဖြင့် ကျန်းမာရေးအကျိုးကျေးဇူးများလည်း ရရှိနိုင်သည်။ မိမိခန္ဓာကိုယ်အတွက် ထိခိုက်မှုလုံးဝမရှိသည့် လေ့ကျင့်ခန်းကောင်းတစ်ခု ဖြစ်သည်။

ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ အစရှိသော ရောဂါများကို ဖြစ်ပေါ်စေနိုင်မှုမှ လျှော့ချပေးနိုင်ပါသည်။ နှလုံးကိုလည်း အားကောင်းစေပါသည်။ ခန္ဓာကိုယ်၏အာရုံကြောများနှင့်ကြွက်သားများစသည့် အင်္ဂါအစိတ်အပိုင်းများကို ကြံ့ခိုင်ရန် နေ့စဉ်လမ်းလျှောက်ခြင်းက ကူညီပေးပါသည်။ အေရိုးဗစ်လေ့ကျင့်ခန်းပြုလုပ်ခြင်းကလည်း ခန္ဓာကိုယ်သွက်လက်ပေါ့ပါးစေပြီး ခန္ဓာကိုယ်၏အချိုးအစားကို ထိန်းသိမ်းပြုပြင်ပေးသည်။ မိမိတို့၏ခန္ဓာကိုယ်တွင် အကျိုးသက်ရောက်မှုရှိစေသော ကိုလက်စထရောဓာတ်နှင့် အကျိုးမပြုသော ကိုလက်စထရောဓာတ်ဟူ၍ နှစ်မျိုးရှိသည်။ လမ်းလျှောက်ခြင်းဖြင့် အကျိုးပြုစေသောကိုလက်စထရော ဓာတ်များကို အားပေးကူညီပြီး စိတ်စွမ်းအင်ကိုလည်း မြှင့်တင်ပေးပါသည်။ အကြောနှင့် ဆိုင်သောကြီးပေါင်းတက်ရောဂါ၊ အကြောတက်ရောဂါများကိုလည်း လမ်းလျှောက်ခြင်းဖြင့် ပြေလျော့သွားစေပါသည်။

လူတိုင်းသည် မိမိလုပ်ဆောင်သည့် လုပ်ငန်းခွင်နှင့်လူမှုပတ်ဝန်းကျင်များတွင် နေ့စဉ်နှင့်အမျှ အခက်အခဲများ အနည်းနှင့်အများ ရင်ဆိုင်ကြုံတွေ့နေရသည်။ စိတ်ဖိစီးမှုဒဏ်ကို နေ့စဉ်လမ်းလျှောက်ခြင်းဖြင့် လျော့ကျစေနိုင်သည်။ လမ်းလျှောက်ခြင်းကို နေ့စဉ်ဆောင်ရွက်ပေးခြင်းသည် မိမိခန္ဓာကိုယ်အတွက် ကောင်းကျိုးများကိုသာ ခံစားရမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ခင်သန္တာ

စစ်တွေမြို့၌ လူမှောင်ခို၊ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြော

စစ်တွေ စက်တင်ဘာ ၂၈

ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် အရွယ်မရောက်သေးသော အမျိုးသမီးငယ်များကို အကြမ်းဖက်မခံရစေရေးနှင့် လူမှောင်ခို၊ လူကုန်ကူးမှုအကြောင်းနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို စက်တင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက စစ်တွေမြို့နယ် ပါဒလိတ်ကျေးရွာရှိ အမှတ် (၇) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုညိုဝေလွင်က အရွယ်မရောက်သေးသော အမျိုးသမီးငယ်များကို အကြမ်းဖက်မခံရစေရေး၊ လူမှောင်ခိုကူးမှုမခံရစေရေးနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပြီး **(အောက်ပုံ)**လူကုန်ကူးမှုတားဆီးကာကွယ်နှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုရဲအုပ်ရွှေမောင်က လူမှောင်ခို၊ လူကုန်ကူးမှုတိုက်ဖျက်ရေးအကြောင်းအရာများနှင့် ပတ်သက်၍ အသိပညာပေးဟောပြောသည်။ ယင်းနောက် မြို့နယ်ဥပဒေရုံးမှ ဒုတိယဥပဒေအရာရှိ ဒေါ်မြင့်မြင့်စံက အမျိုးသမီးငယ်များ အကြမ်းဖက်မှုနှင့် လူမှောင်ခိုကူးမှုဆိုင်ရာ ဥပဒေ၊ နည်းဥပဒေအကြောင်းနှင့် ပတ်သက်၍ ဟောပြော ဆွေးနွေးပြီးနောက် တာဝန်ရှိသူများက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။

ဇော်နိုင်ထွန်း(iprd)

ပဲခူး၌ ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ

ပဲခူး စက်တင်ဘာ ၂၈

ပဲခူးမြို့တွင် စက်တင်ဘာ ၂၆ရက် နံနက် ၁၁နာရီခန့်က ၂၂ ဘီးကျောက်သယ်ပို့ကားကြီးနှင့် ဟိုင်းလပ်ကိုယ်ပိုင်ယာဉ်ငယ်တို့ မိုးရွာနေဆဲ လမ်းဘီးချော်ပြီး မျက်နှာချင်းဆိုင်တိုက်မိကြသဖြင့် ယာဉ်ငယ် ယာဉ်မောင်းကို ဆေးရုံပို့၍ကုသရသည့် ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့သည်။ **(အပေါ်ပုံ)**

မန္တလေးမှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ဘိုဘိုကျော် (၂၆ နှစ်) မောင်းနှင်လာသည့် ယာဉ်အမှတ် ၅ဂ/---- ၂၂ ဘီး ကျောက်တင်ကားကြီးနှင့် ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း ဦးမျိုးမြင့် (၄၈ နှစ်) မောင်းနှင်လာသည့် ဟိုင်းလပ်ယာဉ်ငယ်တို့သည် ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမ မိုင်တိုင်အမှတ် (၄၈/၅)မဟာမြိုင်မီးပွိုင့်အနီး မြသန္တာလမ်းထိပ်၌ မိုးရွာနေစဉ် ကားဘီးများချော်ကာမျက်နှာချင်းဆိုင် ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

ယာဉ်မောင်း နှစ်ဦးစလုံးကို ယာဉ်မဆင်မခြင် မောင်းနှင်မှုဖြင့် ယာဉ်ထိန်း ရဲအုပ်မောင်မောင်၏ တိုင်တန်းချက်အရ ပဲခူးမြို့ အမှတ်(၃)ရဲစခန်း၊ အမှုစစ်ရဲအုပ်ငွေနေဦးက အမှုဖွင့်စစ်ဆေးအရေးယူခဲ့ကြောင်း သိရသည်။

မင်းထက်နိုင်

ကျုံပျော်၌ မိုဘိုင်းဖုန်းဆင်းကတ်များ ချထားပေး

ကျုံပျော် စက်တင်ဘာ ၂၈

စက်တင်ဘာလအတွက် ကျုံပျော်မြို့နယ် ပြည်သူများအနေဖြင့် တန်ဖိုးနည်းမိုဘိုင်းဖုန်းဆင်းကတ်များ ခွဲတမ်း ၇၀၀ ရရှိကြောင်း သိရသည်။ လအလိုက်ရရှိသော မိုဘိုင်းဖုန်းဆင်းကတ်များကို ယခင်လက်ကျန်မဲမပေါက်သူများနှင့် တစ်ဆက်တစ်စပ်တည်း အသစ်လျှောက်လွှာများနှင့်အတူ မဲစနစ်ဖြင့် ဖြန့်ဝေလျက်ရှိရာ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၈၇)အုပ်စု၊ ရပ်ကွက် ရှစ်ရပ်ကွက်ရှိ လျှောက်ထားကြသော ပြည်သူများမှာ တစ်ပတ်နှင့်တစ်ပတ် ပိုမိုများပြားလာကြောင်း မြို့နယ်မိုဘိုင်းဖုန်းဖြန့်ဖြူးရေးကော်မတီက သိရသည်။

ဦးကြိုင်(ကျုံပျော်)

အိတ်ဖွင့်လေလံတင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းဦးစီးဌာနရှိ အသုံးပြုပြီးသော တာယာဟောင်း၊ ဘက်ထရီဟောင်း၊ ပီပါခွံဟောင်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်လေလံတင်ဒါ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များနှင့်ဈေးနှုန်းတင်သွင်းလွှာပုံစံများကို ဖြည့်တင်းရေးဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် ၄၃၊ နေပြည်တော်တွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ သိလိုသည့်အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၁၀၃၁၆ သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)
နေပြည်တော်

သမဝါယမဝန်ကြီးဌာန
သမဝါယမဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် သမဝါယမတက္ကသိုလ် သန်လျင်တွင် အားကစားရုံး (၁၄၀'×၉၀'×၂၅')ဆောက်လုပ်ခြင်း၊ ပါမောက္ခချုပ် RC နှစ်ထပ်အိမ်ရာ (၄၃'×၃၄×၂၀')ဆောက်လုပ်ခြင်း၊ ဒုတိယပါမောက္ခချုပ်အိမ်ရာ RC တစ်ထပ် (၄၀'×၃၀'×၁၆') ဆောက်လုပ်ခြင်း၊ ပါမောက္ခ/ဌာနမှူး တစ်ထပ်အိမ်ရာ(၄၄'×၂၆'×၁၀')သုံးလုံး ဆောက်လုပ်ခြင်း၊ ကထိက/လက်ထောက်ကထိက လေးခန်းတွဲနှစ်ထပ်အိမ်ရာ(၁၂၀'×၃၆'×၂၀')နှစ်လုံး ဆောက်လုပ်ခြင်းတွင် (၁၂၀'×၁၀')ဂဝံလမ်းခင်းခြင်းအပါအဝင် ဝန်ထမ်း A အိမ်ရာသွား ကွန်ကရစ်လမ်း(၁၁၃၀' အရှည် ×၁၂'အကျယ် ×၆"ထု) လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ အဆိုပါတည်ဆောက်ရေးလုပ်ငန်းများအတွက် ပြည်တွင်းနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းဆိုင်ရာအဆိုပြုလွှာများကို ၁-၁၀-၂၀၁၃ရက်မှ ၂၅-၁၀-၂၀၁၃ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ပေးပို့သွားရန် တင်ဒါခေါ်ယူအပ်ပါသည်။

၃။ တင်ဒါစည်းကမ်းများနှင့် အဆိုပြုလွှာတွင်ပါဝင်ရမည့်အချက်အလက်များကို သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး(ငွေစာရင်းဌာနခွဲ)၊ ရုံးအမှတ်(၁၆)နေပြည်တော်တွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းများနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ တင်သွင်းကြရမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၁၀၃၃၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(E)မှ မောင်သီဟထွန်း၏ ဖခင်အမည်မှန်မှာ ဦးကြည်ဆွေဖြစ်ပါသည်။

ဦးကြည်ဆွေ

ဖခင်အမည်မှန်

သံတောင်မြို့၊ အထက တက္ကသိုလ်ဝင်တန်း(A)မှ နော်အယ်ပသီထူး၏ ဖခင်အမည်မှန်မှာ စောစထရောင်း(ခ)စောဆန်ကျော ၃/သတန(နိုင်)၀၁၂၀၇၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

စောစထရောင်း(ခ)စောဆန်ကျော

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ
စက်မှုလက်မှုပညာသင်တန်းကျောင်း(ဘားအံ)

တင်ဒါခေါ်ယူခြင်းအား ပယ်ဖျက်ခြင်း

၁။ ကရင်ပြည်နယ်၊ ဘားအံမြို့နယ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၌ တည်ဆောက်မည့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း အဆောက်အအုံများအတွက် ၁၂-၈-၂၀၁၃ ရက် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာများတွင် တင်ဒါခေါ်ယူခဲ့ပါသည်။

၂။ သို့ရာတွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း တည်ဆောက်ရန်အတွက် ပြည်ပအဖွဲ့အစည်းတစ်ခု၏ အထောက်အပံ့ဖြင့် ဆောင်ရွက်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိသဖြင့် အထက်အပိုဒ်(၁)ပါ တင်ဒါခေါ်ယူခဲ့ခြင်းအား ပယ်ဖျက်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် ကွန်ပျူတာ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ မိတ္တူကူးစက်မှင်၊ စာရေးကိရိယာများ 100 KVA မီးစက်၊ လေအေးပေးစက်နှင့် ဘက်ထရီများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၃၀-၉-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃၀-၁၀-၂၀၁၃ ရက် ၁၁း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါရုံးလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ
စိုက်ပျိုးရေးဦးစီးဌာန
ရုံးအမှတ် ၄၃၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၉၇

ဈေးပြိုင်လေလံခေါ်ယူခြင်း

၁။ သစ်တောဦးစီးဌာန၊ ရေကြည်မြို့နယ်မှ ညောင်မှော်/သောင်တန်းဘိနယ်တွင် ဖမ်းဆီးရမိထားသော ပုံစံ(၈)စာရင်းဝင်စက်လှေအား မျက်မြင်အနေအထားအတိုင်း လေလံစနစ်ဖြင့် ဈေးပြိုင်ရောင်းချမည်ဖြစ်ပါသည်။

(က) **ရောင်းချမည့်နေ့ရက်** - ၁၀-၁၀-၂၀၁၃ ရက်
(ခ) **ရောင်းချမည့်အချိန်** - နံနက် ၁၀ နာရီ
(ဂ) **ရောင်းချမည့်နေရာ** - သစ်တောဦးစီးဌာန၊ ပုသိမ်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ပုသိမ်မြို့
(ဃ) **လျှောက်လွှာပုံစံ ထုတ်ပေးမည့်ရက်** - ၂၅-၉-၂၀၁၃ ရက်မှ ၁၀-၁၀-၂၀၁၃ ရက်အထိ - နံနက် ၉ နာရီအထိ

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက သစ်တောဦးစီးဌာန၊ ပုသိမ်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးနှင့်ရေကြည်မြို့နယ်၊ သစ်တောဦးစီးအရာရှိရုံး၊ ဖုန်း-၀၄၂-၂၂၀၁၃နှင့် ၀၄၆-၅၂၃၈၂တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၃။ စက်လှေ၏အတိုင်းအတာမှာ (လ၅၅'×န၁၅'×စ၆')(သစ်သားကိုယ်ထည်)

လေလံတင်ရောင်းချရေးအဖွဲ့
သစ်တောဦးစီးဌာန၊ ပုသိမ်ခရိုင်

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ကော့သောင်း-ရနောင်းကုန်သည်ကြီးများ ဆွေးနွေးပွဲကျင်းပ

ကော့သောင်း စက်တင်ဘာ ၂၈

ကော့သောင်း(မြန်မာ)-ရနောင်း(ထိုင်း)နယ်စပ်ဒေသ နှစ်ခရိုင် ကုန်သည်ကြီးများ အလွတ်သဘောဆွေးနွေးပွဲအခမ်းအနားကို စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီက ထိုင်း နိုင်ငံ ရနောင်းမြို့ Heritage Grang Convention Ranong ၌ကျင်းပရာ ကော့သောင်းခရိုင်နှင့် ရနောင်းခရိုင်တို့မှ တာဝန်ရှိသူများ၊ နှစ်နိုင်ငံကုန်သည်ကြီးများ၊ ခရီးသွားလုပ်ငန်းကုမ္ပဏီများ၊ ဟိုတယ်လုပ်ငန်းကုမ္ပဏီများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကုမ္ပဏီများ၊ စက်မှုလက်မှုလုပ်ငန်းကုမ္ပဏီများမှ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

နှစ်နိုင်ငံနယ်စပ်ဒေသများတွင် ဒေသတွင်းကုန်သွယ်မှုလုပ်ငန်းများ၊ ကမ္ဘာလှည့်ခရီးသွားလာရေးလုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အပြန်အလှန် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်စေရေးအခြေအနေများကို တက်ရောက်လာကြသည့် လုပ်ငန်းကုမ္ပဏီအမျိုးအစားအလိုက် လုပ်ငန်းရှင်များကအပြန်အလှန်အလွတ်သဘောဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

ညဉ့်အချိန် နေအိမ်အိပ်ခန်းအတွင်း ဝင်ရောက်၍ ထိုးကြိတ် ထွက်ပြေးသူအားအရေးယူ

နေပြည်တော် စက်တင်ဘာ ၂၈

ရေနံချောင်းမြို့နယ် စက်မှုဇုန်ရပ်ကွက်နေ မသန်းစိုးဌေး (၃၇ နှစ်)သည် သားသမီး သုံးဦးနှင့်အတူ နေအိမ်အိပ်ခန်းအတွင်းရှိ ခုတင်ပေါ်၌ အိပ်ပျော်နေစဉ် စက်တင်ဘာ ၂၅ ရက် နံနက် ၂ နာရီက နေအိမ်ခြံစည်းရိုးသံဆန်ခါ မသည့်အသံကြားသဖြင့် အိပ်ရာမှလန့်နိုးခဲ့သည်။ ထိုစဉ် တစ်ဖက်အိမ်မှဇော်ဇော်နိုင် (၃၀ နှစ်)မှာ အိပ်ခန်းအတွင်းသို့ ဝင်ရောက်လာသဖြင့် ဖခင်ဖြစ်သူအား အော်ခေါ်မည်ပြုစဉ်ဇော်ဇော်နိုင်မှ ပါးစပ်ပိတ်ပြီးလက်သီးနှင့် လေးငါးချက်ခန့်ထိုးသဖြင့် မသန်းစိုးဌေးတွင် ဝဲဘက်မျက်လုံး ဖူးရောင်၊ အပေါ်နှုတ်ခမ်းဖူးရောင်သွေးထွက် ပေါက်ပြဲ၊ မေးစေ့ဖူးရောင်ဒဏ်ရာများရရှိခဲ့ပြီး ဇော်ဇော်နိုင်မှာ ၎င်း၏ နေအိမ်သို့ ထွက်ပြေးသွားခဲ့သောကြောင့် အရေးယူပေးရန် တိုင်တန်းခဲ့ရာ လက်မှတ်ကုန်းနယ်မြေစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

ရေဒီယိုဓာတ်ခဲအားသွင်းစဉ် ဓာတ်လိုက်သေဆုံး

ဖြူး စက်တင်ဘာ ၂၈

ဖြူးမြို့နယ် ဇေယျဝတီရဲစခန်းအပိုင် ပြောင်သေကျေးရွာအုပ်စု ရန်ကုန်-မန္တလေးပုံမှန်ကားလမ်းပေါ်ရှိ စမ်းချောင်းကျေးရွာတွင် ရေဒီယိုဓာတ်ခဲ အားသွင်းရာမှ လူတစ်ဦး ဓာတ်လိုက်သေဆုံးသွားကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး ဇေယျဝတီရဲစခန်းနယ်မြေ ပြောင်သေကျေးရွာအုပ်စု ရန်ကုန်-မန္တလေးပုံမှန်ကား လမ်းပေါ်ရှိ စမ်းချောင်းကျေးရွာနေ ကိုတင်လှ(ခ)လာလူ(၂၄ နှစ်)သည် စက်တင်ဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီခွဲက ၎င်းမတ်ပဲပွဲရုံ၌ မတ်ပဲများ အိတ်သွတ်ချိန်တွယ်ချုပ်လုပ်အပြီး ကိုတင်လှ(ခ)လာလူးသည် ရေချိုးကာ ပုဆိုးရေစိုဖြင့် ဖိနပ်မပါဘဲ ပွဲရုံ သံမံတလင်းပေါ်လျှောက်၍ ပွဲရုံအ တွင်းရှိ လျှပ်စစ်မီးမိန်းပလပ်ခုံတွင် ရေဒီယိုဓာတ်ခဲအားသွင်းလိုက်စဉ် ဓာတ်လိုက်လဲကျသွားသဖြင့် ထိုနေ့ ညနေ ၄ နာရီ မိနစ် ၂၀က ဖြူးပြည်သူ့ဆေးရုံသို့တင်ပို့ခဲ့ရာ သေဆုံးသွားသည်။

ဒုရဲအုပ်ခင်မောင်ဆွေက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးပြီး ဇေယျဝတီရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြူးမြင့်ဦး

တောင်သူများအား ဓာတ်မြေဩဇာ အခမဲ့ထောက်ပံ့

ဟိုပင် စက်တင်ဘာ ၂၈

ကချင်ပြည်နယ် ဟိုပင်မြို့နယ်ခွဲအတွင်း မျိုးသန့်စိုက်ပျိုးသည့် တောင်သူများနှင့် သွင်းအားစုထည့်သွင်းရန် အခက်အခဲရှိသည့် တောင်သူများအား ယူရီးယားဓာတ်မြေဩဇာအခမဲ့ထောက်ပံ့ပေးအပ်ပွဲကို စက်တင်ဘာ ၂၆ ရက် နံနက် ၁၁ နာရီက မြို့သစ်ကလေးကျေးရွာအုပ်စု မြေနုကျေးရွာအနန္တဂုဏ်ရည်ဓမ္မာရုံ၌ ကျင်းပသည်။

ထောက်ပံ့ပေးအပ်ပွဲတွင်မိုးညှင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်ရုံးမှ ယူရီးယားမြေဩဇာအိတ် ၅၀ ကို တာဝန်ရှိသူများက ကျေးရွာအုပ်စုရှစ်အုပ်စုနှင့် မြို့ပေါ်နှစ်ရပ်ကွက်မှ တောင်သူ ၂၀ ကို အခမဲ့ထောက်ပံ့ပေးအပ်ရာ တောင်သူကိုယ်စားလှယ်များက လက်ခံယူကြသည်။ အခမ်းအနားတွင် မိုးညှင်းမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးတို့က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအေးမြင့်မောင်က လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားကာ မြေနုကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်မြိုင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် မြေနုကျေးရွာ အလကခွဲအတွက်ရန်ပုံငွေကျပ်သုံးသိန်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေးက ပေးအပ်ပြီး တာဝန်ရှိသူတစ်ဦးက လက်ခံယူသည်။ ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့က အဘိုးအဘွားငါးဦးအတွက် ငွေကျပ် ၅၀၀၀၀ လှူဒါန်းခဲ့ကြောင်း သိရ သည်။

(မြို့နယ် ပြန်/ဆက်)

အရှိန်ပြင်း ယာဉ်လမ်းပေါ်ကန့်လန့် ဖြတ်တိမ်းမှောက်

လက်ပံတန်း စက်တင်ဘာ ၂၈

စက်တင်ဘာ ၂၅ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ က လက်ပံတန်းမြို့နယ် ကွမ်းခြံကျေးရွာအနီး ရန်ကုန်-ပြည်ကားလမ်း၊ ရန်ကုန်မှ ပြည်သို့ ယာဉ်မောင်းရဲလွင်(၃၉ နှစ်)မောင်းနှင်လာသော လ/-----အဖြူရောင်ဒိုင်နာမော်တော်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်းပေါ်ကန့်လန့်ဖြတ်တိမ်းမှောက်သောကြောင့် ယာဉ်ပေါ်ပါခရီးသည် စုစုပေါင်း ငါးဦး ဒဏ်ရာများရရှိ၍ ဆေးရုံတင်ပို့ကုသခဲ့ပြီး မော်တော်ယာဉ်မှာ ဝဲ/ယာဘက်မှန်များကွဲသွားသည်။ ယာဉ်မဆင်မခြင်မောင်းနှင်သူ ရဲလွင်ကို လက်ပံတန်းနယ်မြေ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးဆောင်ရွက်

မန္တလေး စက်တင်ဘာ ၂၈

ဧရာဝတီမြစ်ရေနှင့်ဒုဋ္ဌဝတီမြစ်ရေကြီးမှုကြောင့် အမရပူရမြို့နယ်အတွင်းရှိ ရပ်ကွက်များနှင့် ကျေးရွာများအတွင်းသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့၍ ခြင်ပေါက်ပွားမှုယခင်ကထက် ပိုမိုများပြားလျက်ရှိရာ ခြင်အန္တရာယ်ကာကွယ်ရေးနှင့် သွေးလွန်တုပ်ကွေး၊ ရောဂါကာကွယ်ရေးအတွက် နိဗ္ဗာန်သုခအသင်း (မန္တလေး) က အဆိုပါဒေသများတွင် ခြင်ဆေးဖျန်းခြင်းကို အခမဲ့ဆောင်ရွက်ပေးလျက်ရှိသည်။ အမရပူရမြို့နယ် ရဲလွန်းကျော်ရွာနှင့် ဆေးအိုးဖိုရွာများတွင် စက်တင်ဘာ ၂၆ရက် နံနက် ၆ နာရီမှစတင်၍ နိဗ္ဗာန်သုခအသင်း၊ မန္တလေးမှအသင်းနာယက ဦးကျော်လွင်အတွင်းရေးမှူး ဦးစိုးစိုးထွန်းတို့ဦးဆောင်၍ အသင်းသား ၁၅ ဦးတို့ ခြင်ဆေးဖျန်းစက်သုံးလုံးဖြင့် ရွာလုံးကျွတ်ခြင်ဆေးဖျန်းပေးခဲ့သည်။ "ကျွန်တော်တို့ရွာထဲ ဒုဋ္ဌဝတီမြစ်ရေမဝင်တာခြောက်နှစ်ကျော်ရှိပြီ ဖြစ်ပါတယ်။ စက်တင်ဘာ ၁၂ ရက်မှစတင်၍ ရေများဝင်ရောက်ခဲ့ပြီး ရွာအတွင်း ခုနစ်ရက်ရေဝင်ခဲ့ပါတယ်။ ရေကျအပြီးမှာ ခြင်များပိုမိုပေါက်ပွားလာတာကြောင့် နေထိုင်ရတာအခက်အခဲတွေရှိပါတယ်။ ကလေးငယ်များအတွက်လည်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်မှာစိုးရိမ်ရပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀ ခန့်က အခုလိုအဖြစ်မျိုးနဲ့ကြုံခဲ့ဖူးပါတယ်" ဟု ဒေသခံရွာသားတစ်ဦးက ပြောပြသည်။

တင်မောင်(မန္တလေး)

တောင်တွင်းကြီး၌ ကျောင်းအဆင့်တိုးမြှင့်

တောင်တွင်းကြီး စက်တင်ဘာ ၂၈

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ မောင်းတိုင်း (၁) ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းကို စက်တင်ဘာ ၂၆ ရက်က အထက်တန်းကျောင်းခွဲအဆင့်အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစောဝင်းမောင်၊ မြို့နယ်ပညာရေးမှူး ဦးကျော်လွင်နှင့် တာဝန်ခံကျောင်းအုပ်ဆရာကြီး ဦးစံဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

ပညာရေးဝန်ထမ်းများ လိုက်နာကျင့်သုံးဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများ၊ ပညာရေးဝန်ကြီးဌာန ညွှန်ကြားချက်များလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဗိုလ်ပြည့်(တောင်တွင်းကြီး)

မသန်စွမ်းသူများအတွက်(အထူး)အခွင့်အရေးကောင်း အသက်မွေးဝမ်းကျောင်းပညာ သင်တန်းသား/သူခေါ်ယူခြင်း

အကူအညီပေးရေးနှင့် ပြန်လည်ထူထောင်ရေးအသင်း AAR Japan မှ အဆင့်မြင့်ဂျပန်နည်းပညာစက်ချုပ်၊ ဆံသအလှပြုပြင်ခြင်းနှင့် ကွန်ပျူတာသင်တန်းများကို တစ်နှစ်လျှင်(၃)ကြိမ်အခမဲ့ ဖွင့်လှစ်သင်ကြားလျက်ရှိပါသဖြင့် ကိုယ်အင်္ဂါ မသန်စွမ်းသူများနှင့် အကြားအာရုံ အားနည်းသူများ အသက်(၁၈)နှစ်မှ (၄၀)အတွင်း လျှောက်ထားနိုင်ပါသည်။ သင်တန်းကာလအတွင်း အဆောင်တွင်နေထိုင်သူဖြစ်ရမည်။ သင်တန်းကြေး၊ နေထိုင် စားသောက်စရိတ်နှင့် သင်တန်းသား သင်တန်းသူများအတွက် အသွားအပြန် အနည်းဆုံးခရီးစရိတ်ကို AAR Japan မှ စရိတ်ငြိမ်း တာဝန်ယူပါမည်။ သင်တန်းသား/သူတစ်ဦးချင်းစီ၏ မသန်စွမ်းမှုအလိုက် ဆရာ/ဆရာမများနှင့် အဆောင်မှူးများမှ ကြီးကြပ်သင်ကြားလျက်ရှိပါသည်။ လျှောက်လွှာများကို AAR Japan အသက်မွေးဝမ်းကျောင်းတွင် အခမဲ့ရယူနိုင်ပါသည်။

လျှောက်လွှာများကို တစ်နှစ်ပတ်လုံးလက်ခံလျက် အပတ်စဉ်တိုင်းတွင် ထည့်သွင်းစဉ်းစားပေးပါသည်။

ပထမအပတ်စဉ် ၂၀၁၄ ခုနှစ်သင်တန်းအတွက်

လျှောက်လွှာပိတ်မည့်ရက်	- ၃၁ ရက်၊ အောက်တိုဘာလ၊ ၂၀၁၃ ခုနှစ်
သင်တန်းကာလ	- ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်မှ ၂၀၁၄ ခုနှစ် ဧပြီလ ၉ ရက်အထိ

ဆက်သွယ်စုံစမ်းရန်လိပ်စာ AAR Japan မသန်စွမ်းသူများအတွက် သက်မွေးလုပ်ငန်းပညာသင်ကျောင်း၊ အမှတ် ၆၅၊ ကျိုက်ဝိုင်းဘုရားလမ်းနှင့် မင်းဓမ္မလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၉၆၆၁၇၁၂၊ AAR Japan

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏ဇနီးဖြစ်သူ မသီသီဟန်(ခင်မာချို) ၁၂/မရက(နိုင်)၀၁၄၀၆၇သည် မိသားစုနှင့် စီးပွားရေးလုပ်ငန်းများကို မငဲ့ကွက်ဘဲ ၂-၇-၂၀၁၃ ရက်တွင် နေအိမ်မှ မိမိဆန္ဒအလျောက်စွန့်ခွာသွားပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

ကိုမြင့်ဦး ၁၂/မရက(နိုင်)၀၉၀၂၂၆

ဆေးရုံအုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှုသင်တန်း

မြန်မာနိုင်ငံဆရာဝန်အသင်း၊ ဆေးရုံအုပ်ချုပ်မှုပညာအဖွဲ့မှ စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးအစီအစဉ်ဖြင့် ဆေးရုံအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု CME Course on Hospital Management သင်တန်းအမှတ်စဉ်(၃)ကို မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)တွင် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၃ ရက်မှ ၂၇ ရက်အထိ ပို့ချမည်ဖြစ်ပါသည်။ ပုဂ္ဂလိကဆေးရုံများ၊ ဆေးခန်းများမှ ဆရာဝန်များ၊ စိတ်ပါဝင်စားသူဆရာဝန်များ တက်ရောက်နိုင်ပါသည်။ သင်တန်းနှင့်ပတ်သက်၍ ဒေါက်တာကျော်ဝင်း ဖုန်း-၀၉-၅၀၁၃၉၇၀၊ ဒေါက်တာတင်ညိုညိုလတ် ဖုန်း-၀၉-၂၀၄၄၈၂၅၊ ဒေါက်တာတင်တင်စိန် ဖုန်း-၀၉-၅၀၂၉၂၂၃ တို့ထံ စုံစမ်းနိုင်ကြောင်းနှင့် သင်တန်းတက်ရောက်လိုသူများသည် ဒေါက်တာတင်တင်စိန်၊ ဆေးရုံအုပ်ကြီး၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးထံတွင် (ရုံးချိန်အတွင်း) ၂၀၁၃ခုနှစ် အောက်တိုဘာ ၃၁ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပါသည်။

မူလကမ္ဘာအေးကျောင်းတိုက် မိုးကုတ်ရိပ်သာ လစဉ်နေ့ငါးရက် အထူးတရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အနီး မူလကမ္ဘာအေးကျောင်းတိုက် ပဓာနနာယကဆရာတော် ဦးဝိမလကိုဦးထိပ်ထား၍ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကမ္မဋ္ဌာနာစရိယ မိုးကုတ်နယ်လှည့်ဓမ္မကထိက အရှင်နန္ဒာစရိယ(ဝမ်းတွင်း)ဆရာတော်မှ ၅-၁၀-၂၀၁၃ ရက်မှ ၉-၁၀-၂၀၁၃ ရက်အထိ မွန်းလွဲ ၁၂း၃၀နာရီမှ ညနေ ၄း၃၀နာရီအထိ ပဋ္ဌိစ္စသမုပ္ပာဒ်တရားတော်နှင့် သစ္စာလေးပါးမြတ်တရားတော်တို့ကို အကျယ်တဝင့်ခန္ဓာဉာဏ်ရောက် သဘောပေါက်အောင် ဟောကြားမည်ဖြစ်ပါ၍ ဓမ္မမိတ်ဆွေယောဂီအပေါင်းသူတော်ကောင်းတို့အား နိဗ္ဗာန်အကျိုးမျှော်၍ လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။

တရားစခန်းဖြစ်မြောက်ရေးအကျိုးတော်ဆောင်အဖွဲ့
ဖုန်း-၀၁-၃၈၂၂၈၆၊ ၀၉-၄၉၂၇၆၈၇၁

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဂ/၂၀၀၁ Toyota Mark II S/L(4 × 2) ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာမင်းသိန်း ၁၂/လမန(နိုင်)၁၀၉၈၃၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)

သတိပေးတားမြစ်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ အမှတ် (၂)ရပ်ကွက်၊ နဝရတ်လမ်း၊ အမှတ် (၂၁၁)ဟုခေါ်တွင်သော အကျယ်ပေ(၁၅×၅၀)ရှိ မြေနှင့်နှစ်ထပ်အိမ်မှာ ကျွန်တော် ဦးဝင်းကို ၁၂/ဥကမ(နိုင်)၁၁၅၆၇၄နှင့်ဇနီးဖြစ်သူ ဒေါ်စောရီ ၈/မသန(နိုင်)၀၀၀၂၉၅ တို့ လင်မယားနှစ်ဦးပိုင် လက်ထက်ပွားပစ္စည်းများဖြစ်ကြပြီး အဆိုပါ မြေ၊ အိမ်နှင့်တကွ ရွှေ့ပြောင်းနိုင်သောပစ္စည်းအရပ်ရပ်တို့ကို လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများမပြုလုပ်ရန် တားမြစ်အပ်ပါသည်။ လိုက်နာခြင်းမပြုပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝင်းကို ၁၂/ဥကမ(နိုင်)၁၁၅၆၇၄
၃၄၂/ခ၊ မေယုလမ်းမ၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

နယ်သတင်းနှင့်ဆောင်းပါး

ရဲတပ်ဖွဲ့ဝင်များစုပေါင်းသွေးလှူဒါန်း

ပုသိမ် စက်တင်ဘာ ၂၈

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ရဲတပ်ဖွဲ့ဝင်များ၏ စုပေါင်းသွေးလှူဒါန်းပွဲကို စက်တင်ဘာ ၂၆ ရက်က ပုသိမ်မြို့ အထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်ခွဲ၌ ကျင်းပရာ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲ မှူးကြီးစိုးဝင်း၊ ပုသိမ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုးနှင့် သွေးလှူဒါန်း မည့်ရဲတပ်ဖွဲ့ဝင်များတက်ရောက်၍ သွေးလှူဒါန်းမှုများ ဆောင်ရွက်ခဲ့ကြသည်။ **(ယာပုံ)**

(ခရိုင် ပြန်/ဆက်)

ရော်ဘာပျိုးခင်း စိုက်ပျိုးထိန်းသိမ်းခြင်းသင်တန်းဖွင့်လှစ်

သထုံ စက်တင်ဘာ ၂၈

ရော်ဘာစိုက်တောင်သူများ မျိုးကောင်းမျိုးသန့်ရော်ဘာပျိုးပင်များကို စနစ်တကျ စိုက်ပျိုးနိုင်ပြီး မှန်ကန်ကောင်းမွန်သော မြေဆီ၊ မြေဩဇာများထည့်သွင်းကျွေးမွေးခြင်းဖြင့် အစေးထွက်နှုန်းကောင်းမွန်ကာ တောင်သူများ၏ လူမှုစီးပွားရေးဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်စေရေးအတွက် သထုံခရိုင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနနှင့် မြို့နယ်ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် ရော်ဘာပျိုးခင်းစိုက်ပျိုးထိန်းသိမ်းခြင်းသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီခွဲက သထုံမြို့နယ် ကြာပန်းကျေးရွာရှိ နုမိသားစုရော်ဘာခြံ၌ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်နှင့် မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဘသိန်းတို့က တောင်သူများအား မိမိတို့ဘဝအတွက် အဆင့်မြင့် နည်းပညာများကို ဂရုပြုလေ့လာနိုင်ရေး ဆွေးနွေးပြောကြားသည်။ ရော်ဘာခြံရှင် ဦးဂွန်က နိုင်ငံတကာနှင့် ပြည်တွင်းရော်ဘာဈေးကွက်အခြေအနေ၊ ပြည်ပသို့တင်ပို့နိုင်မှုနှင့် အရည်အသွေးမြင့်မားရေးအတွက် ခြံပိုင်ရှင်များ ဆောင်ရွက်သင့်သည့် နည်းလမ်းများကို ရှင်းလင်းဆွေးနွေးကာ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းဝေက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းသည်။ ယခုသင်တန်းကို သုံးရက်တာကျင်းပမည်ဖြစ်ပြီး ကြာပန်းကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ခြံပိုင်ရှင်နှင့် ခြံလုပ်သား ၅၀တို့ တက်ရောက်သင်ကြားကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**

လျှပ်စစ်ဓာတ်အားပြည့်ဝစွာ အသုံးပြုနိုင်ရေးအတွက် မတ္တရာမြို့နယ်၌ ထရန်စဖော်မာများတိုးချဲ့တပ်ဆင်

မတ္တရာ စက်တင်ဘာ ၂၈

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် New Ever Light ကုမ္ပဏီတို့ ပူးပေါင်း၍ မတ္တရာမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာအသုံးပြုနိုင်ရေးအတွက် မတ္တရာမြို့နယ် ဗိုလ်တေဇရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်တေဇလမ်းသွယ်(၂) ထောင့်နှင့် အမှတ်(၃)ရပ်ကွက်တို့တွင် (၁၁/၀ ဒသမ ၄) ကေဗွီနှင့် ၃၁၅ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးစီတို့ကို ၂၀၁၃ ခုနှစ် ဧပြီလတွင် တိုးချဲ့တပ်ဆင်ရာ ဩဂုတ် ၂၅ ရက် တွင် ဗိုလ်တေဇရပ်ကွက် ထရန်စဖော်မာကို လည်းကောင်း၊ စက်တင်ဘာ ၂၀ ရက်က အမှတ်(၃)ရပ်ကွက် ထရန်စဖော်မာကို လည်းကောင်း စတင်အသုံးပြုနိုင်ခဲ့သည်။ယင်းသို့ တိုးချဲ့တပ်ဆင်လိုက်သည့်အတွက်ကြောင့် ၎င်းရပ်ကွက်နေ ပြည်သူများသည် ယခင်က ၄၀၀ ဗို့လိုင်း၊ လိုင်းအဆုံး ၅၄၀ ဗို့သာရရှိအသုံးပြု နေရသော်လည်း ယခုအခါ ၂၁၀ ဗို့အထိ တိုးတက်ကောင်းမွန်စွာ အသုံး ပြုနိုင်ခဲ့ကြောင်း၊ ၎င်းထရန်စဖော်မာများကို မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဆွေမြင့်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစိုးဝင်းတို့က ကြီးကြပ်၍တိုးချဲ့တပ်ဆင်ခဲ့ကြကြောင်း သိရသည်။ **(ဝ၄ဝ)**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဖဒိုကျေးရွာရှိ ဖဒိုလူမှုကူညီရေးအသင်းသို့ ဦးခင်မောင်ဦး-ဒေါ်ဝင်းဝင်းတို့အား အမှူးပြု၍ ကိုနိုင်ဝင်းထူး- မဝင်းနန္ဒာဦး မိသားစုက စက်တင်ဘာ ၈ ရက်တွင် လူနာတင်ယာဉ်တစ်စီးပေးအပ်လှူဒါန်းစဉ်။

တက္က(ဖဒို)

သာသနာ့ပါလ ဆွမ်းလောင်းလှူပွဲကျင်းပ

ကျောက်ပန်းတောင်း စက်တင်ဘာ ၂၈

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ပညာရေးမိသားစု၏ (၁၆) ကြိမ်မြောက် သာသနာ့ပါလဆွမ်းလောင်းလှူပွဲကို စက်တင်ဘာ ၂၆ ရက် နံနက် ၄ နာရီခွဲက အဆိုပါကျောင်းရှေ့ ဥပစာ၌ ကျင်းပခဲ့သည်။

အထက(၁) ပညာရေးမိသားစု၏ သာသနာ့ပါလဆွမ်းလောင်းလှူပွဲသို့ မြို့နယ်ပညာရေးမှူး ဒေါ်ခင်ညို၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကြည်လင်နှင့် လက်ထောက်ပညာရေးမှူးများ၊ အထက(၁) ကျောင်းအုပ်ဆရာမကြီး ဒေါက်တာခင်စိုးမိုးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများသည် ဆရာတော် သံဃာတော်များအား ဆွမ်း၊ ဆွမ်းဟင်းများ လောင်းလှူကြသည်။

သာ သနာ့ပါလဆွမ်းလောင်းလှူပူဇော်ပွဲသို့ ကျောက်ပန်းတောင်းမြို့ပေါ်ရှိ စာသင်တိုက်ကြီးများနှင့် ကျောင်းတိုက်အသီးသီးတို့မှ ပရိယတ္တိ ပဋိပတ္တိတရားမြတ်တို့ကို ပွားများအား ထုတ်လျက်ရှိကြသည့် ရဟန်းသာမဏေ ၇၄၆ ပါးတို့ ကြွရောက်ချီးမြှင့်တော်မူခဲ့ကြကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

သုံးမြွှာပူးမိန်းကလေးများအား ပခုက္ကူဆေးရုံကြီးတွင် အောင်မြင်စွာမွေးဖွား

ပခုက္ကူ စက်တင်ဘာ ၂၈

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံကြီး သားဖွားမီးယပ်ကုသဆောင်တွင် စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းက သုံးမြွှာပူးမိန်းကလေးများအား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ကြောင်းသိရသည်။ စက်တင်ဘာ ၂၇ ရက် နံနက်တွင် ပခုက္ကူမြို့နယ် ကုက္ကိုလှကျေးရွာအုပ်စု သဘော်ကုန်းကျေးရွာနေ ဦးအောင်ကျော်သူ၏ဇနီး ဒေါ်သင်းသင်းအေးမှ ပခုက္ကူပြည်သူ့ဆေးရုံကြီး သားဖွားမီးယပ်ကုသဆောင်တွင် နံနက် ၉ နာရီ ၃၅ မိနစ်က ပထမမိန်းကလေးကို ငါးပေါင်ဖြင့် လည်းကောင်း၊ ဒုတိယမိန်းကလေးကို နံနက် ၉ နာရီ ၃၆ မိနစ်တွင် သုံးပေါင် ၁၀ အောင်စဖြင့်လည်းကောင်း၊ တတိယမိန်းကလေးကို နံနက် ၉ နာရီ ၃၇ မိနစ်တွင် လေးပေါင်ဖြင့်လည်းကောင်း ပခုက္ကူဆေးရုံကြီးမှ သားဖွားမီးယပ်အထူးကုဆရာဝန်ဒေါက်တာ ဒေါ်အေးအေးသင်းက အောင်မြင်စွာဖြင့် မိခင်နှင့် ကလေးသုံးဦးစလုံး ကျန်းမာစွာမွေးဖွားပေးနိုင်ခဲ့သည်။ သုံးမြွှာပူးမိခင်ဒေါ်သင်းသင်းအေးအား ပခုက္ကူဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်သင်းသင်းအေးနှင့်အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ ဆေးလူမှုဆက်ဆံရေးမှူးနှင့်ဝန်ထမ်းများက ပိတ်အနှီးစနှင့် အလှူငွေများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်(မန်းတက္ကသိုလ်)

အပူပိုင်းဒေသစိမ်းစိုဖို့ သစ်တောသစ်ပင်တွေ ထိန်းသိမ်းစို့

သက်တမ်းလွန်ဝိုင်ယာကြိုးကြောင့်မီးလောင်မှုဖြစ်ပွား

မိုးညှင်း စက်တင်ဘာ ၂၈

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၌ ၂၄ နာရီ မီးလင်းနေပြီဖြစ်သည်။ လျှပ်စစ် ၂၄ နာရီ မီးအားရရှိသဖြင့် သက်လွန်ဟောင်းနွမ်းသည့် လျှပ်စစ်ဝိုင်ယာကြိုးမှာ ခံနိုင်ရည်မရှိတော့၍ မီးစွဲလောင်ပြီးလူနေခန်းအထပ်သားကို ကူးစက်လောင်ကျွမ်းမှု စက်တင်ဘာ ၂၆ ရက် နံနက် ၆ နာရီ ၂၇ မိနစ်က မိုးညှင်းမြို့ စိမ်းရတနာမွန် (မြောက်)ရပ်ကွက် အာရ်စီတိုက်ခန်းတစ်ခန်း၌ ဖြစ်ပွားခဲ့ရာ လူနေအိမ် ခန်းသုံးခန်း မီးလောင်ကျွမ်းခဲ့သည်။

မီးလောင်စဉ်မိုးရွာသွန်းမှုအားကောင်းသော်လည်း မြို့နယ်မီးသတ်ကားနှစ်စီး၊ရေတင်ကားတစ်စီးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်ကားတစ်စီးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းငြိမ်းသတ်ခြင်းကြောင့် မိနစ် ၃၀ အတွင်း အပြီးငြိမ်းသတ်နိုင်ခဲ့သည်။ **(ဝ၆၃)**

ဖခင် အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ် အထက ကံတွင်း အဋ္ဌမတန်း(A)မှ မယမင်းထွေး၏ ဖခင်အမည်မှန်မှာ ဦးလှမြင့် ၉/မလန(နိုင်)ဝ၇၄၅၁ဝဖြစ်ပါသည်။

ဦးလှမြင့်

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း
ထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံးကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ချမ်းအေးသာစံမြို့နယ်တရားရုံးတော်၌
၂၀၁၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၈ နှင့်ဆက်သွယ်သည့်
၂၀၁၃ခုနှစ် တရားမဇာရီမှုအမှတ်-၂၈

ဦးနေဝင်းအောင် **နှင့်** ဦးဖိုးခွား
ဒီကရီအနိုင်ရသူ **တရားရှုံး**

ဦးဖိုးခွား ကွတ်ခိုင်မန်း ကားအသင်း၊ အိမ်အမှတ်(၅/၄၃)၊ အပိုင်း(ခ)၊ ၅၈လမ်း၊ ၃၉×၄၀ လမ်းကြား၊ မုံလည်လမ်းသွယ်၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ)အား သိစေရမည်။

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၄၈တွင်ရရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးနေဝင်းအောင်ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်စုံရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြနိုင်သည့် အခွင့်ရကိုယ်စားလှယ်နှင့်ဖြစ်စေ ၂၀၁၃ခုနှစ် အောက်တိုဘာ ၇ရက် (၁၃၇၅ခုနှစ် သီတင်းကျွတ်လဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မိမိခိုင်)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ချမ်းအေးသာစံမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
ပန်းတောင်းမြို့နယ်တရားမရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၄၁

ဒေါ်ချိုချိုမာ **နှင့်** မကေသွယ်
တရားလို **တရားပြိုင်**

ပန်းတောင်းမြို့၊ (၁၁/က)ရပ်ကွက်၊ ဥဿျစ်ပင်ရပ်နေ မကေသွယ်(ဦးစိုးဝင်း၏သမီး) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မီးသွေးဖိုးကြိုတင်ထုတ်ပေးငွေကျပ်သိန်းရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၉ရက် (၁၃၇၅ခုနှစ် သီတင်းကျွတ်လဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ဖို့လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် စက်တင်ဘာ ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မြင့်မြင့်ဝင်း
ဒုတိယမြို့နယ်တရားသူကြီး
ပန်းတောင်းမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁/ပေါင်းလောင်း(၁)၊ ၅လမ်း၊ မြေကွက်အမှတ် (၅၁၇)၊ မြေဧရိယာ ဝ ဒသမ ဝ၅၅ဧကရှိ မြေကွက်မှာ ဦးသိန်းမောင် DV -၀၁၈၉၄၅ အမည်ဖြင့် မြို့မြေတိုးချဲ့ရေးကော်မတီ၊ ပျဉ်းမနားမြို့ ချထားပေးသော မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဦးသိန်းမောင် DV -၀၁၈၉၄၅က အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များအား ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဒေါ်ခင်နီလာ ၉/ပမန(နိုင်)၁၁၇၉၉၇**
၅ လမ်း၊ ပေါင်းလောင်း ၁၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ရွှေအင်ကြင်းရပ်၊ မြေကွက်အမှတ် (ဒ-၂၆၃၀)မြေကွက်ကို ဦးရဲဖြိုး(ဘ)ဦးသန်းထွဋ်သိန်း ၁၃/တကန(နိုင်)၁၅၇၀၈၁အမည်ဖြင့်လည်းကောင်း၊ မြေကွက်အမှတ် (ဒ-၂၆၆၄)မြေကွက်ကို ဒေါ်ကျော်မီမီလွင်(ဘ)ဦးကျော်မြင့် ၈/ပခက(နိုင်)၁၄၁၅၂၆ အမည်ဖြင့်လည်းကောင်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ချထားပေးသော မြေကွက်များ ဖြစ်ပါသည်။

၎င်းမြေကွက်များနှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဒေါ်မာလာဝင်း(ဘ)ဦးလှဝင်း ၁၂/မရက(နိုင်)၁၀၈၅၇၁က အထက်ဖော်ပြပါ မြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များအားဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးဇော်ဝင်း ၁၂/မရက(နိုင်)၁၀၈၅၇၂
၉၆/၁၄၊ ၆ ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

မှုခင်းသတင်းနှင့်ဆောင်းပါး

ကြည့်မြင်တိုင်မှ လူကုန်ကူးအမျိုးသမီး လွယ်ဂျယ်၌ဖမ်းဆီးမိ

ရန်ကုန် စက်တင်ဘာ ၂၈

ရွှေပြည်သာမြို့နယ် အမှတ်(၁)ရပ်ကွက်၌နေထိုင်ပြီး ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြ ငါးဈေးကြီး၌ ငါးအရောင်းအဝယ်ပြုလုပ်နေသူ ဒေါ်သီသီ(ခ) ဒေါ်သန်းသန်းဌေးသည် ယခင်က သိကျွမ်းခဲ့ဖူးသော ကြည့်မြင်တိုင်မြို့နယ် ဝါးရုံဆိပ်ရပ်ကွက်၌နေထိုင်သော မဝင်းစန္ဒာအေးနှင့် စက်တင်ဘာ ၇ ရက်တွင် ပြန်လည်တွေ့ဆုံခဲ့ရာ သမီးအတွက် အလုပ်ရှာပေးရန် အကူအညီတောင်းခဲ့သည်။

စက်တင်ဘာ ၁၀ ရက်၌ မဝင်းစန္ဒာအေးထံမှ ဖုန်းဆက်လာသည့်အတွက် အသက် ၁၅ နှစ်အရွယ်ရှိ သမီးဖြစ်သူနှင့်အတူ ကြည့်မြင်တိုင် ကမ်းနားဈေးမှတ်တိုင်၌ တွေ့ဆုံစကားပြောခဲ့ကြသည်။

မဝင်းစန္ဒာအေးက ဗန်းမော်မြို့ရှိ ထမင်းဆိုင်တွင် တစ်လလျှင်ငွေကျပ် ၁၅၀၀၀၀ ဖြင့် အလုပ်ရမည်ဆို၍ ၎င်းနှင့်အတူ သမီးအား ထည့်ပေးလိုက်သည်။ ၎င်းတို့သည် စက်တင်ဘာ ၁၁ ရက်က ရန်ကုန်မှထွက်ခွာလာကြပြီး စက်တင်ဘာ ၁၂ ရက်တွင် မန္တလေးမြို့သို့ရောက်ရှိခဲ့ကြသည်။

အလုပ်မှာ ဗန်းမော်မြို့တွင်မဟုတ်ဘဲ တရုတ်နိုင်ငံသို့ ခေါ်ဆောင်သွားမည်ဖြစ်ကြောင်း သိလိုက်ရသည့်အတွက် သမီးဖြစ်သူက မိခင်ထံသို့ဖုန်းဖြင့် ဆက်သွယ်ပြောကြားခဲ့သည်။ တရုတ်နိုင်ငံသို့မလိုက်လိုကြောင်း မဝင်းစန္ဒာအေးကို ပြောကြားခဲ့သော်လည်း ဆက်လက်ခေါ်ဆောင်သွားခဲ့သည်။ တရုတ်နိုင်ငံအတွင်း နယ်စပ်ကျေးရွာတစ်ခုဖြစ်သည့် လာရင်းသို့ စက်တင်ဘာ ၁၃ ရက်တွင် ရောက်ရှိသွားကြောင်း သိရသည်။

ပြည်တွင်း၌သာ မဟုတ်ဘဲ တရုတ်နိုင်ငံအထိ ခေါ်ဆောင်သွားသည့်အတွက် မိခင်ဒေါ်သီသီက စက်တင်ဘာ ၁၄ ရက် ညနေတွင် နယ်စပ်မြို့ဖြစ်သော လွယ်ဂျယ်သို့ လိုက်သွားခဲ့သည်။ လွယ်ဂျယ်မြို့ရှိ လူကုန်ကူးမှု ကူညီရှာဖွေပေးရေးအဖွဲ့နှင့်တွေ့ဆုံပြီး ဖြစ်စဉ်ကို ပြောပြအကူအညီတောင်းခဲ့သည်။ ထို့နောက် လွယ်ဂျယ်ရဲစခန်း၌ အမှုဖွင့်တိုင်ကြားခဲ့သည်။

လွယ်ဂျယ်ရဲတပ်ဖွဲ့နှင့်တရုတ်နိုင်ငံရဲအဖွဲ့တို့ ပူးပေါင်း၍ ရှာဖွေခဲ့ရာ စက်တင်ဘာ ၁၆ ရက်တွင် တရုတ်နိုင်ငံ လာရင်းကျေးရွာရှိ ဒေါ်ချို(ခ)ဒေါ်မြင့်မြင့်ဦး၏ ထမင်းဆိုင်နှင့်တွဲလျက်ဖွင့်ထားသော အနှိပ်ခန်းအတွင်းမှ သမီးဖြစ်သူကို ပြန်လည်ရှာဖွေတွေ့ရှိခဲ့သည်။

သို့အတွက် မိခင်ဒေါ်သန်းသန်းဌေးက ခေါ်ဆောင်သွားသော မဝင်းစန္ဒာအေးနှင့် လက်ခံထားရှိသူ ဒေါ်ချို(ခ)ဒေါ်မြင့်မြင့်ဦးတို့ကို အရေးယူပေးရန် လွယ်ဂျယ်ရဲစခန်း၌ တိုင်ကြားခဲ့သည်။ လွယ်ဂျယ်ရဲစခန်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေးပုဒ်မ ၂၄ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ပေးခဲ့သည်။

ထိုမှ ကြည့်မြင်တိုင်မြို့မရဲစခန်းသို့ စက်တင်ဘာ ၂၃ ရက်တွင် လွှဲပြောင်းလာသဖြင့် ဒုရဲအုပ် ဝင်းဌေးဦးက ရဲလုပ်ထုံးလုပ်နည်းနှင့်အညီ မဝင်းစန္ဒာအေးနှင့် မချို(ခ)ဒေါ်မြင့်မြင့်ဦးတို့ကို စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၀၄၂)**

ရန်ကုန် စက်တင်ဘာ ၂၈

ဖုန်းဆိုင်အတွင်းဝင်ရောက်၍ ဟန်းဆက်များနှင့် ငွေဖြည့်ကတ်များ ခိုးယူသူ ဖော်ထုတ်ဖမ်းဆီး

စက်တင်ဘာ ၉ ရက် နံနက် ၉ နာရီက အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်ရှိ Huawei ဖုန်းနှင့် အပိုပစ္စည်း အရောင်းဆိုင်တာဝန်ခံ မသူဇာသည် ဆိုင်သို့ရောက်ရှိစဉ်ဆိုင်၏အနောက်ဘက် ပြတင်းတံခါးမှာ ပွင့်နေပြီး ပစ္စည်းများပြန့်ကျဲကာ ဆိုင်အတွင်း၌ထားရှိသော ဖုန်းဟန်းဆက်မျိုးစုံ ၁၂၄ လုံး၊ ငွေကျပ် ၁၀၀၀၀ တန် ငွေဖြည့်ကတ် ၅၉ ကတ်၊ ငွေကျပ်၅၀၀၀တန် ငွေဖြည့်ကတ် ၆၆ ကတ် ပျောက်ဆုံးနေသဖြင့် စုံစမ်းအရေးယူ ပေးပါရန် တိုင်တန်းခဲ့၍ အင်းစိန် မြို့မရဲစခန်းက အမှုဖွင့်စုံစမ်းဆောင် ရွက်ခဲ့သည်။

ဖမ်းဆီးရမိ

မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး အထူးမှုခင်းနှိမ်နင်းရေးဌာနစုမှတပ်ဖွဲ့ဝင်များနှင့် အင်းစိန်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပူးပေါင်း၍ အထောက်အထားနှင့်ကွင်းဆက်များ ရှာဖွေစုဆောင်းစုံစမ်းခဲ့ရာ ပြစ်မှုကျူးလွန်သူမှာ ဖိုးငို(ခ)ဝင်းနိုင်(ခ)ကျော်မင်းလွင် ရွှေလင်ဗန်းစက်မှုဇုန် လှိုင်သာယာမြို့နယ်နေသူဖြစ်ကြောင်း အတည်ပြုစုံစမ်းရရှိခဲ့ပြီး၎င်းကို စက်တင်ဘာ ၂၅ ရက်က ကြည့်မြင်တိုင်မြို့နယ် အနောက်ပိုင်း ဆေးရုံအနီး၌ ဖမ်းဆီးရမိခဲ့သည်။

၎င်းသည် ဖောက်ထွင်းမှု၊ ခိုးမှုများဖြင့် ၂၀၀၀ ပြည့်နှစ်တွင် ထောင်ဒဏ် (၈၃နှစ်) ကျခံခဲ့ရသူဖြစ်ပြီး ၂၀၁၂ ခုနှစ်က မုပ္ပလင်ရဲဘက်စခန်းမှ ထွက်ပြေးလာခဲ့သူဖြစ်ကာ အခင်းဖြစ်ဆိုင်၏ အနောက်ဘက်ပြတင်းပေါက်ကို သံတူရွင်းဖြင့် ကလော်ဖွင့်ပြီးအတွင်းရှိ သံပန်းတံခါးသော့ကို ဖျက်ဆီးဝင်ရောက်ကာ ပစ္စည်းများအား ခိုးယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သက်သေခံပစ္စည်းများ သိမ်းဆည်းရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

ပဲခူး စက်တင်ဘာ ၂၈

ရွှေ့ကားကိုကျော်တက်စဉ် မျက်နှာချင်းဆိုင်ကားနှင့်တိုက်မိ

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်ရဲစခန်းအပိုင်ဝေါမြို့မှ ကျိုက်ထိုမြို့သို့သွားသည့် ညောင်ခါးရှည်လမ်းဆုံအနီးကြားတွင် စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီက ယာဉ်တိုက်မှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သတင်းရလျှင်ရချင်းရဲအုပ်(စခန်းမှူး) ထန်ကျင်း၊ နယ်ထိန်းခေါင်းဆောင်နှင့်အဖွဲ့များသွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဖြစ်စဉ်မှာ အနောက်မှ အရှေ့သို့ မောင်းနှင်လာသည့် ဆိုင်ကယ်ပေါ်တွင် ဝင်းထွန်းလင်း(၂၄နှစ်)၊ အငယ်လေး (၂၁နှစ်) ကျောက်တံခါးမြို့နယ် ကညင်ကျေးရွာနေသူနှင့် စောနိုင်လင်းထက်(ခ)ထိန်လင်းနောင်(၁၆နှစ်) ညောင်လေးပင်မြို့နယ် ခင်ကန့်လတ်ကျေးရွာနေသူတို့သည် အနောက်မှ အရှေ့သို့မောင်းနှင်လာစဉ် ၂၂ ဘီး ကားကိုကျော်တက်စဉ် ကျိုက်ထိုဘက်မှ ဝေါမြို့သို့ အောင်မိုးသူ(၂၃နှစ်) စစ်တောင်းမြို့နေသူ မောင်းနှင်လာသည့် ခြောက်ဘီးယာဉ်နှင့် တိုက်မိ၍ **(အပေါ်ပုံ)**စောနိုင်လင်းထက်သည်လမ်း၏တစ်ဖက်သို့ လွင့်စဉ်ပြီး အငယ်လေးသည် အခင်းဖြစ်သည့်နေရာ၌ပင် ပွဲချင်းပြီးသေဆုံးခဲ့ပြီး ဝင်းထွန်းလင်းနှင့် စောနိုင်လင်းထက်တို့ကို ဝေါမြို့ဆေးရုံသို့ အချိန်မီတင်ပို့စဉ် ဆေးရုံသို့ မရောက်ခင် နှစ်ဦးစလုံး သေဆုံးသွားကြောင်းသိရှိရသည်။ ၎င်းအမှုနှင့်ပတ်သက်၍ ညောင်ခါးရှည်ရဲစခန်းကအမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သုလင်း(ဟံသာမြေ)**

ပိုင်ရှင်မဲ့နွားနှင့် စက်လှေ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၂၈

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ကြာညှပ်ကျေးရွာအနောက်ဘက် ဧရာဝတီမြစ်အနောက်ဘက်ကမ်း ဝါးဖြူချောင်းတွင် နွားမှောင်ခိုများ ရောက်ရှိနေကြောင်း သတင်းအရ ကြာညှပ်ရဲကင်းရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ စက်တင်ဘာ ၂၅ ရက် နံနက် ၄ နာရီက သွားရောက်စုံစမ်းခဲ့ရာ လူငါးဦးခန့်သည် စက်လှေနှစ်စင်းဖြင့် နွား ၁၇ ကောင်ကို သယ်ဆောင်၍ ဖြတ်ကူးလာသည်ကို တွေ့ရှိရသဖြင့် ဝိုင်းဝန်းပိတ်ဆို့ဖမ်းဆီးခဲ့သည်။ထိုသို့ဖမ်းဆီးစဉ် အဆိုပါလူများမှာ စက်လှေပေါ်မှ ခုန်ချထွက်ပြေးသွားသဖြင့် နွားထီး ၁၅ ကောင်၊ နွားမနှစ်ကောင်၊ စုစုပေါင်း ၁၇ ကောင်နှင့် စက်လှေနှစ်စင်းတို့ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သောကြောင့် ကြာညှပ်ရဲကင်းရဲစခန်းတွင် ခေတ္တထိန်းသိမ်းထားရှိကာ သပိတ်ကျင်းမြို့နယ် တရားရုံးသို့ တရားစွဲတင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုရဲ**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာစိတ်ချမ်းသာ

အောင်လံမြို့၌ မီးလောင်မှုဖြစ်ပွား

အောင်လံ စက်တင်ဘာ ၂၈

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ရွာထောင်ရပ်ကွက်မြို့ပတ်(၃)လမ်းနေ ဦးစိုးလွင် ကြက်မွေးမြူရေးလုပ်ငန်းဆောင်ရွက်လုပ်ကိုင်သူ နေအိမ်တွင် စက်တင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က မီးကွင်းမီးကျန်မှ စတင်လောင်ကျွမ်းရာ မီးလောင်ရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့များ၊ ပြည်သူများက မီးသတ်ယာဉ်လေးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီ ၅၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်းသိရသည်။

မီးလောင်ကျွမ်းသဖြင့် သုံးပင်နှစ်ခန်း ဝါးခင်းထရံကာ သက်ငယ်မိုးအိမ်တစ်ခြမ်း မီးလောင်ကျွမ်းခဲ့သည်။ လူ၊ တိရစ္ဆာန်ထိခိုက်မှုမရှိကြောင်းနှင့် မီးကိုပေါ့ဆစွာသုံးစွဲသူ ဦးစိုးလွင်ကို အောင်လံမြို့နယ်ရဲစခန်းက အရေးယူဆောင်ရွက်ထားရှိပြီး မိသားစုဝင်များမှာ မြို့ပတ် ၃ လမ်းရှိ ဆွေမျိုးများနေအိမ်တွင် ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။ **နန်းမောင်**

ရှမ်းပြည်နယ် မိုးမိတ်မြို့နယ်တွင် တရားမဝင်သစ်များ ဖမ်းဆီးရမိခဲ့

နေပြည်တော် စက်တင်ဘာ ၂၈

စက်တင်ဘာ ၁၉ ရက်က ရှမ်းပြည်နယ် (လားရှိုး) မိုးမိတ်မြို့နယ် အထက်ညောင်နီကျေးရွာအနီး၌ တရားမဝင်အင်ခွဲသား ၁၄ ချောင်းကို ဦးဌေးမြင့် အိမ်တွင်းစက်မှုလက်မှု သစ်စက်ဝင်းအတွင်းမှ ဖမ်းဆီးရမိသဖြင့် ဦးဌေးမြင့် ညောင်နီကျေးရွာ မိုးမိတ်မြို့အားလည်းကောင်း၊ တရားမဝင်အင်ခွဲသား ၂၃၂ ချောင်း၊ ၂ ဒသမ ၆၄၂ တန်ကို သစ်စက်ကိုယ်စားလှယ် ဒေါ်အေးရွှေ၏ အိမ်တွင်းစက်မှုလက်မှုသစ်စက်ဝင်းအတွင်းနှင့် အပြင်ဘက်ခြံစည်းရိုးကပ်လျက်နေရာမှ ဖမ်းဆီးရမိသဖြင့် ဒေါ်အေးရွှေ တောင်ပိုင်းရပ် မိုးမိတ်မြို့တို့ကို သစ်တောဥပဒေပုဒ်မအရ အရေးယူဆောင်ရွက်ထားရှိသည်။ တရားမဝင် ကျွန်းခွဲသား ၃၂၃ ချောင်း၊ ၉ ဒသမ ၄၇၀၂ တန်၊ အင်ခွဲသား ၁၄၈ ချောင်း၊ ၃ ဒသမ ၁၇၃၂ တန်နှင့် အတူ ဦးထွန်းထွန်းဝင်း ညောင်နီကျေးရွာအား ဖမ်းဆီးရမိပြီး စက်တင် ဘာ ၂၁ ရက်က မိုးမိတ်မြို့နယ် မကျည်းပင်ဘိနယ် မိုးဟောက်အဆို ပြုကြိုးဝိုင်းအတွင်း တရားမဝင်အင် သစ် ၇၈ လုံး၊ ၃၄ ဒသမ ၁၆၆ တန်၊ အင်ကြွင်းသစ် လေးလုံး၊ ၀ ဒသမ ၉၈၆ တန်တို့အား ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **(သစ်တောဦးစီး)**

ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းပွဲရုံတန်း၊ ကျောက်စိမ်း ၄ လမ်း၊ အဆောင်အမှတ် ၂၅ရှိ အခန်းအမှတ် (၇)နှင့်(၈)ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသည့် စာချုပ်စာတမ်းများ၊ စာရွက်စာတမ်းများ၊ ငွေသွင်းပြေစာများကို လက်ဝယ်ထားရှိပိုင်ဆိုင်သူထံမှ ကျွန်မ၏မိတ်ဆွေသည် အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်မည်ဖြစ်သောကြောင့် အထက်ဖော်ပြပါ စော်ဘွားကြီးကုန်းပွဲရုံတန်း၊ ကျောက်စိမ်း ၄ လမ်း၊ အဆောင်အမှတ် ၂၅ရှိ အခန်းအမှတ်(၇)(၈)နှင့်ပတ်သက်၍ သက်ဆိုင်သူ အကျိုးခံစားခွင့်ရှိသူများရှိပါက ခိုင်လုံသော တရားဝင်အထောက်အထား၊ စာချုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်မထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်လှတင် LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၅၄)
အမှတ် ၈၅(မြေညီထပ်)၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၉၂၀၉၀၊ ၀၁-၅၇၂၆၈၁၊ H.P ၀၉-၅၀၂၁၂၄၄

ဝိုင်းမြေငှားမည်

အုတ်တံတိုင်းခတ်ပြီး
မန္တလေးမြို့၊ ၆၇×၆၈လမ်းကြား၊
(C) လမ်း
(ကုန်ကား-ကားကြီးဝင်းဝင်လမ်း)
ဝသုန္ဓေမြေအကျိုးဆောင်ဘေး
ဖုန်း-၀၉-၅၀၂၆၅၈၇၊ ၀၉-၂၀၂၀၈၂၃

ဖခင်အမည်မှန်

အထက(၁) ကျိုက်ထို နဝမတန်း (1-A)မှ မခင်မိုးဆွေ၏ ဖခင်အမည်မှန်မှာ ဦးလှထွေး ၁၀/ကထန(နိုင်)၀၁၁၉၂၆ဖြစ်ပါကြောင်း။

စာအုပ်စာပေလူ့မိတ်ဆွေ

ဒီကရီကိုအတည်ပြုအမိန့်မထုတ်သင့်ကြောင်း

ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်း-၂၂)
တောင်ငူမြို့နယ်တရားမရုံးတော်၌
၂၀၁၁ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၉နှင့်ဆက်သွယ်သည့်
၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၉၁

ဦးသိန်းဝင်း နှင့် ဒေါ်ကြည်ကြည်
(ဒီကရီအနိုင်ရသူ) **တရားရုံး**

ဒေါ်ကြည်ကြည်၊ မင်းကြီးညို (၂၂)ရပ်ကွက်၊ တောင်ငူမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၁ခုနှစ် တရားမကြီးအမှုအမှတ်-၆၉တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးသိန်းဝင်းကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် တင်ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အရအမိန့်ရှေ့နေဖြစ်စေ၊ အကြောင်းပြဖြေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၃ခုနှစ် အောက်တိုဘာ ၃ရက် မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် စက်တင်ဘာ ၂၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ယဉ်နွယ်ဝင်း)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
တောင်ငူမြို့နယ်တရားရုံး

၃၁-၈-၂၀၁၃ ရက်ထုတ် ကြေးမုံသတင်းစာပါ ရှေ့နေ ဦးလွန်ဂျာ၏ ရှင်းလင်းချက်အပေါ်

ပြန်လည်ရှင်းလင်းကြေညာခြင်း

ဦးသန်းဝင်းနိုင် ၉/မရတ(နိုင်)၁၁၆၅၆၄၏ ညွှန်ကြားချက်အရ ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသန်းဝင်းနိုင်အနေနှင့် ဒေါ်သူဇာဝင်းအား လင်မယားကွာရှင်းစာချုပ်၌ လက်မှတ်ရေးထိုးပေးရန်တောင်းဆိုစဉ်က စာချုပ်အလွတ်မဟုတ်ပါ။ ကွာရှင်းခြင်း အကြောင်းအရာများ ရေးသားရိုက်နှိပ်ပြီးသားစာချုပ်သာဖြစ်ပါသည်။ မသူဇာဝင်း၏ လက်ရေးဖြင့် ရေးဖြည့်ပြီးမှ လက်မှတ်ရေးထိုးခြင်းဖြစ်ပါသည်။ စာချုပ်တွင် လက်မှတ်ရေးထိုးခြင်းမပြုမီ ဦးသန်းဝင်းနိုင်ပိုင်ဆိုင်သည့်နေအိမ်ကို ရောင်းချ၍ ရရှိသည့်ငွေပေးအပ်ပါရန် အကြိမ်ကြိမ်နည်းမျိုးစုံဖြင့်တောင်းဆိုခဲ့ပြီး ဦးသန်းဝင်းနိုင်အနေနှင့် နေအိမ်တန်ဖိုးနှင့်ညီမျှသော တန်ဖိုးငွေကို ပိုသာသောဈေးနှုန်းဖြင့်ဈေးဖြတ်ပြီး ပေးအပ်ငွေကို ကျေနပ်စွာလက်ခံထားပြီးဖြစ်ပါသည်။ ဒေါ်သူဇာဝင်းငွေယူစဉ်ကရှိနေသောသက်သေများနှင့် အထောက်အထားခိုင်မာစွာ ဦးသန်းဝင်းနိုင်ထံတွင်ရှိပါသည်။ စိတ်အခန့်မသင့်၍ လက်မှတ်ရေးထိုးခြင်းမဟုတ်ပါ။ ကျေနပ်လောက်အောင် တောင်းဆိုသည့်ငွေကို အမှန်တကယ်ရရှိပြီးမှ ကျေနပ်စွာလက်မှတ်ရေးထိုးခြင်းဖြစ်ပါသည်။ ဒေါ်သူဇာဝင်းသည် အိမ်ထောင်ရေးဖောက်ပြန်သူဖြစ်ကြောင်း ဦးသန်းဝင်းနိုင်ဘက်က ကြေညာခဲ့ခြင်းမရှိပါ။ သဘောထားချင်းတိုက်ဆိုင်မှုမရှိဟုသာကြေညာထားခြင်းဖြစ်ပါသည်။ ဒေါ်သူဇာဝင်း ငွေလက်ခံရယူစဉ်က အတူပါလာသူရှိသည့်အပြင် ရက်ရှည်နေထိုင်ပြီးမှ ငွေလက်ခံခြင်းအပေါ် ဦးသန်းဝင်းနိုင်ဘက်က ခိုင်မာသည့် အထောက်အထားရှိပါသည်။ ငွေစိုက်ထုတ်ပေးသူရှိ၍ ငွေပေးခြင်းကိစ္စဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပါသည်။ နောက်နောင်မမှန်မကန်ရှင်းလင်းခြင်းမျိုးမပြုပါရန်နှင့် ဦးသန်းဝင်းနိုင်၏ လူမှုဘဝရှေ့ရေးအား နှောင့်ယှက်ခြင်းမပြုပါရန် မေတ္တာရပ်ခံပါသည်။ လိုက်နာခြင်းမရှိပါက ဦးသန်းဝင်းနိုင်အနေနှင့် အမှန်တရားအတိုင်း ဥပဒေနှင့်အညီ ငွေလက်ခံရယူသူများကို ဆောင်ရွက်သွားမည်ဟု ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မိုးမိုးခိုင် LL.B,D.B.L (စဉ်-၈၇၂၃) **ဒေါ်မြတ်အိဖြူ LL.B,LL.M,D.B.L (စဉ်-၂၉၈၃၁)** **ဒေါ်ယောမယ်ရီ LL.B,D.I.L (စဉ်-၃၉၆၁၁)**
တရားလွှတ်တော်ရှေ့နေ **အထက်တန်းရှေ့နေများ**
အမှတ် ၂၀၃၊ သုံးလွှာ၊ ဘားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

သားအဖြစ်မှစွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့၊ (၄)ရပ်ကွက်၊ အိမ်အမှတ် ၈၂၊ ပထမလမ်းနေထိုင်သူများဖြစ်သည့် (ဦးဟန်တင်) ၁၄/ဖပန(နိုင်)၀၉၂၇၄၈ နှင့် ဒေါ်ရှုဖွန် ၁၄/ဖပန(နိုင်)၀၉၂၇၄၉ တို့၏သား မောင်တင်အေး ၁၄/ဖပန(နိုင်)၀၉၈၁၈၆ သည် မိဘတို့၏ သွန်သင်ဆုံးမမှုများကို လေးစားလိုက်နာခြင်းမရှိသည့်အပြင် ဆန့်ကျင်မှုပြုပြီး မိဘများ၏ ဂုဏ်သိက္ခာကို ထိခိုက်စေခြင်းနှင့် စိတ်၏ဆင်းရဲခြင်း၊ ကိုယ်၏ဆင်းရဲခြင်းတို့ကိုလည်း အဖန်ဖန်ပြုလုပ်ပါသောကြောင့် ဤကြော်ငြာသည့်ရက်မှစ၍ သားအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

မောင်တင်အေးနှင့်ပတ်သက်သည့် မည်သည့်ကိစ္စရပ်များကိုမဆိုလုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

မိခင်-ဒေါ်ရှုဖွန်

နေရာမှန်ရွှေ့သွားပြီဖြစ်သော အမှိုက်ပုံးများ

ရန်ကုန် စက်တင်ဘာ ၂၈

ထင်သာမြင်သာပြုပြင်လိုက်သည့် မြင်ကွင်းဖြစ်ပေသည်။ အမှိုက်ပုံးက တခြားအမှိုက်ပစ်နေတာက တခြား ဟူသောခေါင်းစဉ်ဖြင့် ၁၉-၉-၁၃ရက်ထုတ် မြန်မာ့အလင်း နေ့စဉ်သတင်းစာ၏ ထင်သာမြင်သာ ပြုပြင်စရာကဏ္ဍတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းနှင့် မြန်မာ့ဂုဏ်ရည်လမ်းထောင့်ရှိ မင်္ဂလာတောင်ညွန့်စာတိုက်ဘေး ကပ်လျက်တည်ရှိသော ရေမြောင်းပေါင်ပေါ်မှ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ထားမှုများကိုဓာတ်ပုံနှင့်တကွဖော်ပြပါရှိခဲ့သည်။ ပြည်သူ့အသံပြည်သူ့အမြင်တို့အလေးထားသည်သင့်၊ သတင်းဖော်ပြပါလာသည့်နေ့တွင်ပင် စည်းကမ်းမဲ့စွန့်ပစ်အမှိုက်များကို ဖယ်ရှားပေးပြီး မြန်မာ့ဂုဏ်ရည်လမ်း တောင်ဘက်ခြမ်းတွင်ထားရှိသော အမှိုက်ပုံးကြီးသုံးလုံးကို အမှိုက်စွန့်ပစ် မြောင်းပေါင်ဘေးမြောက်ဘက်ခြမ်းတွင်ပြောင်းရွှေ့နေရာချထားပေးထားသည်ကိုစက်တင်ဘာ ၂၀ ရက်က တွေ့ရသည်။ အမှိုက်ပုံးများထားရှိရာ ဝန်းကျင်တွင်လည်း အနံ့အသက် ပျောက်ကင်းစေရန် လူသွားစင်္ကြံ ပလက်ဖောင်းနေရာ၊ မြေကြီးကြမ်းပြင်ပေါ်၌ ထုံးမှုန့်များဖြန့်ဖြူးပေးထားသည်ကို မြင်တွေ့ရပေသည်။ ပီတိဖြစ်ဖွယ်မြင်ကွင်းဖြစ်ပေသည်။ ကြွတ်ကြွတ်အိတ်အပြာရောင်လေးဖြင့်ထည့်လာသော အမှိုက်ထုပ်ကို အမှိုက်ပုံးတံခါးဖွင့်၍ထည့်ရင်း ခရီးသွားတစ်ဦးက အေးဗျာ၊ ရှင်းတဲ့လူကတော့ ရှင်းသွားပြန်ပြီ၊ ထပ်ထပ်ပြီး စည်းကမ်းမမဲ့ဖို့ အရေးကြီးတယ်၊ အိတ်ပေါက်နဲ့ ဖားကောက်သလို ဖြစ်နေတယ်၊ရှေ့က ရှင်းပေးလိုက် နောက်ကပြန်ပစ် လိုက်နဲ့ စည်းကမ်းမဲ့ အမှိုက်ပစ်ရင် ဒဏ်ငွေတစ်သောင်းစာတွေကပ်ထားပေမယ့် တစ်ခါမှ အရေးယူတာတွေ မတွေ့ရမကြားရဘူး၊တာဝန်ရှိသူတွေ စောင့်ဖမ်းပြီး ဒဏ်ရိုက်ပြတ်ပြတ်သားသား လုပ်ရင်တော့ စည်းကမ်းမဲ့ အမှိုက်ပစ်တာပပျောက်သွားလိမ့်မယ်၊စည်းကမ်းမဲ့တဲ့ လမ်းဘေးဈေးရောင်းသူ အချို့ကြောင့် စည်းကမ်းရှိတဲ့ဈေးသည်တွေပါရောပြီး နာမည်ပျက်ရတယ်ဟု သူ့အမြင်ဒဿနကို ဖွင့်ဟပြောဆိုသွားခဲ့သည်။

လမ်းဘေးဈေးရောင်းသူတစ်ဦးကလည်း မြောင်းပေါင်ဘေး မြောင်းဖုံးမရှိဘဲ လစ်ဟနေသည့် ငါးပေခန့်အကျယ်မြောင်းထိပ်ထောင့်ကမြောင်းပေါက်ကြီးကိုငုံ့ကြည့်ရင်း ဒီအပေါက်ကြီးကိုလည်း မြောင်းဖုံးနဲ့ ပိတ်လိုက်ရင် မြောင်းထဲ အမှိုက်မကျတော့ဘူးပေါ့၊ ဘယ်လောက်မှ ကြီးတာလဲမဟုတ်ဘူး၊ အဖွင့်အပိတ်တံခါးနဲ့မြောင်းဖုံးအရှင်လုပ်ရင်လည်းရတာပဲဟု သူ့အတွေးကို လှစ်ဟပြသွားပါသည်။

ချက်ချင်းလက်ငင်းတော့ မြောင်းပေါင်ပေါ်က အမှိုက်တွေလည်း ရှင်းသွားပေပြီ၊ တောင်ဘက်ခြမ်းလမ်းပေါ်က အမှိုက်ပုံးလည်း ဈေးသည်တွေ လက်လှမ်းတမီ စွန့်ပစ်စေဖို့ မြောက်ဘက်ခြမ်းထဲပြောင်းရွှေ့ထားပြီးပေပြီ၊ မည်မျှစည်းကမ်းရှိကြမည်လဲ၊ စေတနာကို တန်ဖိုးမထားဘဲ ဘယ်တော့လောက်ထပ်ပြီး စည်းကမ်းဖောက်ကြမည်နည်းဆိုသည်ကိုတော့ ဆက်လက်စောင့်ကြည့်ရဦးမည်သာဖြစ်ပါကြောင်း။ ။

နောက်ဆက်တွဲမြင်ကွင်း
အောင်သန်း(မင်္ဂလာတောင်ညွန့်)

လမ်းဘေးဈေးသည်များ လက်တစ်ကမ်းရှိရာသို့ အမှိုက်ပုံးများ ရွှေ့ပြောင်းထားရှိပေးခြင်းကို စက်တင်ဘာ ၂၀ ရက်က တွေ့ရစဉ်။

ရေးမြို့ကျက်သရေဆောင် ရွှေဆံတော်စေတီတော် ဂေါပကအဖွဲ့ဝင်များ လုပ်ငန်းညှိနှိုင်းစည်းဝေး

ရေး စက်တင်ဘာ ၂၈

မွန်ပြည်နယ်ရေးမြို့ကျက်သရေဆောင် ရွှေဆံတော်စေတီတော် ဂေါပကအဖွဲ့ဝင်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၄ ရက်နံနက်ပိုင်းကရွှေဆံတော်စေတီ ဓမ္မာရုံ၌ အစည်းအဝေးကျင်းပရာ နိုင်ငံတော် သြဝါဒါစရိယဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုန္တသိရီနှင့် သြဝါဒါဆရာတော်ကြီးများထံမှငါးပါးသီလခံယူပြီး အစည်းအဝေးကိုစတင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်၊ သက်ဆိုင်ရာဌာနမှတာဝန်ရှိသူများ၊ ရွှေဆံတော်စေတီတော်နှင့် စကားတောင်စေတီတော်မှ ဂေါပကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများတက်ရောက်ပြီးအစည်းအဝေးတွင်ဘုရားစေတီဘက်စုံလုပ်ငန်းများနှင့် (၁၁၇)ကြိမ်မြောက် မြို့လုံးကျွတ်ဆွမ်းကြီးလောင်းလှူပွဲကိုရေးမြို့ဗိုလ်ချုပ်လမ်းမကြီးရှိရွှေဆံတော်စေတီမှစကားတောင်စေတီအထိဆွမ်းကြီးလောင်းလှူပွဲကို ၁၃၇၅ ခုနှစ် သီတင်းကျွတ်လဆန်း ၁၂ရက် နံနက်ပိုင်းတွင် လောင်းလှူပွဲကို ကျင်းပမည်ဖြစ်ပြီး ရွှေဆံတော်စေတီ(**အပေါ်ပုံ**)ရှိ စိန်ဖူးတော်၊ငှက်မြတ်နားတော်အားကပ်လှူ/တင်လှူပွဲ မင်္ဂလာအခမ်းအနားကိုတန်ဆောင်မုန်းလပြည့်ကျော်၈ရက် နံနက်ပိုင်းတွင်စည်ကားသိုက်မြိုက်စွာ တင်လှူမည့်အပြင် ပြည်သူ့ရင်ပြင်တွင် ဖျော်ဖြေရေး၊ ဈေးဆိုင်ခန်းများ၊ အရောင်းပြခန်းများလည်း ပါဝင်ရောင်းချသွားမည် ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

အမျိုးသားတစ်ဦး ရထားလမ်းပေါ်တက်ထိုင်ရာ ရထားကြိတ်ခံရ၍ သေဆုံးမှု ညောင်လေးပင်မြို့၌ဖြစ်ပွား

ညောင်လေးပင် စက်တင်ဘာ ၂၈

ပဲခူးတိုင်းဒေသကြီးညောင်လေးပင်မြို့ တော်ဝိစံပြကျေးရွာအနီး မိုင်တိုင်အမှတ် ၉၆/၅နှင့် ၉၆/၆ အကြား၌ စက်တင်ဘာ၂၃ရက်နံနက်စနာရီမိနစ်၅၀က အမျိုးသားတစ်ဦး ရထားကြိတ်ခံရကြောင်း သိရသည်။

ဖြစ်စဉ်မှာ သာစည်ဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသော သာစည်-ရန်ကုန် အစုန်ရထားသည် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် တော်ဝိစံပြကျေးရွာအနီး ပေါက်တောရွာနှင့် ကောက်ကွေ့ရွာအကြားအရောက်တွင်ရထားလမ်းပေါ် တက်ထိုင်နေသောသူအား ရထားခေါင်းတွဲနှင့်ဝင်တိုက်မိသဖြင့် သုံးပိုင်းပြတ်ကာသေဆုံးသွားခဲ့သည်။သေဆုံးသူမှာတော်ဝိစံပြကျေးရွာနေ ဦးမြင့်သန်း(၄၂)နှစ်(ဘ)ဦးမြင့်ဆွေဖြစ်သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယခုသေဆုံးသူသည် တော်ဝိစံပြကျေးရွာတွင်နေထိုင်၍ စိတ်မမှန်ဘဲလျှောက်သွားနေကြောင်း၊ အိမ်မှာမနေဘဲလျှောက်သွားနေသည်မှာ သုံးရက်ခန့်ရှိပြီဖြစ်ကြောင်း သေဆုံးသူ၏ဇနီးထံမှ သိရသည်။ စက်ခေါင်းမောင်း၏ ပြောပြချက်အရပေ၂၀၁၃၀ခန့်အကွာအရောက်တွင် လူတစ်ယောက်ထိုင်နေတာ မြင်တွေ့ရသဖြင့် ဟွန်းတီး၍ အချက်ပေးလိုက်ပါတယ်၊ သို့ပေမယ့် သေဆုံးသူကထပြီးထွက်မပြေးဘဲရထားလမ်းပေါ် ပက်လက်လှန်အိပ်ချလိုက်တဲ့အတွက် ရထားကြိတ်ခံရခြင်းဖြစ်ကြောင်းတော်ဝိစံပြကျေးရွာ အုပ်ချုပ်ရေးမှူးဦးလေးသန်းကရှင်းပြသည်။

အခင်းဖြစ်လျှင်ဖြစ်ချင်း သက်ဆိုင်ရာတာဝန်ရှိသူများရောက်ရှိကာ လိုအပ်သည်များဆောင်ရွက်ခဲ့ကြပြီး သေဆုံးသူအား ညောင်လေးပင်ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ညောင်လေးပင်မြို့နယ် ရဲတပ်ဖွဲ့စခန်းက သေမှုသေခင်းအမှုဖွင့်ကာ ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

မလှိုင်မြို့၌ ကိုယ်ထူကိုယ်ထ မီးလင်းပြီ

မလှိုင် စက်တင်ဘာ ၂၈

မလှိုင်မြို့နှင့် (၁)မိုင်ခန့်ဝေးကွာသည့် ကမ္ဘာဖြူကျေးရွာနှင့် ထန်းပင်ကောက်ကျေးရွာနှစ်ရွာဟာ အိမ်ခြေ ၂၄၀ရှိပြီး မိရိုးဖလာလုပ်ငန်းဖြစ်သည့် ထန်းပင်ထွက်ပစ္စည်းများဖြင့် အလုဆင်ရက်လုပ်ပြီး စီးပွားရှာသော ကျေးရွာများဖြစ်သည်။ ယင်းကျေးရွာနှစ်ရွာမှလုပ်သော ပစ္စည်းများမှာ ထန်းကုလားထိုင်၊ ထန်းခေါက်တောင်းဆိုက်မျိုးစုံ၊ ထန်းလျှော်ဖျာစသည့် ထန်းထွက်ပစ္စည်းများဖြင့် အလုဆင်ရက်လုပ်ပြီးမလှိုင်၊ မိတ္ထီလာ၊ မန္တလေး၊ တောင်ကြီးစသည့် မြို့ကြီးများသို့တင်ပို့ရောင်းချလျက် အသက်မွေးဝမ်းကျောင်း ပြုလျက်ရှိသည်။ ယခင် လျှပ်စစ်မီးမရှိခဲ့သော်လည်း ယခုအခါ ကိုယ်ထူကိုယ်ထလျှပ်စစ်မီးရရှိခဲ့သဖြင့် နေ့ဘက်တွင်သာမက ညဘက်တွေပါအလုပ်လုပ်နိုင်သဖြင့် လုပ်ငန်းများ ပိုမိုတွင်ကျယ်၍ ထိုရွာနှစ်ရွာရှိ ပြည်သူများမှာ လုပ်ငန်းများ ပိုမိုတွင်ကျယ်၍အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်(မလှိုင်)**

အမည်မှန်

ကျွန်တော် ဦးမြင့်သိမ်း၁၂/အစန (နိုင်)၀၉၄၆၅၇၏ အမည်မှန်မှာ ဦးမြင့်သိန်းဖြစ်ပြီး ဦးမြင့်သိမ်းနှင့် ဦးမြင့်သိန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ပြင်ဆင်ဖတ်ရှုပါရန်

၂၅-၅-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ၁၈ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်နွယ်နီအောင်၏ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ဖော်ပြထားသော ခတ္တာလမ်း၊ အမှတ်၉၁ဟုဖော်ပြချက်အားခတ္တာလမ်း၊အမှတ်၉ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး (ဂ)၊ အကွက်အမှတ် ၆၊ အမှတ် ၃၅၃၊ အိမ်အမှတ် လ/၁၁၂၊ သီဂီလမ်းနှင့် ရာမညလမ်းဒေါင့်သည် ဦးသောင်းဒန် (ဘ)ဦးခင်မောင် ၁၂/လမတ(နိုင်)၀၁၁၁၉၁ အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်(ဂရန်)ပျောက်ဆုံးသွားပါ၍ မြေပုံကူး (မိတ္တူမှန်)လျှောက်ထားလိုပါသဖြင့်၁၄ရက်အတွင်း သက်ဆိုင်ရာဌာနများသို့ ကန့်ကွက်နိုင်ပါသည်။

ဦးသောင်းဒန် ၁၂/လမတ(နိုင်)၀၁၁၁၉၁၏ ညွှန်ကြားချက်အရ-
ဦးဝင်းမောင်(ခေတ္တရာ)
B.A(Law), LL.Bတရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၉/၇၈)
အမှတ် ၉/၁၁၊ အခန်း ၆/၃၀၁၊ တတိယထပ်၊၃၆ လမ်းတို၊ ကျောက်တံတားမြို့နယ်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်(အင်းတိုင်)၊ မင်းလွင်ကုန်းရှိ ကွင်းအမှတ် ၁၀၁၆၊ ကွင်းအမည် ဝီစဲကွင်း၊ ဦးပိုင်အမှတ် (N/၉၀)၊ ဧရိယာဧက ၃ဒသမ၁၇ဧကရှိ ခြံစည်းရိုးကာရံထားသော မြေကွက်နှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးဆံဦး(ခ)ဦးစန်းဦး ၁၃/လလန (နိုင်)၀၇၁၆၁၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဇာဇာဝင်း	**ဒေါ်ချယ်ရီဝင်း**
အထက်တန်းရှေ့နေ(စဉ်-၄၁၂၃၄)	**အထက်တန်းရှေ့နေ(စဉ်-၂၉၉၀၉)**
ဖုန်း-၀၉-၄၂၀၁၇၄၄၁၂၊ ၀၉-၄၂၁၀၀၉၆၉၈	**ဖုန်း-၀၉-၄၃၁၈၆၀၂၅၊ ၀၉-၄၂၅၀၁၈၂၇၆**

မိခင်အမည်မှန်

သန်လျင်မြို့၊အထက(ခွဲ)၊ ပျဉ်ထောင်ကျောင်း ပဉ္စမတန်း (C)မှ မောင်ပိုင်သူလွင်၏ မိခင်အမည်မှန်မှာ ဒေါ်မိုးမိုးစန်း ဖြစ်ပါကြောင်း။

မိခင်အမည်မှန်

သန်လျင်မြို့၊ အထက(ခွဲ)၊ ပျဉ်ထောင်ကျောင်း ပဉ္စမတန်း(C)မှ မောင်ဇေယျာလင်း၏ မိခင်အမည်မှန်မှာ ဒေါ်သန်းသန်းဌေး ဖြစ်ပါကြောင်း။

မိခင်အမည်မှန်

သန်လျင်မြို့၊ အထက(ခွဲ)၊ ပျဉ်ထောင်ကျောင်း ဒုတိယတန်း(B)မှ မောင်ရဲအောင်၏ မိခင်အမည်မှန်မှာ ဒေါ်အေးပျော် ဖြစ်ပါကြောင်း။

မွေးသက္ကရာဇ်အမှန်

သန်လျင်မြို့၊ အထက(ခွဲ)၊ ပျဉ်ထောင်ကျောင်း စတုတ္ထတန်း(A) မှ မောင်နိုင်မျိုးဦး၏ မွေးသက္ကရာဇ်အမှန်မှာ ၇-၆-၂၀၀၃ ဖြစ်ပါကြောင်း။

မွေးသက္ကရာဇ်အမှန်

သန်လျင်မြို့၊ အထက(ခွဲ)၊ ပျဉ်ထောင်ကျောင်း ပထမတန်း(A) မှ မောင်တင်ဝင်းလှိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၈-၂၀၀၅ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြေတိုင်းရပ်ကွက်အမှတ်(ရွှေပေါက်ကံမြို့သစ်)၊ မြေကွက်အမှတ် ၁၂/၁၅၁၂၊ အကျယ် အဝန်းပေ(၄၀×၆၀) မြေပါမစ်အမည်ပေါက် တပ်ကြပ်သန်းထွေး NBN-၁၃၇၇၄၂ဟုခေါ်တွင်သည့် ရွှေပေါက်ကံမြို့သစ်၊ (၁၂)ရပ်ကွက်၊ ပုဂံလမ်း၊ အိမ်အမှတ် ၅၁၂ အဆောက်အအုံနှင့် မြေအပါအဝင် အကျိုးခံစားခွင့်ကို လက်ဝယ်ပိုင်ဆိုင်သည့် ဒေါ်ခင်ခင်ဝင်း ၁၂/ဗတထ(နိုင်)၀၀၇၀၂၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဟန်စိုး ၁၂/မရက(နိုင်)၀၅၁၉၃၅ သည် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများဖြင့် ၁၀ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သဲစုထွေး LL.B, D.B.L, D.M.L, D.I.L	**ဦးမြတ်ထွန်း B.Sc,R.L**
အထက်တန်းရှေ့နေ (စဉ်-၂၇၁၂၈)	**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၆၉၀)**

အမှတ် ၅၅၊ ၁၄ လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဖုန်း-၇၃၀၇၂၂၂၁၊ ၆၅၀၉၀၃

ကန့်ကွက်နိုင်ပါကြောင်း

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၃-အိုင်၊ မြေကွက်အမှတ် V ၁၀၁၊ မြေကွက်တည်နေရာ-၃၇၊ နံ့သာလမ်း(မြေညီ)၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ် ဦးဘညွန့် အမည်ပေါက် နှစ်၉၀မြေငှားဂရန်မြေအား အမည်ပေါက် ဦးဘညွန့်နှင့် ၎င်း၏ဇနီးဒေါ်ငြိမ်းခင်တို့ ကွယ်လွန်သဖြင့် ဒေါ်သန်းသန်းညွန့် ၁၂/အလန(နိုင်)၀၂၈၀၆၅က တစ်ဦးတည်းသောသမီး တော်စပ်ကြောင်း နိုင်ငံသားကတ်မိတ္တူ၊ သေစာရင်းမိတ္တူ၊ ဂရန်မိတ္တူ၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၊မြေကွက်အမှတ် ၃၇၇/က၊ မြေကွက်တည်နေရာအမှတ်-၃၇၇/က၊ ဇာနည်(၁၁)လမ်း၊၉ရပ်ကွက်၊တောင်ဥက္ကလာပ ဦးကြည် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးကြည်နှင့် ဇနီးဒေါ်ငွေကျင်(ခ)ဒေါ်ချွေးမ ကွယ်လွန်သဖြင့် ဦးအေးလှိုင် ၁၂/ဥကတ(နိုင်)၀၂၇၃၃၂၊ ဒေါ်မြင့်မြင့်ကြည်(ခ)ဒေါ်အုံးအုံးမြင့် ၁၂/ဥကတ(နိုင်)၀၂၄၉၉၆ တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဇနီးအဖြစ်မှမသက်ဆိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့၊ ထန်းတောမြို့ဦးရပ်နေ ကျွန်တော် ကိုကိုအောင် ၁၂/ကတန(နိုင်)၀၇၇၇၃၇သည် ကွမ်းခြံကုန်းမြို့၊မင်းပိုင်းရပ်နေ မခင်ငြိမ်းငြိမ်းခန့်၁၂/ကခက(နိုင်)၀၅၂၀၁၃နှင့် ၂၀၀၉ခုနှစ် ဇွန်လခန့်ကစ၍ ကျွန်တော်၏မိဘများသိရှိခြင်းမရှိဘဲ နှစ်ဦးသဘောတူလင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ပါသည်။ ထိုသို့ပေါင်းသင်းစဉ်ကာလအတွင်း စိတ်သဘောထားချင်းမတိုက်ဆိုင်သဖြင့် ၂၀၁၂ခုနှစ် ဒီဇင်ဘာလကစပြီး ဆက်လက်ပေါင်းသင်းနေထိုင်ခြင်းမပြုတော့ဘဲ တစ်အိမ်စီ ခွဲခြားနေထိုင်ခဲ့ပါသည်။

ထိုသို့ နေထိုင်စဉ်အတွင်း ခင်ပွန်းဖြစ်သူအား ဂုဏ်သိက္ခာကျဆင်းစေရန် အမျိုးမျိုးစွပ်စွဲပြောဆိုခြင်း၊ အကြိမ်ကြိမ်အနှောင့်အယှက်ပေးခြင်းများ ပြုလုပ်ကာ ရန်ပြုခဲ့သည့်အပြင် မိဘများကိုပါ စော်ကားပြောဆိုခြင်းတို့ကြောင့် သည်းခံနိုင်မှုမရှိတော့ပါသဖြင့် မခင်ငြိမ်းငြိမ်းခန့်နှင့် ယနေ့မှစ၍ လင်မယားအဖြစ် မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကိုကိုအောင် ၁၂/ကတန(နိုင်)၀၇၇၇၃၇

စီးပွားရေးကြော်ငြာ

[illegible]

ကွန်ပျူ(E)၊ [illegible] ၀၁-၆၅၅၅၅၂၊ ၆၅၅၅၈၈၅၊ ၀၉-၅၆၀၀၀၂၄၊ ၀၉-၅၆၀၀၀၄၄



ANDROID FOR ALL SAMSUNG

Phone & Tablet

ဉာဏ်ကြွယ်

SAM SUNG တံဆိပ် ဖုန်း ထီးသန့်အသုံးပြုနေသူများအတွက် Ammy , y စသည့် Model နှင့်မှစပြီး Note 3, Galaxy S4 အထိ Setting ချိန်ပြီး ထိန်းချုပ်နည်း၊ နိုင်ငံအတာဖုန်းခေါ်ဆိုနည်း၊ Bluetooth, Zyapu, Message ပို့နည်းမျိုးစုံ၊ Blacklist လုပ်ထားနည်း၊ Facelock ချနည်း၊ ဖုန်းပျောက်ရှာမယ့် Software စသည်ဖြင့် 2.0.1 မှ 4.3 Version အထိ ပြုစုရှင်းပြထားပါသည်။

[illegible]

နီလာ ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့

ထုတ်ပြန်ချက်

ဗုဒ္ဓဂယာဘုရားစဉ် –(၅)ရက်ခရီး - ၈.၅ သိန်း။ (၁၂)ရက်ခရီး - ၉ သိန်း၊ (၁၅)ရက်ခရီး - ၁၀ သိန်း

သီရိလင်္ကာ + ဘန်ကောက်ခရီးစဉ် (၅) ရက်ခရီး — (၁၂.၅) သိန်း

(၈)ဦးစုစည်းပြီးလိုက်ပါလျှင်(၁)ဦးအခမဲ့ပို့ဆောင်ပေးပါမည်။

[illegible]

CMT CHAM MYAE THAR Co.,Ltd

ဝန်ထမ်းအလိုရှိသည်
ပြည်တွင်း၌သာခန့်ထားရန်

1. Marketing Manager (Female) (5) Person
   ဘွဲ့ရ အသက် ၃၅ နှစ်အောက်။
   လုပ်ငန်းနှင့်ပတ်သက်သည်များ ကျွမ်းကျင်ပိုင်နိုင်စွာ ပြောဆိုဆက်ဆံတတ်ရမည်။
   လုပ်ငန်းအတွေ့အကြုံသုံးနှစ်ရှိရမည်။
   Marketing Plan ပိုင်နိုင်စွာရေးဆွဲနိုင်ရမည်။
2. Computer စာရင်းကိုင် (Female) (5) Person
   ဘွဲ့ရ အသက်(၂၅-၃၀)နှစ်အတွင်း။
   Computer စာစီ၊ စာရိုက် (Microsoft Excel)
   ကျွမ်းကျင်ပိုင်နိုင်စွာကိုင်နိုင်ရမည်။
   လုပ်ငန်းအတွေ့အကြုံ နှစ်နှစ်ရှိရမည်။
3. Designer Auto Card (5)Person
   2D, 3D, Power Point ကျွမ်းကျင်ပိုင်နိုင်စွာဆွဲနိုင်ရမည်။
   Layout Plan ပိုင်နိုင်စွာ Design ထုတ်နိုင်ရမည်။
   လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။
   အသက်(၂၀-၂၅)နှစ်အတွင်း။
4. Driver (3)Person
   Driving Experience ကျွမ်းကျင်အဆင့်(၅)
   လုပ်ငန်းအတွေ့အကြုံသုံးနှစ်အထက်ရှိရမည်။
   အသက်(၃၀-၅၀)ကြားရှိသူ။

ပျောက်ဆုံး ကျွန်တော် မောင်ရဲအောင် ၈/နမန(နိုင်)၁၈၀၆၀၆ ၏ ပတ်စ်ပို့(မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်အကြောင်းကြားပါရန်။ **ဖုန်း-၄၂၈၁၃၈၈၀၂**

☎ 01-512443, 09-73017656 ... Ks 22000/

☎ 01-512443, 09-73017656 ... Ks 34000/

JoB ... Ph:09-73130202, 09-73017761

[illegible]

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉(က)၊ မြေကွက်အမှတ် ၆(က)၊ မြေကွက်တည်နေရာအမှတ် ၁၈၊ သမာဓိ(၅)လမ်း၊ (ဆ/က)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (၁)ဦးလှဖေ၊ (၂)ဒေါ်စိန်ချစ်၊ (၃)မစ္စတာဂျွန်း အမည်ပေါက် (B) မြေအား အမည်ပေါက်ဖခင် ဦးလှဖေနှင့် မိခင် ဒေါ်စိန်ချစ်တို့ ကွယ်လွန်သဖြင့် ဦးညွှန့်ဇော်(ခ)မစ္စတာဂျွန်း(ခ)ဦးမြင့်ဇော် ၁၂/သဃက(နိုင်)၁၂၁၅၉၁က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေကွက်ခွဲစိတ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒဂုံအရှေ့စက်မှုဇုန်အပိုင်း(၁) တိုးချဲ့စက်မှုဇုန်(ဒဂုံတက္ကသိုလ်အနီး)၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၂၊ စက်မှုမြေကွက်အမှတ် (၁)ကိုမူလဝယ်ခွင့်ရရှိသူ ဦးအောင်ဇော်ဦး ၁၂/တမန(နိုင်)၀၆၀၅၀၇ထံမှ စာချုပ်စာတမ်းဖြင့် တရားဝင်ဝယ်ယူထားသူ ဒေါ်ရန်မင်ဝေ(ခ)ဒေါ်မြင့်မြင့်ဝင်း ၁၃/လရန(နိုင်)၀၉၈၁၀၅က ပိုင်ရှင်အမည်ပြောင်းလဲ၍ မြေချပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်-၄၆၊ မြေကွက်အမှတ် ၁၀၇၈၊ မြေကွက်တည်နေရာ အမှတ်-၁၀၇၈၊ မာဃလမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြောက် ဦးထွန်းရင် AC-၀၂၆၈၁၁ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးထွန်းရင်ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့်ဝယ်ယူခဲ့သူ (၁)ဒေါ်မေစုလှိုင် ၁၂/ဥကတ(နိုင်)၁၅၃၅၃၄၊ (၂)ဒေါ်စိန်အေး ၁၂/ဥကတ(နိုင်)၁၂၄၀၀၃တို့က ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာနှင့် ဌာနဝန်ခံချက်၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်တို့တင်ပြပြီး ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)သစ် လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

လှိုက်လှဲစွာဝမ်းမြောက်ကြိုဆိုခြင်း

IKBZ Insurance (အပြည်ပြည်ဆိုင်ရာကမ္ဘောဇအာမခံလုပ်ငန်း) ၏

ရှမ်းပြည်နယ်ရုံးချုပ် ကို ၂၆-၉-၂၀၁၃ရက်နေ့တွင်

ရှမ်းပြည်နယ်-တောင်ကြီးမြို့ ၌ အောင်မြင်စွာဖွင့်လှစ်ခဲ့ခြင်းအတွက်

အထူးဂုဏ်ယူဝမ်းမြောက်ကြိုဆိုပါကြောင်းနှင့်တိုးတက်အောင်မြင်ပါစေကြောင်း

ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့်အလုပ်အမှု ဆောင်အဖွဲ့
အေးသာယာစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ
တောင်ကြီးမြို့

ချင်းပျံ့ရေးသော "ဒိုင်ဓလေ့" စာအုပ်ထွက်ပြီ

ဆက်သွယ်ရန်-ပန်းဆိုးတန်းလမ်း

စာအုပ်ဆိုင်ကြီးများတွင်

ရနိုင်သည်။

ဖုန်း-၀၉-၃၁၃၃၄၁၉၉၊

၀၉-၃၁၂၆၉၀၆၃

ကုမ္ပဏီကား ယာဉ်မောင်းအလိုရှိသည်

အသက် ၃၀-၄၅နှစ်ရှိရမည်

အတွေ့အကြုံ ငါးနှစ်ရှိရမည်။

ရန်ကုန်-နယ်ကျွမ်းကျင်ရမည်။

ဖုန်း-၀၁-၅၆၂၁၃၃၊

၅၆၂၁၄၃၊ ၀၉-၈၆၂၉၅၁၄

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/၁၄၊ မြေကွက်အမှတ် ၁၀၊ မြေကွက်တည်နေရာအမှတ် ၁၀၊ နေကြာပတ်လမ်း၊ အမှတ်(၄)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် ဗိုလ်မှူး ဝေလင်းအမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဗိုလ်မှူးချုပ်ဝေလင်း ၃/ဘအန(နိုင်)၀၀၆၇၄၀ ကိုယ်တိုင်မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ တရားရုံးကျမ်းကျိန်လွှာတို့ကိုတင်ပြ၍ ပါမစ်ပျောက်ဖြင့်နှစ် ၆၀မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်)

(၉)ကြိမ်မြောက် ပါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

[illegible]

B.A (Law) LL.B, 9th Batch မှ ကျောင်းသူကျောင်းသားများ၏ အခမ်းအနား ... မိတ်ဆုံစားပွဲ ဖိတ်ကြားခြင်း

[illegible]

M-3 Food Center

[illegible]

"ဖြစ်မြောက်ရေးကော်မတီ"

နန်းထိုက်တော်ဝင်

[illegible]

ရန်ကုန်-မကွေး-မင်းဘူး/ရန်ကုန်-ချောင်းဦး-မကွေး

[illegible] 2013 Model Brand New [illegible] Towel Cold Drink Snack [illegible]

[illegible]

အမည်ပြောင်းခြင်း

ချင်းပြည်နယ်၊ မင်းတပ်မြို့၊အနောက်ရပ်ကွက်နေ ဦးကီးလိန်း-ဒေါ်ဟာလျူးတို့၏သား မောင်လိန်းယော ၄/မတန(နိုင်) ၀၂၀၄၇၂ အား မောင်စိုးမြင့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်စိုးမြင့်**

ဖခင်အမည်မှန်

အထက(၁)၊ ကျိုက်ထို၊ န၀မတန်း (1-E)မှ မောင်ညီညီအောင်၏ ဖခင်အမည်မှန်မှာ ဦးတင်ထွန်း ၁၀/ကထန(နိုင်) ၀၁၂၄၈၃ ဖြစ်ပါကြောင်း။

မိခင်အမည်မှန်

အထက မိုးညှင်းမြို့ စာစစ်ဌာနမှ ခုံအမှတ်ပသ ၈၇ ဖြင့် အောင်မြင်ခဲ့သော မောင်ထက်လင်းဦး ၇/ကပက(နိုင်)၀၉၅၈၂၈၏ မိခင်အမည်မှန်မှာ ဒေါ်သန်းသန်းဦး ဖြစ်ပါကြောင်း။ **ဒေါ်သန်းသန်းဦး**

PYI KYAW GROUP TRAINING CENTRE

"ပြည့်ကျော်" စက်ကြီးမောင်းသင်တန်း

- [illegible]
- [illegible]

[illegible]

09-43175830, 09-41017358, 09-2401093, 09-43022147

ယနေ့ခေတ်မော်ဒယ်မြင့် ကားများအတွက် ကွန်ပျူတာထိန်းချုပ်စနစ် OBD II သင်တန်း

(Modern Automotive Technology, Software များနှင့် OBD II [illegible])

Practical Center [illegible]

[illegible] OBDII , OBDI [illegible]

Engine Doctor Engineering

No. 102, GFloor, 32nd st. Middle, Yangon Tel: 09 4211 444 95, 96, 97

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

ကုသရေးမှုလီအရွက်၊ အပင်များရနိုင်ပါသည်

အခန်း၅၊ တိုက် ၁၃၃၊
မီးဒုံးလမ်းသွယ်(၃)
(၂၉)ရပ်ကွက်၊ သုဝဏ္ဏမြို့၊
ဖုန်း-၀၁-၅၆၃၉၆၀၊ ၀၉-၄၉၂၁၁၀၅၀

C.N.G Taxi

ငှားမည်

ကက ရှေ့ဆွဲဗင် (သုံးစီး)၊ စဘော် နှစ်သိန်း- ကျပ် ၁၂၀၀၀ ၊ နေ့မောင်း တစ်လက်ကိုင်၊ ပြင်ဆင်စရိတ်ငြိမ်း၊ နံနက် ၆ နာရီမှ ည ၈ နာရီအထိ၊ တောင်ဥက္ကလာပမြို့တွင် ကားထုတ်ရမည်။

ဖုန်း-၀၁-၅၆၁၂၉၅၊
၀၉-၄၉၃၀၆၂၀၆၊
၀၉-၄၄၈၀၄၃၄၄၀

ကျေးဇူးတင်ရှိခြင်း

၆-၉-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပြီဖြစ်သော လှိုင်ကော်မြို့ မင်းစုရပ်နေ ဆရာဦးထွန်းဝင်း **ဥက္ကဋ္ဌ- ပိဋကပါတိက ရာသက်ပန်ဆွမ်းအလှူအသင်း (ကယား ပြည်နယ်) နှင့် အာယုဝဍ္ဎနသံဃာ့ဆေးခန်း (လှိုင်ကော်မြို့)၊ စာရင်းစစ် ပြည်နယ် ဘိုးဘွားရိပ်သာ**၏ နာရေးကိစ္စအဝဝတွင် မည်သည့်အကူအညီများကိုမဆို ကူညီပေး ခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများကို အထူးကျေးဇူးတင်ရှိပါသည်။

ဒေါ်ခင်လှဝင်းနှင့် သားသမီး မြေးမြစ်များ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်တင်ကြီး

အသက်(၈၁)နှစ်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်တိုတယ်လီဖုန်းစခန်းမှ အင်ဂျင်နီယာချုပ် ဒေါ်ချယ်ရီ မျိုးတင့်၏မိခင် ဒေါ်တင်တင်ကြီး အသက်(၈၁)နှစ်သည် ၂၆-၉-၂၀၁၃ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၅၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ
ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇/၉၁၇၄ MADI S/W ယာဉ်လက်ဝယ်ရှိသူ ဦးသူရဇော် ၁၄/မမတ (နိုင်)၀၀၀၅၄၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊
ရန်ကုန်မြို့

တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ဒဂုံသီရိလမ်း၊ အမှတ် ၅၉/သုံးလွှာ (ညာ)အခန်းနှင့်ပတ်သက်၍ အများသိစေရန်

အထက်ပါအခန်းအား လက်ဝယ်ပိုင်ဆိုင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီး အပိုင် လွှဲပြောင်းဝယ်ယူရန် တိုက်ခန်းတန်ဖိုး စရန်ငွေပေးချေထားပြီးဖြစ်၍ အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်း များနှင့် ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဒေါ်ဝင်းမာတင့်
တရားလွှတ်တော်ရှေ့နေ
အမှတ် ၇၇၊ ဓမ္မာရုံလမ်း၊ မြေ/မြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်မြို့

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်မြင့်မြင့်ဝင်း (ခ) Miss Mabel Win

(MD) Myanmar Educare Co., Ltd.

(Co-ordinator) International School of Myanmar (I.S.M)

အသက်(၇၇)နှစ်

Myanmar Educare Co., Ltd. ၏ မန်နေးဂျင်း ဒါရိုက်တာ၊ International School of Myanmar (I.S.M) ၏ Co-ordinator ဖြစ်သူ ဒေါ်မြင့်မြင့်ဝင်း အသက်(၇၇)နှစ်သည် ၂၅-၉-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့)တွင် ဘန်ကောက်မြို့၌ ကွယ်လွန်သွားကြောင်းသိရသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဒါရိုက်တာအဖွဲ့ဝင်များ
I.S.M ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများ

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ သမာဓိလမ်း၊ မြေကွက်အမှတ် ၇၇၊ အကျယ်အဝန်း (၁၈'×၆၀')၊ မြေပို (၁၀'×၈') မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ထားရှိပြီး ရောင်းချ ပိုင်ခွင့်ရှိသူ ဦးသိန်းနိုင်စိုး (ဘ)ဦးသိန်းစိုး ၁၂/အစန(နိုင်)၁၆၀၆၃၅ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်မာသောစာရွက် စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ၁၄ ရက်အတွင်း ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

မောင်မောင်သန်း
တရားလွှတ်တော်ရှေ့နေ (၈၀၈၂)
တိုက်(၉/၁၁)၊ အခန်း ၃၀၁၊၃၆လမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၁၂၁၁၈၊ ၀၉-၇၃၁၅၁၂၈၅

ကန်ထရိုက်တာ ဦးအောင်နိုင် MTNT-၀၃၁၄၁၈ နှင့် အများသိစေရန်

ကျွန်ုပ်တို့၏ မိတ်ဆွေမြေရှင်များဖြစ်သော ဦးနိုင်နိုင်ဦး ၁၂/သဃက(နိုင်)၀၂၆၈၁၃ နှင့် ဒေါ်ဆင့်ဆင့် ၁၂/သဃက(နိုင်)၀၄၈၃၇၁ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၁။ ဦးအောင်နိုင်နှင့် ဒေါ်ဆင့်ဆင့်၊ ဦးနိုင်နိုင်ဦးတို့သည် ၁-၄-၂၀၁၂ ရက်တွင် တိုက်သစ် ဆောက်လုပ်ရန်အတွက် မြေရှင်၊ အိမ်ရှင်နှင့်ကန်ထရိုက်တာ သဘောတူစာချုပ်ကို ချုပ်ဆို ခဲ့ကြပါသည်။ အဆိုပါစာချုပ်စည်းကမ်းချက်များအရ အဆောက်အအုံဆောက်လုပ်ရန် အတွက် မြေပိုင်ဆိုင်မှုစာချုပ်များနှင့်အတူ မြေချပါမစ်ကိုပါမြေရှင်များမှကန်ထရိုက်တာသို့ ပေးအပ်ခဲ့ပါသည်။

၂။ ကန်ထရိုက်တာမှ ဆောက်လုပ်ခွင့်တောင်းခံရမည်ဟု စာချုပ်၌ပါဝင်သော်လည်း ကန်ထရိုက် တာမှ ဆောင်ရွက်ခြင်းမရှိ၍ မြေရှင်များမှ ဒဏ်ငွေများပေးဆောင်ခဲ့ရပါသည်။

၃။ မြေရှင်များအနေဖြင့် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရန် ကန်ထရိုက်တာမှ ရယူထားသောမြေနှင့်သက်ဆိုင်သောစာရွက်စာတမ်းများ၊ မြေပိုင်ဆိုင်မှုစာချုပ်၊ ကိုယ်စား လှယ်လွှဲစာများအား ပြန်လည်တောင်းဆိုရာ ယနေ့တိုင် ပြန်မပေးခဲ့ပါ။

၄။ သို့ပါ၍ ကန်ထရိုက်တာ ဦးအောင်နိုင်အနေဖြင့် ဒေါ်ဆင့်ဆင့်၊ ဦးနိုင်နိုင်ဦးတို့မှ ယုံကြည်စွာ ပေးအပ်ထားသော အဖိုးတန်စာရွက်စာတမ်းများကို ဤကြော်ငြာပါပြီး ခုနစ်ရက်အတွင်း ပြန်လည် လက်ရောက်ပေးအပ်ပါရန်နှင့် ပေးအပ်ခြင်းမပြုပါက ဥပဒေနှင့်အညီ စီစဉ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပထမအဆင့်အနေဖြင့် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်ဆင့်ဆင့်၊ ဦးနိုင်နိုင်ဦး

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြသွေး (ဥပဒေအကျိုးဆောင်ရှေ့နေ)
အမှတ် ၅၈၊ တတိယထပ်၊ အခန်း ၃၊
မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၀၄၉၅၁၉၊ ၀၁-၂၆၈၂၆၃

ကျေးဇူးဆပ်ပါမည်

ကျွန်မ မအေးအေးမျိုး ၅/မရန(နိုင်)၀၀၀၇၁၇ ပိုင်ဆိုင်သော ယုဇနဥယျာဉ်မြို့တော်၊ ၇လမ်း(ဘီ)၊ တိုက် ၂၅၊ အခန်း ၃၀၁ နှင့် သက်ဆိုင်သည့်ကုမ္ပဏီမှ ဝယ်ယူသည့်စာချုပ် စာတမ်းများ(မူရင်း)နှင့် ဆက်စပ်စာချုပ်များ ၁၉-၉-၂၀၁၃ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်အား ဆက်သွယ်အကြောင်းကြားပေးပါရန်နှင့် လက်ဝယ်ထား ရှိသူအား ဥပဒေအရအရေးယူသွားမည်ဖြစ်ပြီး ဆက်သွယ်အကြောင်းကြားပေးပါက ကျေးဇူးဆပ်ပါမည်။

ဒေါ်အေးအေးမျိုး
ဖုန်း-၀၉-၄၂၀၀၁၂၀၆၈

ဦးကျော်အုန်းသိန်း ၁၂/ဗဟန(နိုင်)၀၉၆၂၀၀နှင့် သက်ဆိုင်သူအများသိစေရန်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဦးဘကျော်လမ်း၊ ခြံအမှတ် (၇)နေ ဒေါ်ခင်မေမေအေး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးအပ်ပါသည်။

ဦးကျော်အုန်းသိန်းနှင့် ဒေါ်ခင်မေမေအေးတို့သည် ၂၀၀၂ခုနှစ်မှစ၍ တရားဝင်အကြင် လင်မယားအဖြစ် ပေါင်းသင်းခဲ့ရာ သားမောင်ထက်မြတ်အေးအား ထွန်းကားခဲ့ပြီး တစ်ဦးနှင့် တစ်ဦးစိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့သဖြင့် ၂၀၀၈ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ တရားရုံးချုပ် ဦးစီးအရာရှိ ဒေါ်တင်တင်ထွန်း၏ကွာရှင်းစာချုပ်မှတ်ပုံတင်အမှတ် ၁၇/၂၀၀၈ဖြင့် တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ ဦးကျော်အုန်းသိန်းသည် သားနှင့်တွေ့ဆုံရန် အကြောင်းပြ၍ ဒေါ်ခင်မေမေအေးတို့မိသားစုအိမ်သို့ ဝင်ထွက်နေသော်လည်း မကြာခဏ ရန်ပြုခြင်း၊ အသက်အန္တရာယ်ကို ခြိမ်းခြောက်ခြင်းများအား ပြုလုပ်သွားလေ့ရှိပါသည်။ ဒေါ်ခင် မေမေအေးမှာ သားမျက်နှာ၊ ဦးကျော်အုန်းသိန်း၏ စီးပွားရေးအသိုင်းအဝိုင်း ဂုဏ်သိက္ခာတို့ကို ငဲ့ကွက်သည်းခံလာခဲ့သည်မှာ ယနေ့ထိတိုင်ဖြစ်ပါသည်။

၂၃-၉-၂၀၁၃ရက် ညသန်းခေါင်းယံကျော်အချိန် ဦးကျော်အုန်းသိန်းက အိမ်အတွင်း အတင်းဝင်ရောက်ပြီး ပြည်ပနိုင်ငံမှ ပြန်ရောက်နေသော ဒေါ်ခင်မေမေအေး၏ညီမအရင်းဖြစ်သူ ကို လည်ပင်းညှစ်ရန်ပြသည်အထိ စော်ကားကျူးလွန်သွားခဲ့ပါသည်။ ဦးကျော်အုန်းသိန်း၏ လုပ်ရပ်အပေါ် ဒေါ်ခင်မေမေအေး၏မိသားစုက မည်သို့မျှသည်းခံခွင့်လွှတ်နိုင်ခြင်းမရှိတော့သည့် အတွက် ဤကြော်ငြာပါသည့်ရက်မှစ၍ ဒေါ်ခင်မေမေအေးတို့မိသားစုနေထိုင်ရာ အိမ်ခြံဝင်း အတွင်းသို့ ဦးကျော်အုန်းသိန်းအပါအဝင် ၎င်းနှင့်ပတ်သက်သူများသည် ခွင့်ပြုချက်မရရှိဘဲ ဝင်ထွက်ခြင်းပြုပါက ဥပဒေအရထိရောက်စွာ အရေးယူသွားတော့မည်ဖြစ်ကြောင်းနှင့် နောက် နောင် ဦးကျော်အုန်းသိန်း၏ လူမှုရေး၊ စီးပွားရေးကိစ္စရပ်များကို ဒေါ်ခင်မေမေအေးက လက်ခံ တော့မည်မဟုတ်ဘဲ ထိရောက်စွာ တုံ့ပြန်အရေးယူဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း သက်ဆိုင်သူများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဆွေစင်အိ LL.B, LL.M	**ဦးမျိုးဝေထွန်း LL.B, D.B.L**
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၆၉၇)	**အထက်တန်းရှေ့နေ (စဉ်-၃၀၉၆၇)**

အမှတ် (၉/၁၁)၊ အခန်း ၃၀၆၊ လေးလွှာ၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရွှေတောင်ကြား ၄ လမ်း၊ အမှတ် ၁၂၂၈+၁၂၂၉ နှစ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၃ဟုခေါ်တွင်သောမြေကွက်များကို ပိုင်ဆိုင်သူ ဦးကျော်ဝင်း ၁၂/လသန(နိုင်)၀၁၆၇၅၇၊ အမှတ် ၁၁၂၊ မြေညီ၊ ၂၃ လမ်း၊ (၈)ရပ်ကွက်၊ လသာမြို့နယ်ထံမှ ကျွန်ုပ်ကဝယ်ယူရန် တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေ ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်ရန်နှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

ဒေါ်မြင့်မြင့်မော်
၁၂/သကတ(နိုင်)၀၉၂၅၅၆
ဖုန်း-၀၉-၅၀၆၀၃၁၈

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅စီ)၊ မြေကွက်အမှတ် ၁၇၊ ဧရိယာ ၀ဒသမ ၁၀၃၈ဧကအနက်မှ ပေ(၂၈×၄၀×၄၅)အကျယ်အဝန်းရှိမြေအမျိုးအစား ဘီ(လ/န-၃၉) ကျပြီးမြေကွက်ဟုခေါ်တွင်သော အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရပ်ကွက်၊ ဆေးဝါးစက်ရုံလမ်း၊ အမှတ် ၅၀၈မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်ခင်ခင်အေး ၁၂/အစန(နိုင်)၀၁၆၅၁၃က အစဉ်အဆက်စာချုပ်ဖြင့်ဝယ်ယူ ပိုင်ဆိုင်ခဲ့သောပစ္စည်းဖြစ်ပါသည်။ ၎င်းမှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမိုးမင်းဆွေ	**ဒေါ်ခင်မာနွယ်**	**ဒေါ်ဟန်သီစိုး**
LL.B,D.B.L	**LL.B,D.B.L**	**LL.B,IDCS, IADCS**
(စဉ်-၂၈၆၄၁)	**(စဉ်-၃၁၀၇၀)**	**(စဉ်-၃၉၄၄၇)**

အထက်တန်းရှေ့နေများ
အမှတ် ၁၃၆/၁၃၈၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၂၀၂၂၁၁၂၊ ၀၉-၄၃၁၆၇၂၉၆

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၈/၂၆၅၃ Toyota Belta sl 4×2 ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှမြင့် ၁၂/မဂတ(နိုင်)၀၁၇၀၃၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့

ကြော်ငြာ

ဘုရား၊ သိမ်၊ ကျောင်း၊ ပိဋကတ်သုံးပုံနှင့် ရဟန်းအမကြီး

ဒေါ်ကျင်နု (ဒေးဒရဲ)

အသက်(၁၀၀)

(ဦးသာဒွန်းဇံ-ဒေါ်မေ)တို့၏သမီး၊(ဦးဘသာ၊ အင်း၀)၏ဇနီး၊ ရန်ကုန်မြို့နေ (ဦးကျော်သန်း)-ဒေါ်ခင်တင်၊ ဦးကျော်မြင့်-ဒေါ်ညွန့်မေ၊ ဦးစိန်လှ(ပန်းချီဇော်မော်)-ဒေါ်သိန်းမြင့်၊ ဦးသိန်းတန်(မြန်မာပြည်)၊ ဦးကံညွန့်-ဒေါ်ရီရီမြင့်၊ (ဒေါ်တင်တင်ရီ)၊ ဦးဝင်းကြည်-ဒေါ်ထားထားမြင့်၊ ဦးအောင်ဝင်း-ဒေါ်မိမိခိုင်၊ ဦးတင်အောင်သာ၊ ဒေါ်တင်တင်ဝင်း၊ (ဦးကျော်ကျော်သာ-ဒေါ်မော်မော်မြင့်)၊ ဦးစိန်လှိုင်သာ-ဒေါ်စန်းစန်းကြူတို့၏မိခင်ကြီး၊ မြေး ၂၇ယောက်၊ မြစ် ၁၇ယောက်တို့၏ ဘွားဘွားကြီးသည် ၂၈-၉-၂၀၁၃ရက်(စနေနေ့)နံနက် ၃း၄၅နာရီတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ ဗိုလ်မိုးကြိုးလမ်း၊ အမှတ် ၂၅၈ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၁၃ရက်(တနင်္လာနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၄၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးမျိုးသိမ်း (ဟိုတယ်/ခရီး)

အသက်(၆၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ် ၈၃၅နေ (ဦးကျောက်-ဒေါ်ထွေး)တို့၏သား၊ ဒေါ်ခင်လဲ့လဲ့(လ/ပြ၊ ငြိမ်း)၏ခင်ပွန်း၊ ဦးဝင်းရွှေ၊ ဒေါ်တင်သန်း၊ (ဦးတင်စိုး)တို့၏အစ်ကို၊ မောင်ဇော်မင်းသိမ်း၊ မအိအိသိမ်း(DKSH Service Ltd.)၊ မောင်လှိုင်မင်းသိမ်း၊ မောင်ထင်လင်းအောင်(မြို့/အိုး)တို့၏ဖခင်သည် ၂၇-၉-၂၀၁၃ရက်(သောကြာနေ့)ည ၉း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးသောင်းမြင့် (ဗိုလ်သောင်း)

ဓာတ်ခွဲခန်းလက်ထောက်(ငြိမ်း)၊ ရက္ခဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် ၈၀၊ ဗိုလ်ဆွန်ပက်(အောက်)လမ်းနှင့် အမှတ် ၇၃၊ ပထမထပ်၊ ၂၆လမ်းနေ (ဦးဘမြင့်-ဒေါ်အုန်းကျင်)တို့၏သား၊ (ဦးမြသိန်း)-ဒေါ်သန်းသန်း၊(ဦးတင်အေး)-ဒေါ်သန်းသန်းအေး၊ ဦးကျော်သောင်း-ဒေါ်တင်တင်၊ ဦးအောင်မြင့်-ဒေါ်ညွန့်ညွန့်တို့၏ညီ/မောင်၊ ဒေါ်သေးသေး၊ (ဦးအောင်သန်း)-ဒေါ်နီနီ၊ (ဦးသက်ရှည်)၊ဦးသိန်းဇော်၊ ဦးမျိုးလွင်၊ ဦးစိုးလွင်တို့၏အစ်ကို၊ ဒေါ်ချိုမာ၏ခင်ပွန်း၊ မောင်အေးချမ်းအောင်၊ မမြတ္တူမြင့်၊ မဟေမာန်မြင့်တို့၏ဖခင်သည် ၂၈-၉-၂၀၁၃ရက်(စနေနေ့) နံနက် ၂နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၁၃ရက်(တနင်္လာနေ့)နံနက် ၁၁း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်မေခင်ဇော်(ခ)မမေ (မိုးညှင်းယောဂီ)

မိုးညှင်းဝိပဿနာတိုက်သစ်၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်

အသက်(၆၃)နှစ်

ရန်ကုန်မြို့နေ (ဦးခင်ဇော်)-ဒေါ်ခင်လှမြင့်၏သမီးကြီး၊ ရန်ကုန်မြို့၊ရွှေတောင်တန်းလမ်း၊ အမှတ် ၄၀နေ (ဒေါ်ကြင်ရွှေ)၊ (ဒေါ်ကြင်ငွေ)၊ ဒေါ်ကြင်လှတို့၏တူမ၊ (ဦးထွန်းအောင်)၊ (ဒေါ်တင်ရီ)တို့၏ညီမ၊ ဒေါ်ရီရီမြင့်၊ ဦးထွန်းမြင့်-ဒေါ်အေးအေးခိုင်၊ ဦးဂျော်နီခင်ဇော်-ဒေါ်အိအိခင်၊ (ဦးမြင့်သိန်း)-ဒေါ်မာလာသိန်း၊ ဦးစိုးလှိုင်-ဒေါ်တင်တင်လှ(အဆင့်မြင့်ပညာဦးစီးဌာန)၊ ဦးလှမိုး-ဒေါ်သန်းငွေတို့၏အစ်မကြီး၊ ဦးအောင်ခိုင်ဦး-ဒေါ်ယဉ်ယဉ်ကြူ၊ ဦးမျိုးဝင်းထွဋ်-ဒေါ်နီလာအေး၊ ဦးအေးမင်းထွန်းတို့၏မိခင်၊ မခင်လင်းပြည့်သူ၊ မရွှန်းလဲ့မွန်တို့၏အဘွားသည် ၂၇-၉-၂၀၁၃ရက် ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (မိုးညှင်းကျောင်းတိုက်သစ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ကြည်ကြည်သန်း (ယုံယုံး)

Executive Director, J' Donuts

အသက်(၄၇)နှစ်

ရန်ကုန်မြို့နေ (ဦးကြည်ခင်-ဒေါ်ခင်ဝင်း)တို့၏ တစ်ဦးတည်းသောသမီး၊ ဦးအဝမ်း-ဒေါ်ခင်ရီတို့၏သမီးချွေးမ၊ ဦးမောင်မောင်တင်၊ ဦးသန်းအောင်-Amy Chung၊ ဦးအေးဝင်း(M.D-J & J Co.,Ltd.)-ဒေါ်နွယ်နီတင်၊ ဦးသန်းဝင်း-ဒေါ်တင်တင်ရီ၊ ဦးလှမောင်(M.D-Asia Petroleum Co.,Ltd.)တို့၏ညီမ၊ တူ၊ တူမ ငါးယောက်တို့၏အဒေါ်၊ ရန်ကုန်မြို့၊ ရွှေတောင်ကြား ၁လမ်း၊ အမှတ် ၉၀ A/B-2နေ ဦးမျိုးတင့်၏ဇနီး၊ မောင်ဘုန်းဝေ(Grade-VIII,Y.I.S)၊မောင်ဘုန်းပြည့်(Grade-III, Y.I.S)၊ မောင်ဘုန်းသန့်(Grade-I, Y.I.S)တို့၏မိခင်သည် ၂၇-၉-၂၀၁၃ရက်(သောကြာနေ့)ညနေ ဘန်ကောက်စံတော်ချိန် ၄း၄၀နာရီတွင် ဘန်ကောက်မြို့၌ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၃ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးကျော်အောင် အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ၁၅၈လမ်း၊အမှတ် ၁၁နေ ဦးမောင်ရွှေ-(ဒေါ်ရှုလှိုင်)တို့၏သားငယ်၊ ဦးမောင်ပု-(ဒေါ်ခင်သောင်းမြင့်)တို့၏သားသမက်၊ ဒေါ်အေးအေးမြင့်(သ/မဦးစီးဌာန)၊ ဒေါက်တာမြင့်မြင့်ခိုင်(တွဲဖက်ပါမောက္ခ၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်၊ U.R.C)၊ (ဦးလှမြင့်)-ဒေါ်ဝါဝါနိုင်(အမက-၃၀၊ တာမွေ)၊ ဒေါ်နီနီခိုင်တို့၏မောင်/ညီ၊ ဒေါ်ခင်မိုးဆက်၏ခင်ပွန်း၊ မအိသီဂီအောင်(Grade-7, E)၊ မဝင့်သီဂီအောင်(Grade-6, D၊ အထက-၂၊ လသာ)၊ မဝင်းလဲ့ခိုင်တို့၏ဖခင်၊ မောင်ခိုင်ဇော်ဟိန်း(Grade-11, E)၏ဦးလေးသည် ၂၇-၉-၂၀၁၃ရက် ညနေ ၃း၅၅နာရီတွင် ရွှေဗဟိုရ်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးကျော်အောင်

အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ၁၅၈လမ်း၊အမှတ် ၁၁နေ ဦးမောင်ရွှေ-(ဒေါ်ရှုလှိုင်)တို့၏ သားငယ်၊ ဦးကျော်ဇင် - ဒေါ်လုံး၊ ဒေါက်တာလှဝင်း - ဒေါ်သိန်းသိန်း (အင်္ဂလန်)၊(ဦးအောင်ဇင်)-ဒေါ်မြိုင်မြိုင်ဝေ၊ ဦးကျော်ခိုင်-ဒေါ်သန်းသန်းအေး (ခ)ဒေါ်ဟာဝိ၊[ဦးဝင်းမြင့်(ခ)ဦးဝမ်စိန်]-ဒေါ်လှလှအေး၊ (ဦးဝင်းကျော်)-ဒေါ်ခင်သီ(မင်္ဂလာဈေး)၊ (ဦးဝင်းမြင့်)-ဒေါ်မာမာတို့၏တူသည် ၂၇-၉-၂၀၁၃ရက် (သောကြာနေ့) ညနေ ၃း၅၅နာရီတွင် ရွှေဗဟိုရ်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၉-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၄၉နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)

ဦးသန်းတင်

အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အောင်သိဒ္ဓိရိပ်သာ၊ လမ်းသွယ်(၃)၊ အမှတ် ၁၃နေ (ဒေါ်တင်တင်)၏ခင်ပွန်း ရာသက်ပန်အသင်းဝင်များ ဖြစ်ကြသော ဒေါ်မြမြဝင်း၊ ဒေါက်တာသန်းထွန်း၊ ဦးသောင်းထွန်း၊ ဦးရဲမြင့်တို့၏ဖခင်၊ ကန်တော့ခံ ဘိုးသက်ရှည် (ရာ-၁၅၈) သည် ၂၆-၉-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၁၃ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ငွေထား (ကျိုက်မရော)

အသက်(၉၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ၄-၂၁၆၊ ဥဇ္ဇနာ ၇လမ်းနေ (ဦးစောမောင်-ဒေါ်ပန်းအုံ)တို့၏သမီး၊ (ဦးဘိုသောင်-ဒေါ်ရှမ်းမ)တို့၏သမီးချွေးမ၊(ဦးစံသိန်း)၏ဇနီး၊ ဦးမောင်ကို(ဒုအရာခံဗိုလ်၊ငြိမ်း)၊ဒေါ်အေးမြင့်(ဘားအံ)၊ ဒေါ်ခင်သိန်းမြင့်(ဒုညွှန်ကြားရေးမှူး၊ ငြိမ်း၊ အခသည-၁၊ ဘားအံအသင်း)၊ ဒေါ်စန်းတင့်(ကာလာလိုက်၊ယုဇနပလာဇာ၊ကျိုက်မရောအသင်း)၊ ဒေါ်လှဝင်း(ကျိုက်မရော)တို့၏မိခင်၊ မြေး ၁၂ယောက်၊ မြစ် ၁၇ယောက်တို့၏အဘွားသည် ၂၇-၉-၂၀၁၃ ရက် (သောကြာနေ့) ည ၈း၄၈နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃-၁၀-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ဥဇ္ဇနာ ၇လမ်း၊ ၄-၂၁၆ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်း၊ ဇရပ်၊ ဓမ္မာရုံ ဒါယိကာမကြီး

ဒေါ်မြင့်မြင့်ဝင်း (Mabel)

B. Sc.(U.S.A)

M.D. International School of Myanmar

မင်းလှမြို့နယ်အသင်း ဦးဆောင်နာယက

အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပဒုမ္မာလမ်း၊ အမှတ် ၂၉-A နေ (ဦးဘကြူး-ဒေါ်တင်ရွှေ)တို့၏သမီး၊ (ဦးဘသောင်း-ဒေါ်အုန်းသွင်)၊ဒေါ်ခင်ခင်၊(ဒေါ်လှလှ)၊ (ဦးမောင်မောင်စိုး)-ဒေါ်ခင်ခင်သန်း၊ (ဒေါ်သန်းသန်း-ဦးထွန်းမြင့်)၊ (ဦးမောင်မောင်တင်)-ဒေါ်သန်းမြင့်၊ (ဦးမောင်မောင်ညွန့်)-ဒေါ်ရီရီငွေးတို့၏ညီမသည် ၂၅-၉-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၆း၂၅နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ Bumrungrad ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄း၃၀နာရီတွင် Khlong Toei Nai Temple တွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁-၁၀-၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်သိန်းမှတ်

(၅၅၅ သောက်ရေသန့်လုပ်ငန်း)

အသက်(၇၃)နှစ်

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ကျောက်ရေတွင်းကျေးရွာနေ (ဦးလောင်-ဒေါ်အေးငွေ)တို့၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ ၁၉လမ်း၊ အမှတ် ၈၈၁နေ ဦးအောင်သိန်း၏ဇနီး၊ ဦးရွှေလှဝင်း-ဒေါ်သန်းသန်းဦး၊ (ဦးသိန်းထွန်းအောင်)-ဒေါ်အေးအေးသန်း၊ ဒေါ်ခင်ခင်ချို၊ ဦးသန်းထွန်းအောင်၊ မောင်ဝင်းမောင်မောင်တို့၏မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၂၅-၉-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၃ရက်(အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁-၁၀-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ တောင်ဥက္ကလာပမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးဆန်းအောင်

အင်ဂျင်နီယာမှူး (မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ငြိမ်း)

အသက်(၆၇)နှစ်

မင်းဘူးမြို့နေ (ဦးထွန်းမြင့်-ဒေါ်မြကြည်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးစံရှိန်)-ဒေါ်ဖြူတို့၏သားသမက်၊ ဒေါ်လှခင်ရီ၏ခင်ပွန်း၊ ငဖဲမြို့နေ၊ ဦးမောင်မောင်ဦး-ဒေါ်တင်ဆန်း(AD Nursing၊ ငြိမ်း)တို့၏အစ်ကို၊ မမြမြစိုး၊ မနီလာမောင်(ဘဏ္ဍာခွန်၊ နေပြည်တော်)၊ မောင်ခန့်ငြိမ်းပိုင်တို့၏ဦးကြီး၊ ဒေါ်လေးတင်၏တူ၊ မောင်ဇာနည်ဝင်း၊ မောင်မြင့်မင်းဘော်၊ မသီရိရှိန်၊ မောင်နေထွန်းအောင်တို့၏ဖခင်သည် ၂၇-၉-၂၀၁၃ရက် (သောကြာနေ့) ညနေ ၆း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃-၁၀-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၂နာရီအထိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၇)ရပ်ကွက်၊ စိန်ပန်းမြိုင်လမ်းသွယ်(၁)၊ အမှတ် ၆၄/က နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး

ဦးစန်းအောင်

အသက်(၇၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ ထီးတန်းအိမ်ရာ၊ တိုက်အမှတ် ၂၊ အခန်းအမှတ် ၂၀၅-ဘီနေ (ဦးစံလွင်-ဒေါ်သိန်းတင်)တို့၏သား၊ (ဦးမောင်တင်-ဒေါ်ကြိုင်)တို့၏သားသမက်၊ ဒေါ်တင်လှ(ခ)ဒေါ်သေးသေး၏ခင်ပွန်း၊ ဦးကျော်ကျော်နိုင်-ဒေါ်ရီရီအောင်၊ ဦးဝင်းနောင်-ဒေါ်စန္ဒာအောင်၊ မသန္တာအောင်(ဆသရ)၊ မောင်ကိုကိုမင်း၊ မောင်ခိုင်ဝင်း-မသူဇာတို့၏ဖခင်၊မြေးလေးယောက်တို့၏အဘိုးသည် ၂၇-၉-၂၀၁၃ရက်(သောကြာနေ့) ညနေ ၅း၄၅နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၃ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

Peter Suangh Deih Tung (ဇွန်ဒိတ်တုံး)

YCCF (Gualnam)

အသက်(၄၃)နှစ်

တီးတိန်မြို့နယ်၊ ဆိုင်းဇံရွာနေ(တပ်ကြပ်ကြီး ဟင်ကမ်း၊ ငြိမ်း)-ဒေါ်ပုမ်ဇကျိန်တို့၏ဒုတိယသား၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ သဃ်န်းကျွန်းကြီးရပ်ကွက်၊ ဇောတိကလမ်းသွယ်(၅)နေ ကိုထန်ဒိုဇမ်၊ဒေါ်သြောင်ငိုက်ဝုန်-(ဦးခိုင်လျန်းဒို)တို့၏ညီ/မောင်၊ ဦးလျန်လိုထန် - ဒေါ်ကြည်ကြည်ခိုင်တို့၏အစ်ကို၊ မောင်ထန်ဂင်မာန်(အထက-၅၊ မင်္ဂလာဒုံ)၊ မကျိန်ဟုမ်းနွမ်၊ မောင်ကမ်ရှမ်ခုပ် (သုခကာမီ သီလရှင်ပညာရေးကျောင်း)တို့၏ဦးလေး Peter Suangh Deih Tung (ဧရာရွှေဝါကုမ္ပဏီ)သည် ၂၈-၉-၂၀၁၃ရက် နံနက် ၆း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၁၃ရက် ညနေ ၃နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (ဇောနွေလ ဘုရားကျောင်းရှေ့မှ မွန်းလွဲ ၁နာရီ၊ မြေနီကုန်း မာတီမာဘုရားကျောင်းမှ ၁း၄၅နာရီနှင့် နေအိမ်တို့မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

တောင်သာမြို့နယ်အသင်းရန်ကုန်

ဦးကျော်ဒင်

အသက်(၉၈)နှစ်

အသင်း၏နာယက ဦးဝင်းမြင့်(မြင်းခြံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) - ဒေါ်မြင့်မြင့်ကျော်တို့၏ ဖခင် ဦးကျော်ဒင်သည် ၂၈-၉-၂၀၁၃ရက် နံနက် ၅း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၃ရက်(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်။ (အမှတ် ၁၅၀၊ သိမ်ဖြူလမ်းနေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး စွန်းလွန်းယောဂီ

ဒေါ်ကျင်ညွန့်(ခ)ဒေါ်ညွန့်

(မိချောင်းရပ်-မအူပင်)

အသက်(၇၇)နှစ်

အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ ကွင်းကျောင်းလမ်း၊ အမှတ် ၃၃နေ (ဦးဝင်းကြည်)၏ဇနီး၊(ဦးသန်းဖေ-ဒေါ်ကျင်ရွှေ)တို့၏သမီး၊ ဦးစန်းမောင်(ကုန်သည်)-ဒေါ်စုစုကျော်၊ ဦးတင်ကိုလတ်(ဃ ၂/၃၊ ဗဟိုစံပြငါးဈေးကြီး)-ဒေါ်နွဲ့နွဲ့စိန်၊ ဒေါ်သန်းသန်းမြင့်(ခ)သူဇာလှိုင် (မွန်းစတိုး၊ သီရိမင်္ဂလာဈေးသစ်)-ဦးထွန်းထွန်းခိုင်၊ ဒေါ်ခင်သန်းကြည် (အလပြ၊ ငြိမ်း၊ အထက-၅၊ တာမွေ)၊ (ဒေါ်အေးအေးမော်)-ဦးအောင်ဇော်ထွဋ်(ဃ ၂/၃၊ ဗဟိုစံပြငါးဈေးကြီး)တို့၏မိခင်၊ မောင်ရဲသီဟကို၊ မောင်ရန်အောင်ထက်ကို၊ မောင်ဝေယံဟိန်းကို၊ မောင်ကောင်းခန့်၊ မနှင်းဝတ်ရည်ထွဋ်၊ မောင်လူမော်တို့၏ အဘွားသည် ၂၇-၉-၂၀၁၃ရက် (သောကြာနေ့) ည ၇း၁၅နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရဲတပ်ကြပ်တင်အောင်(ငြိမ်း)

အသက်(၇၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူမီးရထားရပ်ကွက်၊ လိုင်း ၄၀၊ အခန်း (G)နေ (ဦးကံလှ - ဒေါ်ရွှေတင်)တို့၏ သား၊ (ဦးထွန်းမြိုင် - ဒေါ်ရှင်)တို့၏ သားသမက်၊ ဒေါ်ညွန့်ရီ၏ခင်ပွန်း၊ ဒုရဲမှူး သိန်းနိုင်-ဒေါ်အေးအေးသိန်း၊ (ကိုမြင့်နိုင်)၊ တပ်ကြပ်ကြီးဇော်ဝင်းနိုင်(တပ်မတော်-ရေ)-ဒေါ်ချော၊ ဦးထိန်လင်းကျော် - ဒေါ်နီနီဝင်း၊ ရဲတပ်ကြပ်ကျော်တင့် - ဒေါ်ရီရီကျော်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၂၈-၉-၂၀၁၃ရက် (စနေနေ့) နံနက် ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၁၃ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒုအရာခံဗိုလ်ကျော်မိုး

အသက်(၅၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ ဝါးဘလောက်သောက်ရွာနေ ဦးသိန်းဖေ - (ဒေါ်ခင်ကြိုင်)တို့၏သား၊ မင်္ဂလာဒုံမြို့နယ်၊ အမှတ် ၄၈၊ ၃ခ/၇လမ်းနေ မသန်းသန်းဆွေ၏ခင်ပွန်း၊ မဝင့်ဝါမိုး၊ မောင်ရှင်းသန့်မိုး၊မဖြူစင်မိုးတို့၏ဖခင်၊ ဦးညွန့်ရွှေ-မစန်းစန်းအေး၊ ဦးလှခိုင်-မဝင်းမေတို့၏မောင်၊ကိုကျော်မင်းစိုး-မသင်းသင်းစိုး၊ ကိုတင်ယု-မထားထားမြင့်၊ ကိုနိုင်လင်းအောင်-မသန္တာမြင့်၊ ဦးထွန်းထွန်းဦး-မခင်ဖြူဖြူဝင်းတို့၏အစ်ကိုသည် ၂၈-၉-၂၀၁၃ရက် (စနေနေ့) နံနက် ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၁၃ ရက် မွန်းလွဲ ၁နာရီတွင် မင်္ဂလာဒုံ ငြိမ်းအေးဇရပ်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာမကြီး

မြင်းခြံမြို့ ပုညသဟာယဆွမ်းလောင်းအသင်း နာယက

ဦးကျော်ဒင်

အသက်(၉၈)နှစ်

မြင်းခြံမြို့၊ အမှတ်(၁၀)ရပ်ကွက်၊ အောင်မင်္ဂလာလမ်းနေ (ဦးအောင်မြတ်-ဒေါ်ငွေသဲ့)တို့၏သား၊ (ဦးချစ်စု-ဒေါ်ငွေပွင့်)တို့၏သားသမက်၊ (ဒေါ်ခင်ထွေး)၏ခင်ပွန်း၊ ရန်ကုန်မြို့၊ အမှတ် ၁၅၀၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်နေ ဦးမောင်မောင်-ဒေါ်တင်နွဲ့(မြင်းခြံဆီဆိုင်)၊ V-44 မြကန်သာအိမ်ရာ၊ လှိုင်မြို့နယ်နေ ဦးဝင်းမြင့်(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊မြင်းခြံမဲဆန္ဒနယ်)၊ ဒေါ်မြင့်မြင့်ကျော်တို့၏ဖခင်၊ ဗိုလ်မှူးကျော်ဇင်မောင်(ငြိမ်း)-ဒေါ်ခင်ချိုဝင်း၊ ဒေါက်တာစိုးစိုးဇင် (ဘန်ကောက်ဆေးရုံကြီး)၊ ဒေါက်တာဉာဏ်မျိုးဝင်းမြင့် (ကလေးအထူးကု၊ ရန်ကင်းကလေးဆေးရုံ)-ဒေါက်တာအိအိအောင်(ဆေးတက္ကသိုလ်-၂)၊ ဒေါက်တာကျော်ဆန်းအောင်(KCA Deutag)-ဒေါက်တာနေခြည်ညီညီ(Novartis)၊ ဦးကျော်မျိုးဝင်းမြင့်(ဧယျာဝင်းဆီစက်နှင့်ပွဲရုံ၊ မြင်းခြံ)-ဒေါ်အိအိငြိမ်းဇော်၊ ဦးမင်းမင်းဝင်းမြင့်တို့၏အဘိုး၊ မြစ်ခုနစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၈-၉-၂၀၁၃ရက် (စနေနေ့) နံနက် ၅း၄၅နာရီတွင် ရန်ကုန်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အမှတ် ၁၅၀၊ သိမ်ဖြူလမ်းနေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၅-၁၀-၂၀၁၃ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးသန်းတင် (ပေါင်းတည်)

ဒုညွှန်ကြားရေးမှူး(ငြိမ်း)၊ ပြည်တွင်းခွန်

အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အောင်သိဒ္ဓိရိပ်သာ၊ လမ်းသွယ်(၃)၊ အမှတ် ၁၃နေ (ဦးကောင်း-ဒေါ်ဟုန်)တို့၏သား၊ (ဒေါ်တင်တင်)၏ခင်ပွန်း၊ ဦးရန်အောင်၏အစ်ကို၊ ဒေါ်မြမြသန်း-ဦးမြတ်ထွဏ်း(U.S.A)၊ ဒေါ်မြမြဝင်း(အထက-၃၊ မရမ်းကုန်း၊ ငြိမ်း)၊ ဒေါက်တာဦးသန်းထွန်း-ဒေါ်လှလှမြင့်၊ ဦးသောင်းထွန်း-ဒေါ်ခင်စန်းယဉ်(U.S.A)၊ ဦးကိုကို-ဒေါ်ချိုချိုသိန်း(U.S.A)၊ ဒေါက်တာဒေါ်ခင်လဲ့လဲ့-ဒေါက်တာဦးဝင်းမောင်မောင်၊ ဦးရဲမြင့်-ဒေါက်တာဒေါ်တင်တင်အေးတို့၏ဖခင်၊ မြေး ၁၅ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘိုးသည် ၂၆-၉-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၀၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၁၃ရက်(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးထွန်းအောင်(ခ)

Peter L.URE

အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းလမ်း၊ အမှတ် ၆၇၊ အခန်း ၅၊ ၆နေ (ဗိုလ်မှူးမောင်မောင်) - ဒေါ်သန်းစိန်တို့၏သား၊ ဦးဝင်းမြင့်-ဒေါ်ငြိမ်းငြိမ်းဝင်းတို့၏သားသမက်၊ ဒေါ်မျိုးမျိုး၏ခင်ပွန်း၊ ဦးခင်မောင်သန်း(ခ)Arthur URE၊ ဒေါ်အေးအေးခိုင်(ခ)Maggie URE၊ ဦးကျော်စိုး(ခ)Albert URE၊ ဦးငွေးအောင်(ခ) James URE တို့၏ညီ/မောင်၊ ဦးဝင်းမောင်(ခ)Len URE၊ ဒေါ်ဝေဝေမာ(ခ) Anna Maria URE၊ ဦးသက်နိုင်ထွန်း(ခ)Lionel Robert URE တို့၏အစ်ကို၊ မမေရီထွန်းအောင်၏ဖခင်၊ တူ၊ တူမ ၁၇ ယောက်တို့၏ဦးလေးသည်၂၈-၉-၂၀၁၃ ရက်(စနေနေ့)နံနက်၈း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၀-၉-၂၀၁၃ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် မြေနီကုန်း၊ အမှတ် ၂၂၉၊ ပြည်လမ်း၊ ဖာတီမာကာသိုလိပ် ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၄၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ကြည်ကြည်သန်း(ယုံယုံး)

Executive Director, J' Donuts

အသက်(၄၇)နှစ်

ရန်ကုန်မြို့နေ (ဦးကြည်ခင်-ဒေါ်ခင်ဝင်း)တို့၏ တစ်ဦးတည်းသောသမီး၊ ဦးအဝမ်း - ဒေါ်ခင်ရီတို့၏သမီးချွေးမ၊ ဦးကျော်မျိုးထွန်း-ဒေါ်နွဲ့နွဲ့ရီ၊ ဦးမျိုးခင်-ဒေါက်တာနိုင်နိုင်မြင့်၊ ဦးလှဝင်း-ဒေါ်ဝင်းဝင်းရီ၊ဒေါက်တာမြင့်ငွေး၊Professor ဒေါ်မြမြရီ၊ ဦးသူရရှိန်-ဒေါ်မြင့်မြင့်ရီတို့၏ညီမ/အစ်မ၊ တူ၊ တူမ ၁၀ယောက်တို့၏အဒေါ်၊ ရန်ကုန်မြို့၊ရွှေတောင်ကြား ၁လမ်း၊ အမှတ် ၉၀ A/B-2နေ ဦးမျိုးတင့်၏ဇနီး၊ မောင်ဘုန်းဝေ (Grade-VIII,Y.I.S)၊ မောင်ဘုန်းပြည့်(Grade-III, Y.I.S)၊မောင်ဘုန်းသန့်(Grade - I, Y.I.S)တို့၏မိခင်သည် ၂၇-၉-၂၀၁၃ရက်(သောကြာနေ့) ညနေ ဘန်ကောက်စံတော်ချိန် ၄း၄၀နာရီတွင် ဘန်ကောက်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၃ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်းအမ

ဒေါ်သန်းရွှေ

အသက်(၇၇)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ ဒါနချောင်းကျေးရွာနေ (ဦးကြာဝါး-ဒေါ်ကျင်မြ)တို့၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်နေ (ဦးထွေးရား-ဒေါ်ကျင်မေ)တို့၏ ချွေးမ၊ [ဦးလင်ဘွန်ဟွာ(ခ)ဦးတင်ရွှေ]၏ ဇနီး၊ မအူပင်မြို့နယ်၊မလက်တိုကျေးရွာအုပ်စု၊ တမလိုကျေးရွာနေ ဒေါ်ရှုဟုန်၊ ဒေါ်ရှုလွမ် [ဦးစီးအရာရှိ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန(နေပြည်တော်)]၊ ဒေါ်တင်တင်အေး(ဦးစီးအရာရှိ၊ မြို့နယ်စီမံကိန်းမှူး၊ ဒေါပုံမြို့နယ်)-ဦးကျော်ဝင်း၊ ဒေါ်အေးအေးသန်း၊ ဦးဝင်းနိုင်၊ ဦးမင်းအောင်၊ ဦးအေးနိုင်တို့၏မိခင်၊ မောင်ပိုင်ထက်ကျော်၊ မောင်ကောင်းဆက်ဝန်းတို့၏ အဘွားသည် ၂၇-၉-၂၀၁၃ရက် နံနက် ၁၀နာရီတွင် ဗဟိုရ်စည်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

ဒေါ်ငွေကျော့ (စစ်တွေ)

လက်ထောက်ညွှန်ကြားရေးမှူး (သူနာပြု) မွန်ပြည်နယ်

အသက်(၅၆)နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကျောင်းတက်လမ်းရပ်ကွက်၊ မင်းဘာကြီးလမ်းနေ (ဦးမောင်ထွန်းမြ-ဒေါ်တင်တင်)တို့၏သမီးကြီး၊ အရှင်ဦးရက္ခိတမဓမ္မ(ခေတ္တ-အိန္ဒိယ)၏အစ်မတော်၊ ဦးလှစောအောင်(စက်မှုလယ်ယာ)-ဒေါ်ရွှေမိုး(အထက-၅၊ စစ်တွေ)၊ ဦးဝင်းမောင်(သစ်တော)-ဒေါ်နီနီ (အမက-၅၊ အိုးတန်း)၊(ဒေါ်သိန်းသိန်း)၊ ဒေါ်မြသိန်းနု(ခ)ပေါက်စ (အလက-၃၊ မိဇံ)တို့၏ အစ်မကြီး၊ မငြိမ်းထက်ဝေ(ခ)ပိုပို၊မောင်ကျော်ကျော်စိုး၊ မောင်ဉာဏ်ဝင်းထွန်း၊ မမြတ်မြတ်သွယ်တို့၏ အကြီးရှင်သည် ၂၇-၉-၂၀၁၃ရက်(သောကြာနေ့)ညနေ ၃နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ [အောင်ဆန်း အားကစားပြိုင်ဝင်း A4 အား/ကာဝန်ထမ်းအိမ်ရာ (အောင်ဆန်းကွင်းအရှေ့ပေါက်) နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းနှင့် မလေးရှားနိုင်ငံ House of Representatives ဥက္ကဋ္ဌတို့တွေ့ဆုံ
နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် လွှတ်တော်ရေးရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် မလေးရှားနိုင်ငံ House of Representatives ဥက္ကဋ္ဌ H.E.Tan Sri Datuk Seri Panglima Pardikar Amin-Mulian တို့ တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၂၈

မလေးရှားနိုင်ငံ House of Representatives ဥက္ကဋ္ဌ H.E.Tan Sri Datuk Seri Panglima Pardikar Amin-Mulian ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက ထိုင်းနိုင်ငံမှတစ်ဆင့် လေကြောင်းခရီးဖြင့် မလေးရှားနိုင်ငံ Kuala Lumpur International Airport(KHA)သို့ ရောက်ရှိလာရာ ပြည်ထောင်စုလွှတ်တော်နာယကနှင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား မလေးရှားနိုင်ငံ House of Represen-tatives ဒုတိယဥက္ကဋ္ဌ Hon.Datuk Ronald Klandee နှင့် လွှတ်တော်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်လတ်တို့က မလေးရှားနိုင်ငံ Kuala Lumpur လေဆိပ်မှ ကြိုဆိုခဲ့ကြသည်။

ပြည်ထောင်စုလွှတ်တော်နာယကသည် မလေးရှားနိုင်ငံ House of Representatives ဥက္ကဋ္ဌ H.E.Tan Sri Datuk Seri Panglima Pardikar Amin-Mulian နှင့် မွန်းတည့် ၁၂ နာရီတွင် မလေးရှားနိုင်ငံလွှတ်တော် အဆောက်အအုံညှိခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။ ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် လွှတ်တော်ရေးရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့အား မလေးရှားနိုင်ငံ House of Representatives ဥက္ကဋ္ဌက နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ထို့နောက်ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့သည် မလေးရှားနိုင်ငံအစိုးရ ဝန်ကြီးချုပ်ကိုယ်စား ဒုတိယဝန်ကြီးချုပ် Rt. Hon.Tan Sri Dato's Haji Muhyiddin bin Mohd.Yassin နှင့် တွေ့ဆုံခဲ့သည်။

ပြည်ထောင်စုလွှတ်တော်နာယကသည် စက်တင်ဘာ ၂၇ ရက် နံနက် ၉ နာရီတွင် မလေးရှားနိုင်ငံ ရွှေးကောက်ပွဲကော်မရှင်ရုံး၌ မလေးရှားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ H.E.Mr.Tan Sri Abdul Aziz bin Mohd Yusof နှင့် တွေ့ဆုံခဲ့သည်။ ယင်းနောက် မလေးရှားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မလေးရှားနိုင်ငံ ရွေးကောက်ပွဲစနစ်နှင့် ဆောင်ရွက်မှုများအား ရှင်းလင်းပြသခဲ့ကြသည်။

စာမျက်နှာ ၃ ကော်လံ ၄ ❄

စနစ်တစ်ခုမှတစ်ခုသို့ ကူးပြောင်းရာတွင် ပြည်သူများ၏ဆန္ဒနှင့်အသံများသည် အရေးကြီး
ပြည်သူ့ဆန္ဒနှင့်အသံကိုနားထောင်၍ လွှတ်တော်အတွင်းမှအကောင်အထည်ဖော်ဆောင်ရွက်ပေးရ

စာမျက်နှာ ၈

ရေပြင်မြေပြင်လေ အခြေအနေ

၂၉-၉-၂၀၁၃

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

ဆီးဂိမ်းအကြို ဘိလိယက်နှင့် စနူကာပြိုင်ပွဲ
အိမ်ရှင်မြန်မာ ရွှေ နှစ်၊ ငွေ ငါး၊ ကြေး ငါးခု ဆွတ်ခူးထား

သတင်း-ရန်နိုင်စိုး
ဓာတ်ပုံ-ကိုကိုစိုးညွန့်

Pool 9 Ball ပြိုင်ပွဲတွင် ရွှေဆွတ်ခူးခဲ့သည့် ဘုန်းမြင့်ကျော်။

နေပြည်တော် စက်တင်ဘာ ၂၈

၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို ဘိလိယက်နှင့်စနူကာပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားရုံ နေပြည်တော်၌ ဆက်လက်ကျင်းပလျက်ရှိရာ အိမ်ရှင်မြန်မာအသင်းက ရွှေနှစ်ခု၊ ငွေ ငါးခု၊ ကြေး ငါးခုကို ဆွတ်ခူးရရှိထားသည်။

ရွှေနှစ်ခုကို စနူကာအမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် ဝင်းခိုင်နှင့် ဝင်းကိုကို အတွဲကလည်းကောင်း၊ Pool 9 Ball အမျိုးသားပြိုင်ပွဲတွင် ဘုန်းမြင့်ကျော်တို့က ဆွတ်ခူးခဲ့ပြီး ငွေငါးခုကို စနူကာအမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် ဝင်းခိုင်ကလည်းကောင်း၊ Carom 1-Cushion ပြိုင်ပွဲတွင် ချစ်ကိုကိုကလည်းကောင်း၊ Pool 9 Ball အမျိုးသားပြိုင်ပွဲတွင် ဇော်ဝင်းချိုကလည်းကောင်း၊ စနူကာအမျိုးသားတစ်ဦးချင်း (15 Reds) ပြိုင်ပွဲတွင် ဝင်းကိုကိုကလည်းကောင်း၊ ဘိလိယက်အသင်းလိုက်ပြိုင်ပွဲတွင် မြန်မာအသင်းက လည်းကောင်း ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ယနေ့ပြိုင်ပွဲများ ပြီးသည်အထိ ထိုင်းအသင်းက ရွှေသုံးခု၊ ငွေတစ်ခု၊ ကြေးတစ်ခုဖြင့် ဦးဆောင်လျက်ရှိပြီး ပြိုင်ပွဲများကို စက်တင်ဘာ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယနေ့

// မာ တိ ကာ //

အငြင်းပွားကျွန်းများ ပတ်လည်တွင် ဂျပန်က ထောက်လှမ်းရေး ပိုမိုတိုးချဲ့မည်
စာမျက်နှာ-၄

ကမ္ဘာ့စျေးအကြီးဆုံး တိုက်စစ်အတွဲရဲ့ အနေအထား
စာမျက်နှာ-၁၄

လမ်းလျှောက်ခြင်း၏ ရလဒ်ကောင်း
စာမျက်နှာ-၁၅